# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၅)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# COVID –19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID – 19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်တွင်းကုန်သွယ်မှု Supply Chain တွင် ပါဝင်ဆောင်ရွက်နေသော City Mart Managing Director ဒေါ်ဝင်းဝင်းတင့်နှင့် သဘာဝမန်ကျည်းနှင့် ဆီးဖျော်ရည်၊ ပဲကြော်နှင့် ပုံးရည်ကြီး ထုတ်လုပ်ဖြန့်ဖြူးနေသည့် SME လုပ်ငန်းရှင် ဒေါ်သက်စုငွေးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၂၃

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID – 19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်တွင်းကုန်သွယ်မှု Supply Chain တွင် ပါဝင်ဆောင်ရွက်နေသော City Mart Managing Director ဒေါ်ဝင်းဝင်းတင့်နှင့် သဘာဝမန်ကျည်းနှင့် ဆီးဖျော်ရည်၊ ပဲကြော်နှင့် ပုံးရည်ကြီး ထုတ်လုပ်ဖြန့်ဖြူးနေသည့် SME လုပ်ငန်းရှင် ဒေါ်သက်စုငွေးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**“ပြည်ပသို့ မပို့ဆောင်နိုင်သည့် အခြေအနေများတွင် ပြည်တွင်း၌ သုံးစွဲနိုင်ရေးသည် အရေးကြီး၊ ပြည်တွင်းဆက်သွယ်ရေးသည် ပို၍အရေးကြီး၊ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အထူးဂရုစိုက်ရန် ညွှန်ကြားချက်ထုတ်ခဲ့”**

## ဂျာမနီနိုင်ငံတွင် ပိတ်ဆို့မှုဖြေလျှော့ပြီးသည့်နောက် ပထမဆုံးအကြိမ်အဖြစ် ဒေသတွင်း ပိတ်ဆို့ကန့်သတ်မှုပြုလုပ်

(နိုင်ငံတကာသတင်း) (စာ-၁၂)




# ဖွဲ့သတ္တိဖြင့် ရင်ဆိုင်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကန့်သတ်မှုများ၊ အလုပ်အကိုင် အခွင့်အလမ်း အခက်အခဲများ စသည်တို့ကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအရေးနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးတို့ ယမန်နေ့က ရန်ကုန်မြို့တွင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မလေးရှားနိုင်ငံသို့ ရောက်ရှိနေကြပြီး အခက်အခဲကြုံတွေ့နေကြရသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို မြန်မာအစိုးရက မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် မလေးရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် နည်းလမ်းရှာဖွေရေး၊ ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မလေးရှားအစိုးရက ဒဏ်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးစေရေး၊ မလေးရှားဘက်မှ ခွင့်ပြုပါက မြန်မာအစိုးရက မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များ စေလွှတ်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူသွားရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် မေတ္တာရပ်ခံခြင်းပင်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လာပြီးနောက် မလေးရှားနိုင်ငံတွင် သွားလာမှုများကို ကန့်သတ်တားဆီးရေးအတွက် အမိန့်ထုတ်ပြန်ထားသည့်အချိန်အတွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများကို ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရမှု ရှိ မရှိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တရားမဝင် နည်းလမ်းဖြင့် ရောက်ရှိနေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ ကြီးစွာသော အခက်အခဲကြုံတွေ့ကြရသည်။ မလေးရှားအစိုးရက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ရေးအတွက် လူအဝင်အထွက်များကိုပိတ်ဆို့၍ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်သည့်အခါ အထောက်အထားမဲ့ တရားမဝင် မြန်မာအလုပ်သမားတို့ ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့မှုကြောင့် တိမ်းရှောင်ပုန်းကွယ်နေကြရခြင်း၊ အလုပ်ရှင်များကလည်း အလုပ်ဆင်းခွင့် မပြုတော့ခြင်း စသည့် အဖြစ်များနှင့် ကြုံတွေ့ကြရသည်။ ထို့အပြင် အချို့ အလုပ်များက လူလျှော့ခြင်း၊ ပိတ်သိမ်းခြင်း စသည်တို့ ပြုလုပ်လာကြသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရှားပါးလာသည်။

တိုင်းတစ်ပါး သူ့ရေ သူ့မြေတွင် ကပ်ရောဂါ ကျရောက်လာသည့် အချိန် အထောက်အထားမဲ့ တရားမဝင်ရောက်ရှိ နေထိုင်နေသူများအဖို့ နေ့စဉ်နှင့်အမျှ အသက်ရှင်ရပ်တည်ရန် အခက်အခဲမှာ ကြီးမားလှမည်ဖြစ်သည်။ မိမိတို့ရင်ဆိုင်နေရသည့် အခက်အခဲ၊ အကျပ်အတည်းများကြောင့် စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှု၊ လက်ရှိအခြေအနေပေါ်တွင်လည်း ထွက်ပေါက်မဲ့နေသည့် အခြေအနေအဖြစ် ယူဆကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်မှုများပင် ပေါ်ပေါက်လာခဲ့ရာ မလေးရှားရောက် တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်ခေါ်ယူရမည့် အရေးကိစ္စသည် မြန်မြန်ဆန်ဆန်ဆောင်ရွက်ရမည့် အရေးကိစ္စတစ်ခုဖြစ်လာသည်။ တရားဝင်သွားရောက်သည်ဖြစ်စေ၊ တရားမဝင်သွားရောက်သည်ဖြစ်စေ မိမိနိုင်ငံသားများသာဖြစ်သည့်အတွက် မြန်မာနိုင်ငံအစိုးရက ပြန်လည်ခေါ်ယူသွားမည်ဖြစ်စေကာမူ သူ့ရေ၊ သူ့မြေပေါ်တွင် သူ့ဥပဒေနှင့်အညီဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။

မလေးရှားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့်မူ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်ခြင်း၊ အခက်အခဲ အကျပ်အတည်းများကို ပူးပေါင်းဖြေရှင်းခြင်း၊ မှန်ကန်သည့် သတင်း အချက်အလက်များကို မပြတ်နားစွင့်ကာ တစ်ဦးနှင့်တစ်ဦး ပြန်လည် ဖြန့်ဝေခြင်း၊ အပြန်အလှန်ရိုင်းပင်းကူညီခြင်းတို့ဖြင့် လက်ရှိကာလကို ရင်ဆိုင်ဖြတ်ကျော်နိုင်ကြရန် လိုအပ်သည်။ အထူးသဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ စိတ်ဓာတ်ကြံ့ခိုင်မှု လိုအပ်သလို မိမိတို့ လက်ရှိကြုံတွေ့နေကြရသည့်အခက်အခဲများသည် ဖွဲ့သတ္တိတို့ဖြင့် ရင်ဆိုင်ကျော်လွှားရမည့် အရာများဟု ခံယူ၍ အနိုင်မခံ အရှုံးမပေးဘဲ အကျပ်အတည်းတို့မှ လွန်မြောက်နိုင်ကြပါစေကြောင်း။ ။



## (၂၃) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် စည်းဝေး




**နေပြည်တော် ဇွန် ၂၃**

(၂၃) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိ ဒေါက်တာဒေါ်ခင်ကြည်ပြာ၊ ပါမောက္ခချုပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဗီယက်နမ်နိုင်ငံ၏ "Cohesive and Responsive- ပေါင်းစည်းညီညွတ်မှုနှင့် တုံ့ပြန်နိုင်မှု" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးကဏ္ဍများ၊ ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များ၊ (၃၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြုရန်နှင့် မှတ်တမ်းတင်နိုင်ရန် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီမှ တင်သွင်းမည့် မှတ်တမ်း (Document) ၂ ခုဖြစ်သည့် "ASEAN Declaration on Human Resources Development for the Changing World of Work" နှင့် "Terms of Reference of the ASEAN TVET Council"၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်၏ အခြေပြမြေပုံ ၂၀၂၅ (ASCC Blueprint 2025) နှစ်လယ်အစီရင်ခံစာ ရေးသားပြုစုရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားအဆင့် နှစ်လယ်အစီရင်ခံစာ ရေးသားပြုစုရေးအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်ရှိ ဆက်စပ်ဝန်ကြီးဌာနများက လတ်တလောဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၊ နောင်လာမည့် ၅ နှစ်တွင် ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များ၊ ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသည့် ကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ အပေါ် အာဆီယံဒေသတွင်း တုံ့ပြန်ဆောင်ရွက်နေမှုများ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်၏ ဆက်စပ်ကဏ္ဍများနှင့် ဆက်စပ်မဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ တီမောလက်စ်တေ နိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ အာဆီယံမှ မေးမြန်းထားသည့် မေးခွန်းလွှာများအပေါ် သက်ဆိုင်ရာနိုင်ငံ၏ ပြန်လည်ဖြေကြားချက်များ၊ တီမောလက်စ်တေနိုင်ငံသို့ အချက်အလက်များ စုဆောင်းရှာဖွေရေးအဖွဲ့ (Facts Finding Mission) စေလွှတ်ရန် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ထိုင်းနိုင်ငံ၏ ဦးဆောင်မှုအောက်တွင် ASCC Blueprint 2025 နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ SDGs အကြား ဆက်စပ်မှုရှိသည့် ကဏ္ဍများအား ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်သို့ တွဲဖက်အရာရှိများ စေလွှတ်ခန့်ထားနိုင်ရေးကိစ္စတွင် မြန်မာနိုင်ငံမှ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အတွက် တွဲဖက်အရာရှိ ၁ ဦးအား စေလွှတ်ပြီးဖြစ်ပါကြောင်းနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း တွဲဖက်အရာရှိ စေလွှတ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးမတိုင်မီ ကြိုတင်ညှိနှိုင်း အစည်းအဝေးဖြစ်သည့် (၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (28th SOCA Meeting) ကို ဇွန် ၂၂ ရက် နံနက် ၇ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိ ဒေါက်တာဒေါ်ခင်ကြည်ပြာ၊ ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) နှင့် ကိုယ်စားလှယ်များက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၃**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကျင်ကျေးရွာအနီး စကျင်တောင်မှ ထွက်ရှိသည့် စကျင်ကျောက်တော်ကြီးအား ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် နေပြည်တော်ကောင်စီ နယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်မည့် အစီအမံနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် Great Patriotic War(1941-1945) အောင်နိုင်မှု (၇၅) နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် သွားရောက်သည့် အခြေအနေများနှင့် အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အခက်အခဲဖြစ်ပေါ်နေသည့် ရုရှားနိုင်ငံသားများအား တစ်ပါတည်း ခေါ်ဆောင်သွားမှု၊ နီပေါနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် ရောက်ရှိနေသည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား သီတဂူဆရာတော်ကြီးနှင့် တပ်မတော်တို့မှ ပူးပေါင်း၍ ပြန်လည်ခေါ်ဆောင်ပေးခဲ့မှုအခြေအနေ၊ မြေယာကိစ္စများနှင့် ပတ်သက်၍ တပ်မတော်မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေးဗဟိုကော်မတီမှ ထုတ်ပြန်ချမှတ်သည့် မူဝါဒများနှင့်အညီ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်နေမှု အခြေအနေ၊ ပလက်ဝဒေသရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ချင်းပြည်နယ်အစိုးရနှင့် အလှူရှင်များက လှူဒါန်းသည့် စားနပ်ရိက္ခာများ၊ COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းမှု အခြေအနေ၊ ပလက်ဝဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မတူပီ-ဆမီး-ပလက်ဝ ကားလမ်း ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများက လုံခြုံရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်၊ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**



# ပြည်သူသာလျှင် အဓိက

❖ *ရွှေဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က စီးပွားရေးနှင့် ပတ်သက်လာလျှင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနသည် အဓိကဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံတွင် နိုင်ငံခြားသို့ ကုန်ပစ္စည်းများ တင်ပို့သည့်ကိစ္စရပ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကကိုင်တွယ်ပါကြောင်း၊ မိမိတို့ ပြည်သူများသည် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ပို့ဆောင်၍ ဝမ်းစာရှာသည့်အခြေအနေတွင် ရှိနေပါကြောင်း၊ အဆိုပါကိစ္စရပ်ကို မိမိတို့ များစွာအလေးထားပါကြောင်း၊ အဆိုပါကိစ္စရပ်ကို အလေးထားခြင်းသည် ကိုဗစ်ရောဂါဖြစ်ပွားမှသာ မဟုတ်ပါကြောင်း၊ ကိုဗစ်ရောဂါ မဖြစ်မီကပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အမြဲပြောပါကြောင်း၊ မိမိတို့သည် ဈေးကွက်တစ်ခု နှစ်ခုတည်းကို အားကိုး၍မဖြစ်ပါကြောင်း၊ မိမိတို့ ပို့ကုန်များကို ဈေးကွက်များများသို့ ဖြန့်၍ပို့နိုင်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံအတွက် လုံခြုံမှုရှိမည်၊ ရွေးချယ်စရာလည်း ရှိလာမည်ဖြစ်ပါကြောင်း၊ မိမိတို့ လယ်ယာထွက်ကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်သကဲ့သို့ အမျိုးစုံ ပို၍ရောင်းလာနိုင်မည်ဖြစ်ပါကြောင်း၊ တစ်နေရာ၊ နှစ်နေရာတည်းမှ တစ်မျိုး၊ နှစ်မျိုးတည်းသာ လိုချင်သည်ဆိုပါက နိုင်ငံတွင် စိုက်ပျိုးသည့် ကုန်အမျိုးအစားများ နည်းသွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သည့် ၃ နှစ်၊ ၄ နှစ်က ဈေးကွက်များပိုမိုရရှိရန် ကြိုးစားခဲ့သည့် အကျိုးဆက်၏ ကောင်းကျိုးများကို မိမိတို့ခံစားရပါကြောင်း၊ တရုတ်နိုင်ငံက ကိုဗစ်နှင့်ပတ်သက်၍ နယ်စပ်များကို ပိတ်လိုက်သည့်အခါ တရုတ်နိုင်ငံသို့ ရောင်းသည့်ကုန်များ ကျဆင်းသွားပါကြောင်း၊ သို့သော် ထိုင်းနိုင်ငံသို့ ဆန်၊ ပြောင်း စသည့်ကုန်များရောင်းချခြင်းများပြားလာပါကြောင်း၊ ကုန်သွယ်မှုကို ထိုင်းနိုင်ငံဘက်မှ ဆက်သွား၍ ရသည့်အတွက် အနည်းငယ်သက်သာပါကြောင်း၊ အဆိုပါကိစ္စရပ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေဖြင့် ဆက်လက်ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

### ကိုဗစ်အလွန် စီးပွားရေးနာလန်ထူမှု အစီအစဉ်

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကိုဗစ် – ၁၉ ၏ ကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ အပိုင်း ၃ ပိုင်းခွဲ ဆွေးနွေးလိုပါကြောင်း၊ ပထမအချက်မှာ ကိုဗစ်ကြောင့် ကုန်သွယ်မှုကဏ္ဍထိခိုက်မှု၊ ဒုတိယအချက်မှာ စီးပွားရေးကယ်တင်မှုအစီအစဉ်တွင် ပါဝင်မှုနှင့် နောက်ဆုံးအချက်မှာ ကိုဗစ်အလွန် စီးပွားရေးနာလန်ထူမှု အစီအစဉ်တွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ ဖြစ်ပါကြောင်း။

### ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုကို ဆောင်ရွက်ခဲ့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်စေပြီး ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုသည် စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး GDP ၏ ငါးပုံတစ်ပုံခန့် ပါဝင်နေသည့်အတွက် ကူးသန်းရောင်းဝယ်မှုသည် မြန်မာနိုင်ငံအတွက် အရေးပါပါကြောင်း၊ ကူးသန်းရောင်းဝယ်မှုဆိုသည်မှာ ရောင်းခြင်းနှင့် ဝယ်ခြင်းသာမက လယ်ကွက်အတွင်း ထုတ်လုပ်သူများမှစတင်၍ ပြည်သူများ၏ ထမင်းစားပွဲပေါ်ရောက်သည်အထိ ထုတ်လုပ်၊ ပံ့ပိုး၊ ပို့ဆောင်၊ စားသုံး၊ သုံးစွဲမှု စသည့် ကွင်းဆက် Supply Chain တစ်ခုလုံးကို လွှမ်းခြုံပါကြောင်း၊ ကိုဗစ်–၁၉ သည် မြန်မာနိုင်ငံ၏ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုနှစ်ခုစလုံးကို ထိခိုက်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် ကန့်သတ်မှုများနှင့် ညမထွက်ရအမိန့်များသည် တစ်နိုင်ငံလုံး ထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်မှု၊ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်၊ စားသောက်ဆိုင် စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ကြီးမားစွာ ထိခိုက်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ မြန်မာနိုင်ငံသို့ ရောက်ရှိကြောင်း ကြေညာခဲ့သည့် ၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက် ညလယ်ပိုင်းမှစတင်၍ အထိတ်တလန့်ဖြစ်ကာ ယခုဆွေးနွေးပွဲတွင် ပါဝင်သည့် ဒေါ်ဝင်းဝင်းတင့်၏ City Marts အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ Super Market များတွင် အစားအစာနှင့် ဆေးဝါးဝယ်ယူမှုများ ပိုမိုများပြားလာခဲ့ပါကြောင်း၊ ပထမပိုင်းတွင် အစားအစာ၊ ဆေးဝါးနှင့် Mask မျက်နှာဖုံး ဈေးနှုန်းများ ရုတ်တရက်မြင့်တက်မှုနှင့် ရှားပါးမှု ပေါ်ပေါက်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်စည်ပြတ်လပ်မှု မရှိစေရန် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ အရေးကြီးကုန်စည်ဥပဒေအရ ဆေးဝါးနှင့် အစားအစာများ အမြတ်ရရှိရန်အလို့ငှာ ဈေးနှုန်းအဆမတန်တင်၍ ရောင်းချခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကစားခြင်းတို့ကို တားဆီးခဲ့ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ကထိန်တော်အသင်းများ၊ We Love Yangon စသည့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံကုန်စည်များကို သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချခြင်းနှင့် အခမဲ့ဖြန့်ဝေခြင်းများကိုပါ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**မိမိတို့ ပို့ကုန်များကို ဈေးကွက်များများသို့ ဖြန့်၍ပို့နိုင်ရမည်၊ သို့မှသာ နိုင်ငံအတွက် လုံခြုံမှုရှိမည်၊ ရွေးချယ်စရာလည်း ရှိလာမည်၊ မိမိတို့ လယ်ယာထွက်ကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်သကဲ့သို့ အမျိုးစုံ ပို၍ရောင်းလာနိုင်မည်၊ တစ်နေရာ၊ နှစ်နေရာတည်းမှ တစ်မျိုး၊ နှစ်မျိုးတည်းသာ လိုချင်သည်ဆိုပါက နိုင်ငံတွင် စိုက်ပျိုးသည့် ကုန်အမျိုးအစားများ နည်းသွားမည်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သည့် ၃ နှစ်၊ ၄ နှစ်က ဈေးကွက်များ ပိုမိုရရှိရန် ကြိုးစားခဲ့သည့် အကျိုးဆက်၏ ကောင်းကျိုးများကို မိမိတို့ခံစားရ**

### ကုန်စည်စီးဆင်းမှုများတွင် ထိခိုက်မှုရှိ

မိမိတို့ဝန်ကြီးဌာန၏ အားသာချက်တစ်ချက်မှာ ကိုဗစ်–၁၉ ဖြစ်သည့်အချိန်တွင် အခြေခံဈေးနှုန်းနှင့် မိမိတို့လက်ဝယ် ဝယ်ယူထားသည့် ဆန်တန်ချိန်– ၉၀၀၀ ခန့် ရှိနေခဲ့ပါကြောင်း၊ အဆိုပါတန်ချိန်ထဲမှ ဆန်အိတ် ၄၀၀၀ ကို တရုတ်နိုင်ငံ ဝူဟန်မြို့တွင် နေထိုင်သည့် ပြည်သူများအတွက် နိုင်ငံတော်မှ လှူဒါန်းမှုကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆန်အိတ် တစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်းဒေသကြီးအတွက် အခြေခံလူတန်းစားများအား ထောက်ပံ့နိုင်ရန် ရောင်းချပေးခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားမှု နောက်ပိုင်းကာလများတွင် စားသုံးကုန်ဈေးနှုန်းများသည် ပုံမှန်အခြေအနေသို့ ရောက်ရှိခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ အစပိုင်းက အထိတ်တလန့် ဝယ်ယူမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ကိုဗစ်–၁၉ ဖြစ်ပွားမှုနောက်ပိုင်းတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့် ဈေးနှုန်းများပြန်လည်ကျဆင်းခဲ့ပါကြောင်း၊ ဈေးကွက်တွင် ဝယ်လိုအား လျော့ကျသည့်အတွက် ကုန်ဈေးနှုန်းများသည် တက်မလာဘဲ လျော့ကျသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါကြောင်း၊ ပြည်တွင်းကုန်စည်စီးဆင်းမှုများတွင် ထိခိုက်မှုရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်စသည့် ကုန်ပစ္စည်းများပို့ဆောင်မှုတွင် လမ်းပေါ်တားဆီးမှုများနှင့် ညမထွက်ရအမိန့်များကြောင့် လယ်ယာမြေများမှ စားသုံးသူများထံ ရောက်ရှိအောင် မပို့ဆောင်နိုင်သည့်ကာလများတွင် အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အစိုးရ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီတို့နှင့် ညှိနှိုင်း၍ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးကို ဆောင်ရွက်ခဲ့ပါကြောင်း ဆွေးနွေးတင်ပြသည်။

### ဈေးကွက် လုံးဝပြုတ်ကျသွားခြင်းမရှိ

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများ စိုးရိမ်ရသည့် အချက်တစ်ချက်မှာ ခရမ်းချဉ်သီးကဲ့သို့သော လယ်ယာထွက်ပစ္စည်းများသည် ကြာရှည်မခံသည့်အပြင် အနည်းငယ်ထိခိုက်သည်နှင့် ပျက်စီးသွားပြီး ဈေးကောင်းမရပါကြောင်း၊ အဆိုပါကိစ္စရပ်များကို မိမိတို့စိတ်ပူပါကြောင်း၊ အထူးသဖြင့် ပြည်ပသို့ မပို့ဆောင်နိုင်သည့် အခြေအနေများတွင် ပြည်တွင်း၌ သုံးစွဲနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းဆက်သွယ်ရေးသည် ပို၍ အရေးကြီးပါကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အထူးဂရုစိုက်ရန် ညွှန်ကြားချက် ထုတ်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ စတင်ဖြစ်သည့် ကာလတွင် ခရမ်းချဉ်သီးကိစ္စရပ်သည် ပြဿနာတက်ခဲ့ပါကြောင်း၊ ခရမ်းချဉ်သီးများ ပိုမိုထွက်ရှိသည့် ကာလလည်းဖြစ်ပြီး၊ ပြည်ပသို့ ရောင်းချရန် ခက်ခဲခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းဈေးကွက်ရှာဖွေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ လုပ်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါကိစ္စရပ် အောင်အောင်မြင်မြင်ရှိခဲ့သည်ဟု နားလည်ပါကြောင်း၊ ခရမ်းချဉ်သီး ဈေးကွက် လုံးဝပြုတ်ကျသွားခြင်း မရှိခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ထိန်းသိမ်းခဲ့သည်ကို သိရှိလိုပါကြောင်း ပြောကြားသည်။

### တရုတ်သံအမတ်ကြီးနှင့် ညှိနှိုင်း

ဒုတိယဝန်ကြီး ဦးအောင်ထူးက အဓိကအားဖြင့် ရှမ်းပြည်နယ်အစိုးရနှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်မှ ထွက်ခွာလာသည့် ကုန်တင်ကားများ၏ နံပါတ်များကို တောင်းယူပြီး ဖြတ်သန်းသွားမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်လက်အကြောင်းကြားပါကြောင်း၊ ထိုသို့အကြောင်းကြားပြီးသည့်အခါ ရန်ကုန်မြို့ ကုန်စိမ်းဈေးကွက်များ ဖွင့်လှစ်ပေးရန် မေတ္တာရပ်ခံခဲ့ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများကို ကုန်စိမ်းဒိုင်များတွင် စောင့်ဆိုင်းစေကာ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ စောင့်ကြည့်စေခဲ့ပါကြောင်း၊ ထို့ကြောင့် အဆိုပါပြဿနာပြေလည်သွားခဲ့သည်ဟု ဆိုနိုင်ပါကြောင်း၊ နောက်အချက်တစ်ချက်မှာ နယ်စပ်ကုန်သွယ်ရေး ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် မိမိတို့ဘက်အခြမ်း၌ ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီက ပြဿနာမရှိခဲ့သော်လည်း မိမိတို့ဘက်တွင် ကိုဗစ်–၁၉ ရောဂါ ရှိသည်ဟု ကြေညာခဲ့သည်နှင့်တစ်ပြိုင်နက် တရုတ်နိုင်ငံဘက်အခြမ်းမှ စည်းမျဉ်းစည်းကမ်းများ ပိုမိုတင်းကျပ်ခဲ့ပါကြောင်း၊ ဖရဲသီး၊ သခွားသီး၊ ငှက်ပျောသီး၊ ပြောင်း စသည်တို့တင်ပို့ရာတွင် ပြဿနာဖြစ်ခဲ့ပါကြောင်း၊ ဖူးစားပြောင်းတင်ပို့မှုသည် ၎င်းတို့ဘက်အခြမ်းမှ စည်းကမ်းတင်းကျပ်လိုက်သည့်အခါ ဆက်လက်တင်ပို့၍ မရခဲ့သဖြင့် ချောင်းအတွင်း စွန့်ပစ်ခဲ့ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် အဆင့်ဆင့်တိုင်းတွင် ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသအဆင့်တွင် တရုတ်နိုင်ငံဘက်အခြမ်းနှင့် မိမိတို့ အာဏာပိုင်များ ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရထံ မေတ္တာရပ်ခံ၍ ပြည်ထောင်စုဝန်ကြီး နယ်စပ်ဒေသများသို့ သွားရောက်ကာ နှစ်ဖက်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံတော်သမ္မတကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် တိုက်ရိုက်ပြောကြားညှိနှိုင်းမှုများရှိခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအနေဖြင့် တရုတ်သံအမတ်ကြီးနှင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့မှုမက တရုတ်နိုင်ငံရှိ ကောင်စစ်ဝန်ချုပ်များ၊ သံအမတ်ကြီးများ ညှိနှိုင်းမှုများဆောင်ရွက်သည့်အခါ ကုန်စည်စီးဆင်းမှုသည် အထိုက်အလျောက် ပြေလည်ခဲ့ပါကြောင်း၊ အဆိုပါ ကာလအတွင်း CMP ကုန်ကြမ်းပြတ်လပ်မှုတစ်ခု ဖြစ်ပေါ်ပါကြောင်း၊ CMP ကုန်ကြမ်းများ တရုတ်နိုင်ငံမှ ကုန်းလမ်းအတိုင်းလာသည့်အခါ အခက်အခဲများ ကြုံတွေ့ခဲ့ရပါကြောင်း၊ နယ်စပ်တွင် အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကုန်းလမ်းမှ ပို့မည့်အစား လေကြောင်းမှ ပို့ဆောင်ရန် အထူးကုန်တင်လေယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

### လူနေမှုပုံစံများ ပြောင်းလဲလာ

ဆက်လက်၍ City Mart Managing Director ဒေါ်ဝင်းဝင်းတင့်က ကိုဗစ်–၁၉ နှင့် ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍအတွက် အပိုင်း ၄ ပိုင်းဖြင့် တင်ပြလိုပါကြောင်း၊ ခေတ်မီလက်လီပုံစံများကို ပြည်တွင်းတွင် ဆောင်ရွက်နေသကဲ့သို့ ဖြန့်ချီရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ စဖြစ်သည့်အချိန်တွင် ပြည်တွင်းရှိ လက်လီလက်ကားကဏ္ဍတွင် သက်ရောက်မှုအပိုင်းကို တင်ပြလိုပါကြောင်း၊ လက်လီလက်ကား ကဏ္ဍတွင် ပြည်တွင်းကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုအတွက် အလွန်ပင်အရေးပါသည့် ကဏ္ဍဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် လက်လီဆိုင်ပေါင်း ၃ သိန်းကျော် ၄ သိန်းခန့်ရှိပြီး မိရိုးဖလာ ပုံစံမျိုးဖြင့် အများစုက လုပ်ကိုင်နေကြပါကြောင်း၊ ယင်းလက်လီဆိုင်များတွင် ဈေးကွက်ဝယ်လိုအားအနေဖြင့် ၉၀ ရာခိုင်နှုန်းခန့် ရှိပါကြောင်း၊ ဆယ်စုနှစ်နှစ်စုအတွင်း လူနေမှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ Supermarket များ၊ Convenience Store များနှင့် Shopping Center များသည်လည်း ဈေးကွက်ဝေစုရလာသည်ကို တွေ့ရှိရပါကြောင်း။

ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန် သင်္ကြန်မတိုင်မီ ပုံမှန်ကုန်ပစ္စည်း ဝယ်ယူစုဆောင်းသည့်အချိန်နှင့် ကြုံသွားသည့်အတွက် စိုးရိမ်ထိတ်လန့်မှုများ အနည်းငယ်ဖြစ်ပွားခဲ့သော်လည်း သင်္ကြန်နောက်ပိုင်းတွင် ကုန်ပစ္စည်းဝယ်လိုအား ပုံမှန်အနေအထားသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာပါကြောင်း၊ ယခု မေလနှင့် ဇွန်လတို့တွင် ဝယ်လိုအား ပုံမှန်အနေထားထက် တဖြည်းဖြည်းချင်း ကျဆင်းလာပြီး အရောင်းဆိုင်များတွင် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့လာရပါကြောင်း၊ နယ်မြေဖြတ်ကျော် ကန့်သတ်ချက်များနှင့် ညမထွက်ရအမိန့်များကြောင့် Supply Chain ပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့ပြီး သင်္ကြန်နောက်ပိုင်း ဧပြီလကုန်တွင် ပုံမှန်အတိုင်း ပြန်လည်ဖြစ်ခဲ့ပါကြောင်း။

ကိုဗစ်–၁၉ ရောဂါစတင်တွေ့ရှိချိန်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရအဖွဲ့များက ရောဂါပြန့်ပွားမှုအား ထိန်းသိမ်းနိုင်ရန်အတွက် ဈေးများတွင် မရှိမဖြစ်လိုအပ်သည့် စားသောက်ကုန်များ၊ ဆေးဝါးများ ရောင်းချသည့် ဆိုင်များ၊ ဈေးများကို ဖွင့်လှစ်ခွင့်ပေးပြီး ကျန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများကို ပိတ်ထားစေခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ ကာလ၌ ပြည်တွင်းကုန်သွယ်မှုကဏ္ဍတွင် မရှိမဖြစ်ရောင်းချသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

စားသောက်ကုန်နှင့် ဆေးဝါးများအနေဖြင့် စီးပွားရေးလည်ပတ်မှုတစ်ခုအဖြစ် ရှိနေသော်လည်း အဝတ်အထည်၊ လက်ဝတ်ရတနာနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများမှာ အနည်းငယ်အထိနာသည့် အနေအထားတွင် ရှိနေပါကြောင်း၊ ယခုအချိန်ထိ ပြင်ပတွင် ထွက်ဝယ်နိုင်သော်လည်း ဝယ်လိုအား ဆက်လက်ကျဆင်းနေသည့်အတွက် လက်လီဆိုင်များတွင် အခက်အခဲများစွာရှိနေပြီး ယခင်နှစ်များထက် ရောင်းအား ၈၀ ရာခိုင်နှုန်းခန့် ကျဆင်းနေသည်ကို တွေ့ရပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲကြားမှ ဖြစ်ပေါ်လာသည့် အခွင့်အရေးတစ်ရပ်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ကိုင်နေသော လူတိုင်းသည် Online ပေါ်မှ ပိုမိုဆောင်ရွက်လာပြီး လက်လီလက်ကားအရောင်းဆိုင်များမှာလည်း Facebook နှင့် Online ပေါ်မှ ပိုမိုအလေးထားကာ ရောင်းချလာသည်ကို တွေ့ရှိရပါကြောင်း။

### တခြားနိုင်ငံများထက် စိုးရိမ်ပူပန်မှုသက်သာ

ထို့ပြင် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးထွက်ကုန်များ Value Added ထွက်ကုန်ပစ္စည်းများအဖြစ် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းတွင် စိုက်ပျိုးရေးထွက်ကုန်များ လောက်ငစွာ ထုတ်လုပ်နိုင်ရန်အတွက် အလွန်ပင်အရေးကြီးသည်ကို မီးမောင်းထိုးပြပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားသည့်အခါတွင် ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် စိုးရိမ်ပူပန်မှုမှာ တခြားနိုင်ငံများထက် စိုးရိမ်ပူပန်မှု သက်သာပါကြောင်း၊ ထိုသက်သာမှုသည် စိုက်ပျိုးရေးကိုအခြေခံပြီး စားနပ်ရိက္ခာကို ဖူလုံအောင် မိမိတို့ ဆက်တိုက်ဆောင်ရွက်ခဲ့သည့် အနေအထားကြောင့် ဖြစ်ပါကြောင်း၊ ယင်းကိစ္စကိုလည်း အရှိန်မြှင့်ပြီး ဆက်လက် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဟု ယုံကြည်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် များစွာအလားအလာ ရှိပါကြောင်း။

SME ကဏ္ဍတွင် ငွေကြေးရရှိရေး၊ နည်းပညာရရှိရေးနှင့် ဈေးကွက်ဝေစုရရှိရေး စသည့်အခက်အခဲ (၃) ချက်ကို အမြဲကြားသိရပါကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဖြေရှင်းနိုင်ရန်လိုအပ်ပြီး FDA ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို SME လုပ်ငန်းအနေဖြင့် လုပ်ကိုင်နိုင်သည့် စံချိန်စံညွှန်းများဖြစ်ရန် ပြုပြင်ပြောင်းလဲခြင်းများ၊ စိုက်ပျိုးထွက်ကုန်များနှင့် သားငါးထွက်ကုန်များအတွက် စံချိန်စံညွှန်းသတ်မှတ်ပေးနိုင်ရန်နှင့် ခါတ်ခွဲခန်းများ၊ ပုဂ္ဂလိကကဏ္ဍများသည် နိုင်ငံတော်အတွင်း ပိုမိုထွက်ပေါ်လာရန်အတွက် တင်ပြလိုပါကြောင်း။

မိရိုးဖလာလုပ်ငန်းမှ တဖြည်းဖြည်း ခေတ်နှင့်အညီ လိုက်လျောညီထွေစွာရှိရန်၊ စီမံအုပ်ချုပ်နိုင်ရန်နှင့် လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်ရန် ယခုလောလောဆယ်တွင် အခက်အခဲများ ရှိနေသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်လာခြင်းအားဖြင့် Supply Chain တိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိရိုးဖလာရောင်းချသူအများစုသည် ဈေးများတွင် ရောင်းချသည့်အတွက် နိုင်ငံတော်အတွင်း၌ရှိသည့် ဈေးများကိုလည်း ခေတ်နှင့်အညီ အင်္ဂါရပ်စုံသည့် ဈေးများဖြစ်အောင် အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ယခုအခါ ခေတ်မီပုံစံကူးပြောင်းမှုအပြင် Digital ပုံစံအနေဖြင့်ပါ အွန်လိုင်းမှတစ်ဆင့် E- Commerce ပိုပြီးဆောင်ရွက်နိုင်ရန်လည်း နိုင်ငံတော်အနေဖြင့် ရှိနေသည့် Infrastructure ပေါ်တွင် မူတည်ပြီး လုပ်ငန်းများကို Leapfrogging လုပ်ချင်သည့် အနေအထားမှာ မိမိတို့အတွက် အားတက်ဖွယ်ဖြစ်ပါကြောင်း။

Digital စီးပွားရေးစနစ်နှင့် ပတ်သက်ပြီး အခြေခံလိုအပ်နေသည့် Payment အပိုင်းနှင့် Plan များ အများအပြား ပါဝင်နေသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ ထို့ပြင် တကယ့်လက်တွေ့ကြုံနေရသည့် Logistic ဆိုင်ရာကဏ္ဍနှင့် မြေပြင်တွင် ကြုံနေရသည့် အခက်အခဲများကို နိုင်ငံတော်၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် မိမိတို့ဖြစ်ချင်သည့် Leapfrogging Opportunity အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### ကုန်စည်စီးဆင်းမှုကိုလည်း အထောက်အပံ့ဖြစ်

ပြည်တွင်းကုန်သွယ်မှုကဏ္ဍတွင် အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်းရေတိုစီမံချက် အထောက်အပံ့အစီအစဉ် ၃ ချက်ကို လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ချေးငွေအစီအစဉ်ဖြင့် လုပ်ငန်းရှင်များကို ထုတ်ချေးနေသည်ကို ဝမ်းသာအားရ ဖြစ်မိပါကြောင်း၊ သို့သော်လည်း ချေးငွေစည်းမျဉ်းမှာ လက်လီလုပ်ငန်းရှင်များ လိုက်နာနိုင်မည့် အနေအထားနှင့် ကိုက်ညီမည့် အနေအထားများ မပါဝင်သည့်အတွက် လက်လှမ်းမမီသည့် အနေအထားတွင် ရှိနေပါကြောင်း၊ ယင်းကိစ္စအတွက် စဉ်းစားပေးရန်အတွက် မေတ္တာရပ်ခံပါကြောင်း၊ နိုင်ငံတော်မှ အခြေခံလူတန်းစားများအတွက် ထောက်ပံ့ပေးသည့် အစီအစဉ်တွင် ကုန်ပစ္စည်းအမျိုးအစား ၆ မျိုးအစား ယခုအခါ ငွေကြေးနှင့် ပြောင်းလဲထောက်ပံ့ပေးမည့် အစီအစဉ်အတွက် လက်လီလုပ်ငန်းရှင်များကိုယ်စား ဝမ်းသာမိပါကြောင်း၊ ထိုသို့ ငွေကြေးနှင့် ထောက်ပံ့ခြင်းအားဖြင့် လက်လီအရောင်းဆိုင်များမှာ ရောင်းအားတိုးစေသလို ကုန်စည်လည်ပတ်မှုနှင့် ကုန်စည်စီးဆင်းမှုကိုလည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း၊ စီးပွားရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်မှ Stimulus Package များနှင့် အထောက်အပံ့များ ဆက်လက်ပံ့ပိုးပေးနေသည့်အတွက် ဝမ်းသာအားရဖြစ်မိပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် SME လုပ်ငန်းရှင် ဒေါ်သက်စုဋ္ဌေးက ကိုဗစ်-၁၉ ကာလအတွင်း SME လုပ်ငန်းများအပေါ် စီးပွားရေးအကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ အပိုင်း ၄ ပိုင်းခွဲ တင်ပြလိုပါကြောင်း၊ ပထမပိုင်းအနေဖြင့် ဂျန်ဂျယ်သဘာဝစလေဆီးသီးနှင့် မန်ကျည်းဖျော်ရည်တို့ကို သဘာဝစလေဆီးသီးနှင့် မန်ကျည်းသီးကို အခြေခံ၍ ဆိုးဆေးနှင့် ဓာတုပစ္စည်းများမပါဘဲ သဘာဝအတိုင်း ထုတ်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ မိမိစက်ရုံ၏ အဓိက ရည်ရွယ်ချက်မှာ စားသောက်ကုန်များကို ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးကောင်းမွန်သည့် စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် နေရာဒေသမရွေး၊ လူမျိုးမရွေး ဝယ်ယူစားသုံးနိုင်ရေး ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့ထွက်ကုန်များ နိုင်ငံတကာဈေးကွက်သို့ ကုန်ကြမ်းအနေဖြင့်မဟုတ်ဘဲ တန်ဖိုးမြင့်ထုတ်ကုန်အနေဖြင့် ထိုးဖောက်နိုင်ရန် ရည်ရွယ်ကြိုးစားနေခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဌာန၊ SME ၏ ကူညီပံ့ပိုးမှု အများဆုံးရရှိခဲ့ပါကြောင်း၊ အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အကူအညီများစွာရရှိခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများ၏ အကူအညီဖြင့် ထိုင်း၊ တရုတ်၊ အမေရိကန်၊ ဗီယက်နမ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့ သွားရောက်၍ ကုန်စည်ပြပွဲများတွင် သွားရောက်ပြသနိုင်ခဲ့သကဲ့သို့ အခြားသင်တန်းများကိုလည်း တက်ရောက်ခွင့်ရရှိခဲ့ပါကြောင်း။

ထို့ပြင် နိုင်ငံခြားအထောက်အပံ့များဖြစ်သည့် ဒိန်းမတ်၊ RBF အဖွဲ့အစည်း၊ နယ်သာလန်နိုင်ငံမှ PUM အဖွဲ့အစည်းများထံမှလည်း အကူအညီများရရှိခဲ့ပါကြောင်း၊ ယင်းနိုင်ငံများ၏ အကူအညီနှင့် စက်ပစ္စည်းများတိုးချဲ့တပ်ဆင်နိုင်ခဲ့သကဲ့သို့ အဆင့်မြင့်နည်းပညာများဖြင့် ထပ်တိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် စွမ်းအင်ချွေတာသည့်အနေဖြင့် Solar Power System များကိုလည်း ပြောင်းလဲတပ်ဆင်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ ပြည်တွင်း၊ ပြည်ပအကူအညီ အထောက်အပံ့များဖြင့် ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံများသို့ ပစ္စည်းများ တင်ပို့ခွင့်ရရှိနေပြီ ဖြစ်ပါကြောင်း။

ဒုတိယအနေဖြင့် ကိုဗစ်ကာလအတွင်း ကြုံတွေ့နေရသည့် အခက်အခဲများမှာ ဆီးသီးနှင့် မန်ကျည်းသီးဖျော်ရည်များ၏ ကုန်ကြမ်းများသည် နှစ်စဉ်အောက်တိုဘာလနှင့် ဖေဖော်ဝါရီလအတွင်း ဝယ်ယူသိုလှောင်ရသည့်အတွက် လုပ်ငန်းလည်ပတ်ငွေများမှာ ကုန်ကြမ်းများတွင် ရောက်သွားပါကြောင်း၊ ထို့အတူ နွေရာသီတွင် ကုန်ပစ္စည်းများ ဈေးကွက်ပြတ်လပ်မှု မရှိစေရေးအတွက် ကုန်သည်များကို အကြွေးစနစ်ဖြင့် ပစ္စည်းများရောင်းချပြီးချိန်လည်း ဖြစ်နေသကဲ့သို့ စက်ရုံများတွင်လည်း နွေရာသီပစ္စည်းများ လုံလောက်မှုရှိစေပြီး ကုန်ချောများလည်း ထုတ်ပြီးသားဖြစ်နေပါကြောင်း၊ ထို့ကြောင့် စက်ရုံလည်ပတ်ငွေများသည် ကုန်ကြမ်း၊ ကုန်သည်များနှင့် ကုန်ချောထုတ်လုပ်ပြီး ကုန်စည်များတွင် သုံးစွဲခဲ့ရသည့်အတွက် ယခုကဲ့သို့ ကိုဗစ်ရောဂါဖြစ်ပွားချိန်တွင် လုပ်ငန်းလည်ပတ်ငွေများသည် စာရင်းဇယား၌သာရှိပြီး လက်ထဲတွင်မရှိသည့်အတွက် စိတ်ဓာတ်ကျဆင်းခဲ့ရပါကြောင်း၊ အဓိကအားဖြင့် မိမိကိုယ်တိုင်ထက် ဝန်ထမ်းများ၏ စားဝတ်နေရေးအတွက် များစွာပူပန်ရပါကြောင်း၊ ယင်းအချိန်တွင် ကိုဗစ်-၁၉ ချေးငွေရရှိသည်ကို ပြီးခဲ့သည့်တစ်ပတ်အတွင်း သိခဲ့ရသည့်အတွက် ဝန်ထမ်းများအရေးအတွက် စိတ်အေးခဲ့ရပါကြောင်း။

### စက်ရုံကို အရှုံးခံ၍ လည်ပတ်နေရ

ယခု စက်ရုံ၊ အလုပ်ရုံများကို ဖြေလျှော့ပေးသည့်အချိန်တွင် လုပ်ငန်းများပြန်လည် လည်ပတ်နိုင်လာပါကြောင်း၊ ကိုဗစ် ဖြစ်ပွားနေချိန်တွင် ရောင်းအားများ ထိုးကျလာခဲ့သည့်အတွက် စက်ရုံပုံမှန်လည်ပတ်နိုင်ရေးအတွက် မဖြစ်မနေ ဝန်ထမ်းများလျှော့ချခဲ့ရပါကြောင်း၊ ယခုအချိန်တွင် အမြတ်အစွန်းထက် လုပ်ငန်းပုံမှန်လည်ပတ်စေရေးနှင့် ဝန်ထမ်းများ၏ စားဝတ်နေရေးကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အတွက် အမြတ်မရှိသည့်အပြင် အရှုံးများနှင့်ပါ ရံဖန်ရံခါ ရင်ဆိုင်ရပါကြောင်း၊ ရှုံးနေသော်လည်း ဝန်ထမ်းများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်သည့်အတွက် စက်ရုံကို အရှုံးခံ၍ လည်ပတ်နေရပါကြောင်း။

ကိုဗစ်ကာလအလွန်အတွက် ကြိုတင်မျှော်မှန်း ပြင်ဆင်ဆောင်ရွက်နေရပါကြောင်း၊ ကိုဗစ်ဖြစ်ချိန်တွင် လုပ်ငန်းရှင်များသည် Plan A တစ်ခုတည်းအပေါ်တွင် သွားနေပါကြောင်း၊ ကိုဗစ်ဖြစ်သည့်အတွက် Plan B, Plan C များ ပြင်ဆင်သင့်သည်ကို သိလာရသည့်အတွက် အဆိုးထဲမှ အကောင်းတစ်ခုဟု သုံးသပ်မိပါကြောင်း၊ စက်ရုံများအနေဖြင့်လည်း ကိုဗစ်ဖြစ်ပွားခဲ့သည့်အတွက် လက်ရှိထုတ်ကုန်များကို နည်းပညာများဖြင့် ပိုမိုကောင်းမွန်အောင် Modified လုပ်ရမည်ကိုလည်း ကြိုတင်ပြင်ဆင်ချိန် များစွာရရှိခဲ့ပါကြောင်း၊ ထပ်မံထုတ်လုပ်မည့် Product များ၊ Item များအတွက်လည်း သုတေသနများစွာ ပြုလုပ်ချိန်ရရှိခဲ့ပါကြောင်း၊ ထို့ပြင် ပုံမှန်အတိုင်း ရောင်းဝယ်နေရာမှ Digital Marketing System သို့ပြောင်းလဲအသုံးချကာ ရောင်းချနိုင်ခဲ့ပါကြောင်း၊ ယင်းမှာ ကိုဗစ်ကာလအတွင်း ကြုံတွေ့ရသည့် အဆိုးထဲမှအကောင်း ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလပြီးဆုံးချိန်တွင် ပိုမို ကောင်းမွန်သည့် နည်းပညာများဖြင့် ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြင်ဆင်ချိန်များစွာ ရရှိခဲ့သကဲ့သို့ လက်ရှိတွင်လည်း ကြိုးစားပြင်ဆင်နေဆဲ ဖြစ်ပါကြောင်း။

SME လုပ်ငန်းများကြုံတွေ့နေရသည့် အခက်အခဲနှင့် အကြံပြုချက်အနေဖြင့် လက်ရှိ SME လုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများထက် အခြားလုပ်ငန်းများတွင် ထိခိုက်မှုပိုများမည်ဟု သုံးသပ်မိပါကြောင်း၊ အချို့စက်ရုံများမှာ ကိုဗစ်ကာလ မည်မျှကြာမည်ကို မမျှော်မှန်းနိုင်သည့်အတွက် စက်ရုံများ ပိတ်လိုက်ရပါကြောင်း၊ ဝန်ထမ်းများ မိမိနေရပ်များသို့ ပြန်သွားကြသည့်အတွက် စက်ရုံပြန်ဖွင့်ချိန်တွင် ပညာရှင်များ ပြန်ပါမလာဘဲ ဆုံးရှုံးလိုက်ရသည်ကို ကြားသိနေရပါကြောင်း၊ ပညာရှင်များအနေဖြင့်လည်း စားဝတ်နေရေးပြေလည်ရေးအတွက် စက်ရုံများ ပြန်ဖွင့်ချိန်ထိ မစောင့်တော့ဘဲ အဆင်ပြေသည့် အလုပ်များကို ဝင်ရောက်လုပ်ကိုင်နေကြသည့်အတွက် စက်ရုံဖွင့်ချိန်တွင် ပြန်မလာနိုင်သည်ကို ကြားသိရပါကြောင်း။

ထို့ပြင် ကိုဗစ်ချေးငွေသက်တမ်းမှာ တစ်နှစ်အတွင်း ပြန်ဆပ်ရမည်ဖြစ်သည့်အတွက် အချို့ SME လုပ်ငန်းရှင်များသည် မိမိတို့၏ လုပ်ငန်းများမည်သည့်အချိန်တွင် ပုံမှန်လည်ပတ်နိုင်မည်ကို မသိရှိကြသည့်အတွက် မလျှောက်ရဲကြပါကြောင်း၊ အကယ်၍ လုပ်ငန်းပြန်မလည်ပတ်နိုင်ဘဲ ချေးငွေပြန်မဆပ်နိုင်ခဲ့ပါက လုပ်ငန်းများပြိုလဲသွားမည်ကို စိုးရိမ်သည့်အတွက် ချေးငွေလျှောက်ချင်သော်လည်း မလျှောက်ဖြစ်ခဲ့သည့် လုပ်ငန်းရှင်များရှိသည်ကိုလည်း ကြားသိရပါကြောင်း။

JICA two steps loan ချေးငွေကို ဘဏ်များမှတစ်ဆင့် ချေးပေးနေသည်ကို ကြားသိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ သို့သော် ယင်း JICA two step loan ချေးငွေမှာ ဘဏ်များမှ သတ်မှတ်ပေးထားသည့် Criteria များသည့်အတွက် အမှန်တကယ်လုပ်ကိုင်နေသည့် အငယ်စား SME လုပ်ငန်းရှင်များမှာ ယင်း JICA two step loan အား မျှော်မှန်း၍ မရပါကြောင်း၊ အမှန်တကယ် ချေးငွေရသူများမှာ လုပ်ငန်းခိုင်ခိုင်မာမာရှိသည့် လုပ်ငန်းကြီးများသာ ဖြစ်နေကြောင်း၊ ထို့ပြင် အာမခံပစ္စည်းပေးရန် မလိုသည့်CGI ချေးငွေမှာ သိန်း ၂၀၀ အများဆုံးဖြစ်ကာ လုပ်ငန်းလည်ပတ်ရန် ယင်းပမာဏဖြင့် မည်သို့မျှမဖြစ်နိုင်သည့်အတွက် လျှောက်ချင်သော်လည်း လျှောက်၍မရသည့် လုပ်ငန်းရှင်များ ရှိပါကြောင်း၊ သတ်မှတ်ထားသည့် အိမ်ဂရန်များကို မပြနိုင်သည့်အတွက် SME ချေးငွေ လျှောက်မရသည့် လုပ်ငန်းရှင်များ ရှိနေသည်ကိုလည်း ကြားသိနေရပါကြောင်း။

FDA လျှောက်ရာတွင်လည်း ကိုယ်ပိုင်အိမ်၊ မြေနှင့် အဆောက်အဦ ခိုင်ခိုင်မာမာ ရှိရမည်ဖြစ်ပြီး ကိုယ်ပိုင်မြေမရှိသည့် အချို့လုပ်ငန်းရှင်များမှာ လျှောက်ထားနိုင်ခြင်း မရှိပါကြောင်း။

SME လုပ်ငန်းများတွင် အဓိကလိုအပ်နေသည်မှာ ငွေကြေးအပြင် နည်းပညာဖြစ်ပါကြောင်း၊ မိမိတို့ထုတ်ကုန်များ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် နည်းပညာလိုအပ်ချက်များကို ယခုထက် ပိုမိုတိုးမြှင့်ထုတ်လုပ်ပေးနိုင်မှသာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့် SME လုပ်ငန်းရှင်များအား နည်းပညာတိုးမြှင့်ပေးရန် ကူညီပေးစေလိုပါကြောင်း၊ မြန်မာပြည်သူများက ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို သုံးချင်သော်လည်း ဈေးကွက်အနေအထားမှာ ပြည်ပမှဝင်ရောက်လာသည့် ပစ္စည်းများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပိုင်း၊ နည်းပညာပိုင်းနှင့် ကျွမ်းကျင်လုပ်သား ရှားပါးမှုရှိသည့်အတွက် ဈေးကွက်ဝေစုများတွင် နိုင်ငံခြားမှ ဝင်ရောက်လာသည့် ပစ္စည်းများကို ယှဉ်ပြိုင်ရောင်းချနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် SME လုပ်ငန်းများကြုံတွေ့နေရသည့် အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

### မျှမျှတတဖြစ်အောင် စနစ်တစ်ခုဖြင့် လုပ်ယူ

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်း ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ အချို့ပစ္စည်းများသည် ပြည်ပသို့ မပို့နိုင်ပါက ပြည်တွင်းဈေးကွက်ကို အားကိုးရပါကြောင်း၊ ပြည်တွင်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးသည် အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း စိုးရိမ်မှုများဖြင့် ရိက္ခာစုဆောင်းမှုများ လုပ်ကြပါကြောင်း၊ နောက်ပိုင်းတွင် စိုးရိမ်စရာမလိုသည်ကို သဘောပေါက်သွားသည့်အခါ စိုးရိမ်ပူပန်မှုများ လျော့နည်းသွားပါကြောင်း၊ စိုးရိမ်ပြီး ရိက္ခာစုဆောင်းမည်၊ ဝယ်နိုင်သလောက် ဝယ်ထားမည်ဆိုသည့်စိတ်ဓာတ် ပြည်သူများတွင် မထားကြစေလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်မှ တာဝန်ယူမည်ဖြစ်ပါကြောင်း၊ အားလုံးအတွက် လိုအပ်သည့် ပစ္စည်းတစ်ခုသည် အကန့်အသတ်နှင့်သာ ရနိုင်မည်ဆိုလျှင် အားလုံးအတွက် မျှမျှတတဖြစ်အောင် စနစ်တစ်ခုဖြင့် လုပ်ယူရမည်ဖြစ်ပါကြောင်း၊ အားလုံး အတူတူရင်ဆိုင်မှ ယခုကဲ့သို့သော ပြဿနာကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ပြောရမည်ဆိုပါက ဒုတိယကမ္ဘာစစ်အတွင်း ပါဝင်သည့် မဟာမိတ်နိုင်ငံများသည် များစွာရုန်းကန်ခဲ့ရကြောင်း၊ ရာရှင်စနစ်ဖြင့် မည်သူဆိုလျှင် မည်မျှပဲဝယ်နိုင်မည်၊ သကြားဆိုလျှင် မည်မျှ၊ ထောပတ်ဆိုလျှင်မည်မျှ၊ အသားဆိုလျှင်မည်မျှ ၊ ဂျုံ၊ ပေါင်မုန့်မည်မျှ စသဖြင့် ၎င်းတို့နိုင်ငံများတွင် ကန့်သတ်ထားပါကြောင်း၊ ထိုသို့ကန့်သတ်ခြင်းသည် စိတ်ထဲတွင် ထင်သလို ကန့်သတ်ခြင်း မဟုတ်ပါကြောင်း၊ ကျန်းမာရေးပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ကျန်းမာရေးအတွက် လိုအပ်ချက်က ပေါင်မုန့်စားသည့်နိုင်ငံမှာဆိုလျှင် ပေါင်မုန့်မည်မျှ လိုမည် ၊အသီးအနှံ မည်မျှ လိုမည်၊ သားငါး မည်မျှလိုမည် ၊ မည်သည်တို့ဖြင့် အစားထိုးရမည်၊ ထိုသို့သော နည်းအမျိုးမျိုးဖြင့် သေသေချာချာ စနစ်တကျလုပ်သည့်အခါ ၎င်းတို့ပြည်သူအများစု ပိုပြီးကျန်းမာရေးကောင်းလာကြပါကြောင်း၊ ဇိမ်ခံပစ္စည်းဟု ပြောရမည့်အရာများကို အဝယ်နည်းလာပြီး တကယ်လိုအပ်သည်များကိုသာ ဝယ်ယူလာကြပါကြောင်း။

### အရောင်းအဝယ်များ ရှင်သန်လာအောင်လုပ်နေ

ကိုဗစ်-၁၉ ကြောင့် ဝင်ငွေကျဆင်းလာသဖြင့် ရှိသည့်ဝင်ငွေကို အမှန်တကယ်လိုအပ်သည့် နေရာများတွင် သုံးစွဲမှုဖြစ်လာပါကြောင်း၊ အရောင်းအဝယ်ပုံစံသည် ပထမဦးစွာ ထိတ်လန့်၍ ဝယ်လိုအား များလာပါကြောင်း၊ မေလနှင့် ဇွန်လတို့တွင် ရောင်းအားကျဆင်းလာသည်မှာ ဝင်ငွေကျလာမှု၊ ရောင်းရ ၊ ဝယ်ရမှုများတွင် နည်းနည်းပိုခက်လာခြင်းသည်လည်း ပါဝင်ပါကြောင်း၊ တတ်နိုင်သမျှ အရောင်းအဝယ်များ ရှင်သန်လာအောင် လုပ်နေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်ဖက်တွင်လည်း ပုံမှန်စီးပွားရေးလည်ပတ်မှုကို အမြန်ဆုံးပြန်ပြီး သွားလိုသကဲ့သို့ တစ်ဖက်တွင် ဆန္ဒစောသွားပါက ကိုဗစ်နောက်တစ်လှိုင်းက ပိုမိုဆိုးရွားသွားမည်ကိုလည်း တစ်ချိန်လုံး သတိပြုနေရပါကြောင်း၊ တခြားနိုင်ငံများတွင် မည်သို့ဖြစ်နေသည်ကို လေ့လာစေလိုပါကြောင်း၊ နိုင်ငံတချို့တွင် ရပြီဆိုပြီး လုပ်လိုက်သည့်အခါ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

နောက်လှိုင်းကြီးနှင့် ရောဂါသည်အများ တွေ့သည့်အခါ ပြဿနာများ ပိုမိုဖြစ်လာပါကြောင်း၊ ထို့ကြောင့် ခပ်မှန်မှန်နှင့် သွားရမည်ဖြစ်ပါကြောင်း။

မရှိမဖြစ် ပစ္စည်းများကိုဦးစားပေးပြီး မရှိလည်းဖြစ်သည့် ပစ္စည်းများကို ဝယ်သည့် အလေ့အထ နည်းနည်းကျသွားသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဘယ်ဟာကို အဓိကအနေဖြင့် မြင်ရမည်၊ ဘယ်ဟာကို သာမညအနေဖြင့် မြင်ရမည်ကို ပိုပြီးစဉ်းစားခြင်းသည် လုံးဝဆိုးသည်ဟု မပြောနိုင်ပါကြောင်း၊ အဝယ်လျော့သွားသည့် လုပ်ငန်းများတွင် လုပ်ကိုင်သည့် ပြည်သူများ အခက်အခဲများ ရှိပါကြောင်း၊ ထိုအခက်အခဲများကို တစ်ဆင့်တစ်ဆင့် ကျော်လွှားသွားရမည် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်စည် လည်ပတ်မှုနှင့် ပြည်တွင်းကုန်ရောင်းချနိုင်မှုတွင် ကုန်ကြမ်းအစား ကုန်အချောများ ထုတ်နိုင်မှုကို ပြည်တွင်းနှင့် ပြည်ပအတွက်ပါ စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်ကာလတွင် မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာအတွက် သေသေချာချာ စီမံခန့်ခွဲမည်ဆိုလျှင် ပူပင်ရမည့်နိုင်ငံ မဟုတ်ပါကြောင်း။

## အခွင့်အရေးနှင့် အားသာချက်များစွာရှိ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာရေးနှင့် ကိုက်ညီအောင် လုံလောက်သည့် ရိက္ခာများ ထုတ်လုပ်နိုင်သည့် အနေအထားရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် အခွင့်အရေးနှင့် အားသာချက်များစွာရှိပါကြောင်း၊ ယင်းတို့ကို သေသေချာချာ သုံးပြီး အဆင့်မြှင့်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့အဆင့်မြှင့်ရာတွင် ကိုဗစ်ကဲ့သို့ သောကိစ္စအား အမြဲမျက်လုံးတစ်ဖက်နှင့် ကြည့်နေရပါကြောင်း၊ တစ်ဖက်တွင် ကိုဗစ်အလွန်ကိစ္စများကို ကြည့်နေရပါကြောင်း၊ ကိုဗစ်အလွန်ကိစ္စကို ကြည့်ရသည်မှာ ယခုလို အခြေအနေမျိုးတွင် ရေရှည်အတွက်၊ ကိုယ့်နိုင်ငံအတွက် အကျိုးအမြတ်ဖြစ်အောင် စဉ်းစားရပါကြောင်း၊ သာမန်အချိန်မျိုးတွင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရန် ဖွံ့ဖြိုးရေးကို အမြဲဦးတည်နေရပါကြောင်း၊ တက်တက်ကြွကြွ နိုးနိုးကြားကြားဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဦးတည်သွားရမည်ဖြစ်ပါကြောင်း။

## မိမိတို့နိုင်ငံအတွက်လည်း စဉ်းစား

ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာ့အတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန် ပစ္စည်းတစ်ခုလိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက်၊ ရောင်းနိုင်သလောက် ရောင်းရမည်ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်းဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်း ကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း၊ ပြန်ရရှိရန် စိတ်ဓာတ်နှင့်လုပ်ခဲ့သည် မဟုတ်သော်လည်း ကောင်းသည့် စေတနာကို အခြေခံသည့် စိတ်ထားများသည် နောက်ဆုံးတွင် ကောင်းကျိုးဘက်ကိုသာ သွားမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် တခြားနိုင်ငံများအတွက်လည်း စဉ်းစားသလို မိမိတို့နိုင်ငံအတွက်လည်း စဉ်းစားပါကြောင်း၊ မည်သည့် ထွက်ကုန်ပစ္စည်းများ ဈေးကွက်ကောင်းသည်ဆိုသည်ကို ဦးတည်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဈေးကွက် ခိုင်ခိုင်မာမာရရှိထားနိုင်ရန် အခွင့်အရေးရှိချိန်တွင် ရအောင်ယူထားရမည်ဖြစ်ပါကြောင်း။

## ရာဇဝတ်မှုများလျော့နည်းလာ

မိမိတို့၏ ဖောက်သည်ကောင်းများ ဖြစ်သွားပါက နောင်တွင်လည်းနိုင်ငံ၏ စီးပွားရေးတိုးတက်ရန် လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်ပစ္စည်းများအပေါ် ကိုဗစ်၏ စီးပွားရေးအကျိုးဆက်များနှင့် ပတ်သက်ပြီး စာတမ်းပြုစုရာတွင် SME လုပ်ငန်းများကို အားကိုးလာသည်ကို သတိပြုမိပါကြောင်း၊ SME လုပ်ငန်းများကိုလည်း ပြည်သူများ အားကိုးမှုရှိလာသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် ရိက္ခာစုဆောင်းမှုများလည်း မရှိတော့သည်ကို တွေ့ရှိရပါကြောင်း၊ အလားတူကိုဗစ်ကာလအတွင်း ရာဇဝတ်မှုများ တိုးတက်လာသည်ကို မတွေ့ရပါကြောင်း၊ တချို့နိုင်ငံများတွင် ကိုဗစ်ကာလအတွင်း ရာဇဝတ်မှုများ တက်လာပါကြောင်း၊ ယခုသုတေသနတွင် ထွက်လာသည်မှာ ကိုဗစ်အကျိုးဆက်အနေဖြင့် ရာဇဝတ်မှုများလျော့နည်းလာပါကြောင်း၊ ယင်းမှာ ကောင်းသည့် အချက်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ အခြေခံလူတန်းစားများကို တတ်နိုင်သမျှပံ့ပိုးပေးသည့် ကိစ္စမှာလည်း အထောက်အကူဖြစ်မည်ဟု ထင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၏ အင်အားဆိုသည်မှာယင်းအထဲမှ အားအနည်းဆုံးပုဂ္ဂိုလ်များ၊ အားအနည်းဆုံး အသိုင်းအဝိုင်း၏ အင်အားနှင့်သာညီမျှပါကြောင်း၊ အားအများဆုံး အသိုင်းအဝိုင်းနှင့် မညီမျှပါကြောင်း၊ ထို့ကြောင့် အခြေခံလူတန်းစားများ အဆင်ပြေအောင်၊ စားဝတ်နေရေးအတွက် အလွန်အကျွံစိုးရိမ်မှု မရှိနိုင်အောင် အများကြီးကြိုးစားပါကြောင်း၊ ကြိုးစားသော်လည်း အတိုင်းအတာတစ်ခုအထိသာ လုပ်နိုင်သေးပါကြောင်း၊ ချမ်းသာသည့် နိုင်ငံမဟုတ်သည့်အတွက် ခြစ်ခြစ်ခြုတ်ခြုတ်နှင့် သုံးရသော်လည်း တတ်နိုင်သမျှ လုပ်ပေးပါကြောင်း၊ အထူးသဖြင့် မိရိုးဖလာလုပ်ငန်းများကို တော်တော်များများက အားကိုးကြသည့်အတွက် ယင်းလုပ်ငန်းများအတွက် ကူညီ ပေးစေချင်ပါကြောင်း၊ ဥပမာ FDA ကိစ္စဖြစ်ပါကြောင်း၊ FDA သတ်မှတ်ချက်များမှာ SME လုပ်ငန်းရှင်များအတွက် အခက်အခဲရှိပါက ကူညီနိုင်ရန် စဉ်းစားပေးမည်ဖြစ်ကြောင်း။

## အရည်အသွေးများမကျအောင် ထိန်းထား

အခက်အခဲတွင်လည်း နှစ်မျိုးရှိနိုင်ပါကြောင်း၊ ယင်းနှစ်မျိုးအနက် လုပ်ထုံးလုပ်နည်းများ ခက်ခဲ၊ ရှုပ်ထွေး၊ ကြန့်ကြာသည်များကို ပြင်ပေးနိုင်ရန်မှာ လွယ်လွယ်ကူကူနှင့် ပြင်ပေး၍ ရပါကြောင်း၊ သို့သော်လည်း စံသတ်မှတ်ထားသည်များကို လျှော့ချပေးရန်မှာ မသင့်တော်ပါကြောင်း၊ ယင်းမှာ ကိုဗစ်ကာလအတွင်း စံသတ်မှတ်ချက်များချပေးမှသာ အရောင်းအဝယ်လုပ်ရန် လွယ်ကူမည်ဆိုပါက ရေရှည်တွင် မကောင်းပါကြောင်း၊ ယခုအချိန်တွင်လည်း မကောင်းပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် လက်ရှိအနေအထားအား ကျမသွားရန် ထိန်းထားရမည်ဖြစ်ကြောင်း၊ စီးပွားရေးတွင်သာမကဘဲ နိုင်ငံ၏အဆင့်၊ လူနေမှုအဆင့်အတန်း၊ ကုန်ပစ္စည်းများ၏ အရည်အသွေးများ မကျအောင်လည်း ထိန်းထားရမည်ဖြစ်ကြောင်း၊ FDA နှင့်စပ်လျဉ်း၍ တချို့ကိစ္စများမှာ ရေရှည်စီးပွားရေးတိုးတက်မှုနှင့်လည်း ဆက်နွှယ်နေပါကြောင်း၊ FDA သတ်မှတ်ထားသည့် စံနှုန်းများသည် နိုင်ငံတကာစံနှုန်းများကို မမီပါက ရေရှည်တွင် မိမိတို့နိုင်ငံ၏ ထွက်ကုန်များမှာ တိုး၍ရမည်မဟုတ်ပါကြောင်း၊ ပြည်သူများအတွက်လည်း ကောင်းမည်မဟုတ်ပါကြောင်း၊ အများအားဖြင့် FDA က စံနှုန်းများ သတ်မှတ်သည်မှာ ပြည်သူများ၏ ကောင်းကျိုး၊ ပြည်သူများ၏ ရေရှည်ကျန်းမာရေးကောင်းမွန်ရန်၊ အန္တရာယ်ကင်းရန်အတွက် ဦးတည်ကာ ထုတ်ပြန်ထားခြင်း ဖြစ်ပါကြောင်း၊ သို့သော် မလိုအပ်ဘဲ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးကြန့်ကြာစေပါက ပြန်ကြည့်ပေး၍ ရပါကြောင်း၊ တချို့သတ်မှတ်ထားသည့် စံနှုန်းများမှာ မိမိတို့နိုင်ငံနှင့် မကိုက်ညီပါက ပြန်စဉ်းစား၍ ရပါကြောင်း၊ သို့သော် အဆင့်နှိမ့်ပေးရန်မှာ မဖြစ်နိုင်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မအောင်မြင်နိုင်

မိရိုးဖလာလုပ်ငန်းများတွင် ငွေကြေးချေးပေးသည့်နေရာတွင် လက်လီလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်သူများအား ချေးငွေရယူရေး လွယ်ကူစေရန် လုပ်ပေးမည်ဖြစ်ပါကြောင်း၊ ယခု လုပ်ငန်းများသို့ ချေးငွေထုတ်ပေးသည်မှာ တော်တော်များများရှိနေပြီဖြစ်ကြောင်း၊ ယင်းသို့ ချေးငွေထုတ်ချေးခြင်းကြောင့် မည်ကဲ့သို့ အကျိုးဆက်ရှိသည်ကိုလည်း လေ့လာရပါကြောင်း၊ ချေးငွေချေးပြီး ပြန်ပေးရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ ထပ်မံ လိုအပ်သူများကို ပြန်ထုတ်ချေးပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း၊ လက်လီ လုပ်ကိုင်သူများ၏ စီးပွားရေး အခြေအနေကောင်းမှသာ နိုင်ငံစီးပွားရေးလည်ပတ်မှု တစ်ခုလုံး ရှင်သန်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်း သတိထားလုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ နည်းပညာအသုံးပြု အွန်လိုင်းစနစ်များဖြင့် စီးပွားရေးလည်ပတ်နိုင်ရန် အစိုးရအနေဖြင့် ကူညီဆောင်ရွက်နေပြီး အလေးထားကာ ဖြစ်မြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်အလွန်ကာလအတွက် အမြဲစဉ်းစားနေရပြီး လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်အောင် ယခု စည်းမျဉ်းစည်းကမ်းများကို ထုတ်ရပါကြောင်း၊ မလုပ်ဖူးသည့်ကိစ္စများကို အကျိုးဆက်ကောင်းရန်လည်း စဉ်းစားရပါကြောင်း၊ အကျိုးဆက်ကောင်းမည်ဟု ခန့်မှန်းလုပ်သော်လည်း မည်မျှကောင်းမည်ကို လက်တွေ့ကျမှသာ သိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများကိုလည်း ပူးပေါင်းဆောင်ရွက်ရန် အမြဲဆော်ဩနေသကဲ့သို့ ဆက်လက်၍လည်း ဆော်ဩရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မအောင်မြင်နိုင်ပါကြောင်း၊ ဥပမာအစိုးရက ချေးသည့် ချေးငွေများကို မှန်မှန်ကန်ကန်သုံးစွဲရန် လိုပါကြောင်း၊ မိမိတစ်ယောက်တည်းအတွက်သာမက နိုင်ငံ၏စီးပွားရေးလည်ပတ်မှုအပေါ် အထောက်အကူပြုမည့် နည်းလမ်းများနှင့် သုံးစွဲရန်မှာ အင်မတန်မှ အရေးကြီးပါကြောင်း၊ လက်လီပိုင်းကိုလည်း မမေ့သလို လက်ကားပိုင်းကိုလည်း မမေ့ပါကြောင်း၊ အဘက်ဘက်ကို တွက်ဆလုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း၊ ယခုပြောကြားချက်များအား မှတ်သားထားပါကြောင်း။

## နိုင်ငံတကာသို့ ဝင်ရောက်နိုင်ရန် လုပ်ဆောင်

ကုန်ထုတ်သူများနှင့် ကုန်များဖြန့်ဖြူးသူများအနေဖြင့် ဆက်သွယ်မှုပို၍ ခိုင်မာသည်ဟု ယူဆပါကြောင်း၊ SME အကြောင်းအရာများ၊ ချေးငွေ၊ နည်းပညာနှင့် ချေးငွေကိစ္စရပ်များကို တင်ပြချက်များသည် တော်တော်များများတူညီကြပါကြောင်း၊ FDA ကိစ္စအနေဖြင့် အချို့မှာ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ မြေနေရာများ၊ အဆောက်အဦ ပိုင်ဆိုင်မှုများကို စဉ်းစားပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ၏ အရည်အသွေးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာသို့ ဝင်ရောက်နိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နည်းပညာတင်မက ကျန်းမာရေး ပညာများပါ ပါဝင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် နည်းပညာကောင်းသော်လည်း သဘာဝနှင့်နီးစပ်ပြီး ကျန်းမာရေးအတွက်ကောင်းသည့် ထုတ်ကုန်များမှာ ဈေးပိုကြီးတတ်ပါကြောင်း၊ နိုင်ငံတကာတွင် ယင်းသို့ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် အော်ဂဲနစ် အစားအစာများမှာ ဈေးပိုကြီးပါကြောင်း၊ နိုင်ငံချမ်းသာသည့်အတွက် ဈေးပိုပေးရသော်လည်း ဝယ်ယူသူများလာပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးအတွက်ကို သာကြည့်၍မရဘဲ ဈေးနှုန်းကိုလည်း ကြည့်ရပါကြောင်း၊ ပစ္စည်းဝယ်ရာတွင် တတ်နိုင်၊ မတတ်နိုင်ကိုလည်းကြည့်ရသည့်အတွက် သန့်သန့်ပြန့်ပြန့်ဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်သည့် ပစ္စည်းများသည် အနည်းငယ်ရောင်းရခက်မည်ဖြစ်ပါကြောင်း၊ နည်းပညာဖြင့် ဈေးနှုန်းသက်သာအောင် ထုတ်လုပ်နိုင်ရန် ကူညီရေးသည်တစ်ကဏ္ဍဖြစ်ပြီး ယင်းကိုလည်း ကူညီနိုင်ရန်ကြိုးစားပေးမည်ဖြစ်ကာ မှတ်သားထားပါကြောင်း၊ တစ်ဖက်တွင်လည်း ကျန်းမာရေးအတွက် အဆင့်မြင့်သည့် ပစ္စည်းများထုတ်လုပ်လျှင် လွယ်လွယ်ထုတ်သည့် ထုတ်ကုန်များထက် ဈေးပိုများမည်ဖြစ်ပါကြောင်း၊ ယင်းကုန်ပစ္စည်းများကို မိမိတို့ နိုင်ငံသားများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည်ဖြစ်ပါကြောင်း။

## အကျိုးရှိအောင်သုံးစွဲ

ချေးငွေကိစ္စများကိုလည်း သေသေချာချာ ပြန်ကြည့်ပေးမည်ဖြစ်ပါကြောင်း၊ အမှန် တကယ်လိုအပ်နေသူများ ရရှိနိုင်ရန် မည်သို့လုပ်ပေးရမည်နှင့် ချေးငွေရရှိနိုင်ရန် လုပ်ပေးနိုင်မည့် နည်းလမ်းများကို စဉ်းစားပေးမည် ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်လို အပ်သည့်အခါ သိုလှောင်ထားသည်များ ရှိရန်လိုပါကြောင်း၊ သုံးစွဲရာတွင်လည်း အကျိုးရှိအောင်သုံးစွဲရမည် ဖြစ်ပါကြောင်း၊ လွယ်လွယ်နှင့် သုံးစွဲ၍ မဖြစ်ပါကြောင်း၊ အဆင့်များသတ်မှတ်စိစစ်ရပါကြောင်း၊ လွယ်လွယ်နှင့် ထုတ်ချေးပေးပါက အချို့မှာ ပြန်မပေးနိုင်မည်ကို စိုးရိမ်၍ မယူသည်မှာ ကောင်းမွန်သည့် စိတ်ဓာတ်၊ တာဝန်သိသည့်စိတ်ဓာတ်ဖြစ်ပါကြောင်း၊ ချေးငွေရယူပြီးပြန်ပေးရမည့် အမြင်ရှိသည့် စိတ်ကူးမှာအားရစရာကောင်းသည့် စိတ်နေစိတ်ထားဖြစ်ပါကြောင်း၊ ချေးပြီး ပြန်မပေးနိုင်၊ မပေးဘူးဆိုသည့် စိတ်ထားမှာ တာဝန်မဲ့ပြီး ပေါ့ပေါ့ဆဆနှင့် လေးနက်မှုမရှိဘဲ မိမိလုပ်ငန်းအပေါ်တွင်လည်း သေချာမစဉ်းစားဘူးဆိုသည့် သဘောရှိပါကြောင်း၊ ချေးငွေသက်တမ်း တစ်နှစ်မှာ SME လုပ်ငန်းရှင်များအတွက် စဉ်းစားစရာဖြစ်သည်ဆိုသည်ကို စဉ်းစားပေးမည်ဖြစ်ပါကြောင်း၊ အာမခံချက် အတိုင်းအတာတစ်ခုရှိပြီး လိုအပ်သူများ ရရှိစေရန်နှင့် ပြန်ပေးနိုင်ရန်လည်း လုပ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှလည်း ချေးမည့်သူများ ပြန်ပေးနိုင်ရန် မည်သို့ကူညီနိုင်မည်ကို စဉ်းစားပေးမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## ပြန်လည်ဆွေးနွေး

ယခုခေတ်တွင် အားလုံးပူးပေါင်းဆောင်ရွက်မှ တိုးတက်မည်ကို သိလာကြပြီဖြစ်ပါကြောင်း၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ရန်သူများမဟုတ်ဘဲ ပူးတွဲလုပ်ရမည့် သူများဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်းနိုင်ငံကို တိုးတက်ဖွံ့ဖြိုးစေချင်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်သည့် အခွင့်အလမ်းများစွာရှိပါကြောင်း၊ စီးပွားရေးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ကူညီ၍ အတူတူလုပ်ဆောင်ကြရန်မှာ အရေးကြီးပါကြောင်း ပြန်လည်ဆွေးနွေးသုံးသပ်ပြောကြားသည်။

## ဈေးကွက်တွင် ထိုးဖောက်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိအနေဖြင့် SME ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ Agency ဥက္ကဋ္ဌဖြစ်သည့်အတွက် SME လုပ်ငန်းများတွင် ထဲထဲဝင်ဝင် လုပ်ကိုင်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ကိုင်ခဲ့စဉ် ကိုဗစ်-၁၉ မဖြစ်ပွားမီ SME လုပ်ငန်းများသည် ကုန်စည်ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကြောင်း၊ SME လုပ်ငန်းများသည် ကြော်ငြာရန် အခက်အခဲရှိသည့်အတွက် ထိုသို့ ကုန်စည်ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ဈေးကွက်တွင် ထိုးဖောက်သွားသည်ကိုတွေ့ရပါကြောင်း၊ မိမိတို့ SME များကို တွန်းအားပေးရန်အတွက်ဆိုလျှင် ကိုဗစ်-၁၉ အလွန်တွင် နည်းလမ်းရှာရန် လိုအပ်ပါကြောင်း၊ ထိုနည်းလမ်းမှာ Online မှ ကြော်ငြာသည့် နည်းလမ်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုအနေဖြင့် E-Commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေပါကြောင်း၊ E-Commerce လုပ်ငန်းများ မှတ်ပုံတင်ရေး၊ E-Commerce လုပ်ငန်းများ၏ ဂိုက်လိုင်းထွက်ပေါ်ရေးများကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် E-Commerce လုပ်ငန်းများကလည်း ပါဝင်လာသည်ကို တွေ့ရှိရပါကြောင်း၊ Myanmar Shop dot ဆိုလျှင် ၎င်းတို့၏ Website တွင် SME လုပ်ငန်းများ အခမဲ့ဝင်ရောက် ကြော်ငြာရောင်းချခွင့်ပြုထားကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် လက်လီ၊ လက်ကားရောင်းဝယ်သူများနှင့် SME လုပ်ငန်းများ ချိတ်ဆက်မှုများ၏ အဓိကပြဿနာတွေ့ရသည်မှာ FDA ကိစ္စဖြစ်ကြောင်း၊ လက်လီ၊ လက်ကားရောင်းဝယ်သူများသည် FDA လက်မှတ် မပါလျှင် ၎င်းတို့၏ ဈေးကွက်တွင် တင်မရောင်းသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် FDA ၏ အသိအမှတ်ပြု လက်မှတ်ရရှိရန် အလွန်အရေးကြီးပါကြောင်း၊ FDA အနေ ဖြင့်လည်း ကျန်းမာရေးလုပ်ငန်းတစ်ခုမကဘဲ စီးပွားရေးဆန်သည့် ကျန်းမာရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု မျှော်မှန်း

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယနေ့တွင် ထုတ်လုပ်သည့်အပိုင်း၊ ဖြန့်ဖြူးသည့်အပိုင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ကဏ္ဍတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ သို့သော် အားလုံးလုပ်ကိုင်ဆောင်ရွက်နေသည်မှာ ပြည်သူများနှင့် စားသုံးသူများအတွက် ဖြစ်ပါကြောင်း၊ အတူတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် ကိုဗစ်အချိန်ကာလကို ကျော်လွှားရုံသာမကဘဲ ယခုအချိန်ကာလ၏ အတွေ့အကြုံများကြောင့် ကိုဗစ်အလွန်ကာလတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု မျှော်မှန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

### ပြန်လည်ရှင်းလင်းဖြေကြား

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Arguments and Facts သတင်းဌာန၊ ZVEZDA သတင်းဌာန၊ RT သတင်းဌာန၊ Red star သတင်းဌာနနှင့် Politic မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များနှင့် သတင်းထောက်တို့အား Crowne Plaza Hotel တွင် သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ပါဝင်ခဲ့သည့် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍများ၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်လျက်ရှိပြီး လွှတ်တော်အတွင်း၌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အထောက်အကူပြုလုပ်ငန်းများတွင် တပ်မတော်၏ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာတပ်မတော်နှင့် ရုရှားတပ်မတော်၏ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသည် အလျင်အမြန်တိုးတက်လျက်ရှိပြီး ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အကျိုးဖြစ်ပေါ်စေသည့် အခြေအနေများနှင့် အခြားသိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Irkut Coporation မှ နိုင်ငံတကာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဒုတိယဥက္ကဋ္ဌ Mr.Vladimir N. Sautov တို့ တွေ့ဆုံဆွေးနွေးစဉ်။
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

### အပြန်အလှန်ဆွေးနွေး

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Irkut Coporation မှ နိုင်ငံတကာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဒုတိယဥက္ကဋ္ဌ Mr.Vladimir N. Sautov နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဖမ်းဆီးရမိဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖျက်ဆီး

နေပြည်တော် ဇွန် ၂၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဖမ်းဆီးရမိဓာတု ပစ္စည်းများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖျက်ဆီးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့ အေးရှားဝေါလ်တိုးဂိတ်အနီးကွင်းပြင်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြုလုပ်သည်။



အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကွတ်ခိုင်မြို့နယ်မြေခံတပ်မှ စစ်ဗျူဟာမှူးနှင့် တပ်မတော်သားများ၊ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖျက်ဆီးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များက ဖမ်းဆီးရမိဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးကြပြီး ဖမ်းဆီးရမိဓာတုပစ္စည်းများအား မြေမြှုပ်ဖျက်ဆီးခြင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား စက်ယန္တရားများအသုံးပြု၍ ဖျက်ဆီးခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့ဖျက်ဆီးသည့် ဖမ်းဆီးရမိဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများသည် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်လွယ်ခန်ဒေသတွင် တပ်မတော်စစ်ကြောင်းများ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထူးစစ်ဆင်ရေး ပြုလုပ်သိမ်းဆည်းရမိသော ဓာတုပစ္စည်း ၄၇ မျိုးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း အမျိုး ၅၀၊ တန်ဖိုးငွေကျပ် သန်းပေါင်း ၃၃၇၉ သန်းခန့် (အမေရိကန် ဒေါ်လာ ၂ ဒသ ၃ သန်းကျော်) တို့ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင် ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ စစ်တွေ မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ မော်ဘီ(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၀၆ လက်မ၊ မြစ်ကြီးနားမြို့နှင့် နမ့်စန်မြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီ၊ ကျောက်တော်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ပလက်ဝမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ဘုရား သုံးဆူမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၀ ဒသမ ၇၈ လက်မနှင့် တမူးမြို့တွင် ၀ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ကလေးခရိုင်အတွင်း ဒုတိယအကြိမ်အင်းလေလံနှင့် ပထမအကြိမ်တင်ဒါငါးဖမ်းကွက်များ လေလံတင်ရောင်းချ

ကလေး ဇွန် ၂၃

၂၀၁၉-၂၀၂၀ ငါးလုပ်ငန်းရာသီအတွက် ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဒုတိယအကြိမ် အင်းလေလံနှင့် ပထမအကြိမ် တင်ဒါငါးဖမ်းကွက်များအား လေလံရောင်းချခြင်းအခမ်းအနားကို ဇွန် ၂၃ ရက်တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက "Covid-19 ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ငါးစားသုံးခြင်းအားဖြင့် ကိုယ်ခံအားကောင်းမွန်စေကြောင်း၊ ငါးရေရှည် စဉ်ဆက်မပြတ် စားသုံးရန်မှာ ငါးသယံဇာတထိန်းသိမ်းရေးမှာလည်း အဓိကဖြစ်ကြောင်း၊ ငါးရစ်ငါးသန်ကာလများတွင် ငါးဖမ်းဆီးခြင်း မပြုလုပ်ရန် အင်း/တင်ဒါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးများ၏ (၁၀) ကြိမ်မြောက် ကြားဖြတ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် video conferencing ဖြင့် ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) ဝန်ကြီးများ၏ (၁၀) ကြိမ်မြောက် ကြားဖြတ်အစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Tran Tuan Anh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီး Ms. Myung Hee Yoo က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ၏ ဆွေးနွေးဖက် နိုင်ငံများဖြစ်ကြသော ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်သည်။

အစည်းအဝေး၌ ဝန်ကြီးများက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည့် တတိယအကြိမ် RCEP ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၏ လမ်းညွှန်ချက်အတိုင်း ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုကြသည်။

ဆက်လက်၍ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌက RCEP သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းပြီးစီးမှုအခြေအနေများကို ဝန်ကြီးများထံ တင်ပြရာတွင် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီအစည်းအဝေးများ ကျင်းပခဲ့မှုနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ညှိနှိုင်းရန် ကျန်ရှိသည့် ကိစ္စရပ်များကို ဝန်ကြီးများထံသို့ တင်ပြ၍ လမ်းညွှန်မှုခံယူသည်။ ဝန်ကြီးများက တင်ပြသော အစီရင်ခံစာကို မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းရန် ကျန်ရှိနေသောကိစ္စများအပေါ် ဆွေးနွေးလမ်းညွှန်ခြင်းနှင့် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိသည့်ကိစ္စရပ်များအတွက် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီသို့ တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလ အတွင်း Virtual အစည်းအဝေးများ စဉ်ဆက်မပြတ်ပြုလုပ်၍ သိသာထင်ရှားသော ရလဒ်များ ရရှိအောင် ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား ချီးကျူးပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေး၌ စိန်ခေါ်မှုများ ရှိနေချိန်တွင် RCEP သဘောတူစာချုပ်ကို အပြီးသတ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ RCEP ကို လက်မှတ်ရေးထိုးခြင်းသည် ကမ္ဘာ့စည်းမျဉ်းအခြေခံသော နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ဆက်လက်ထိန်းသိမ်း၍ ခိုင်မာအားကောင်းသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ကို ထင်ဟပ်စေမည်ဖြစ်ကြောင်း၊ ညှိနှိုင်းရန် ကျန်ရှိနေသော ကိစ္စရပ်များကို အချိန်မီ ပြီးစီးအောင် အတတ်နိုင်ဆုံး ဖြေလျှော့မှုများပေး၍ အပြန်အလှန်နားလည်မှုကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံးကို တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ၏ (၁၀) ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေး ပူးတွဲကြေညာချက်ကို ဝန်ကြီးများက အတည်ပြုသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ RCEP ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီအဖွဲ့ ခေါင်းဆောင် ဦးသန်းအောင်ကျော်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၁၆) ကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်း၍ (၁၆) ကြိမ်မြောက် အမျိုးသားအဆင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**





အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် (ILO) ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အလုပ်ရှင် ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆုံးဖြတ်ချက် ၁၀ ချက်ချမှတ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲ(NTDF) အစည်းအဝေးကို လေးလတစ်ကြိမ် ပုံမှန် ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော် Park Royal Hotel ၌ ၁၅ ကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင် ဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၀ ချက်ချမှတ်ခဲ့ပါကြောင်း၊ လက်ရှိအခြေအနေမှာ ကမ္ဘာ့တစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဖွဲ့စည်း၍ စိန်ခေါ်မှုများကို ပြည်သူနှင့်အတူ ရင်ဆိုင်ကျော်လွှားလျက် ရှိပါကြောင်း၊ (၁၆) ကြိမ်မြောက် ဆွေးနွေးပွဲကို ယခင် အစည်းအဝေးများကဲ့သို့ တစ်နေရာတည်း မျက်နှာချင်းဆိုင်တွေ့ဆုံ၍ ကျင်းပနိုင်ရေးအတွက် ကန့်သတ်ချက်များကြောင့် ယခုလို Video Conferencing စနစ်ဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကဏ္ဍအလိုက် အလုပ်သမားများနှင့် အလုပ်အကိုင်အပေါ် များစွာသက်ရောက်ခဲ့ပြီး နိုင်ငံအလိုက် သာမက ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်အထိ တုံ့ပြန်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးနှင့်စီးပွားရေး ကဏ္ဍအထူးသဖြင့် ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ဟိုတယ်နှင့် ခရီးသွားလာမှုကဏ္ဍများတွင် သက်ရောက်မှုများခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူလူထုကျန်းမာရေးကို ဦးစားပေးဆောင်ရွက်နေပြီး စီးပွားရေးပြန်လည်ထူထောင်ရန်နှင့် စီးပွားရေးအကျိုးသက်ရောက်မှုများအပေါ် လျော့ပါးသက်သာစေရန် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် Covid – 19 Economic Relief Plan (CERP) ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

### ဖြေလျှော့ပေး

အလုပ်သမားများအပေါ် ကိုဗစ်-၁၉ သက်ရောက်မှုများကို တုံ့ပြန်မည့် သက်ဆိုင်ရာမူဝါဒများ ချမှတ်၍ အစီအစဉ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဖြေလျှော့ပေးသည့်အနေဖြင့် မြန်မာငွေကျပ် ဘီလီယံ ၁၀၀ ကို ကနဦး မတည်ပေးခဲ့ပြီး CMP၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ MSMEs များကို နှစ်စဉ်အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ထောက်ပံ့ကာ ၂၀၂၀ ပြည့်နှစ် မကုန်မီ ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးရန် စီမံထားရှိပါကြောင်း။

လူမှုဖူလုံရေးထည့်ဝင်ကြေးများကို သုံးလခန့် ဆိုင်းငံ့ပေးခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေးအကျိုးဝင်သူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှု အကျိုးခံစားခွင့်များကို အလုပ်လက်မဲ့ဖြစ်သည့် နေ့မှစ၍ ခြောက်လမှ တစ်နှစ်အထိတိုးမြှင့်ပေးခြင်း၊ ဆေးကုသမှုနှင့်ခရီးသွားလာမှု အကျိုးခံစားခွင့်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ် ၁၃၈ ကို လက်ခံကျင့်သုံးရန် ဇွန် ၈ ရက်တွင် ILO ညွှန်ကြားရေးမှူးချုပ်ထံပေးပို့ မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသဖြင့် ယင်းရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်ကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအား အသိပေးလိုပါကြောင်း။

### အတည်ပြု

အာဆီယံဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မေ ၁၄ ရက်တွင် “အလုပ်သမား၊ အလုပ်အကိုင်နှင့် ပတ်သက်၍ ကိုဗစ်-၁၉ သက်ရောက်မှုများကို တုံ့ပြန်ခြင်းဆိုင်ရာ အာဆီယံ အလုပ်သမားဝန်ကြီးများ အဆင့်အထူးအစည်းအဝေး”ကို Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ ရာ အစည်းအဝေးတွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ ပူးတွဲသဘောတူညီချက်ကို အတည်ပြုခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ကူးစက်ခံရသော အလုပ်သမားအားလုံးကို ခွဲခြားမှုမရှိစေဘဲ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ဆေးကုသမှုဆိုင်ရာအကူအညီများပေးရန်၊ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တွင် တုံ့ပြန်မှုရှိသော အလုပ်သမားဈေးကွက်မူဝါဒ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစံနှုန်းများ၊ လူမှုရေးအကာအကွယ်စနစ်များ၏ ထိရောက်မှုရှိပြီး ဟန်ချက်ညီသည့် လူမှုရေးတွေ့ဆုံဆွေးနွေးမှုမှ တစ်ဆင့်အားဖြည့်ဆောင်ရွက်ရန်၊ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးအစီအစဉ်များနှင့် လျင်မြန်သော တုံ့ပြန်ဆောင်ရွက်ရေးကို ထောက်ပံ့ကူညီရန် ဗဟုသုတများမျှဝေခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာအကူအညီပေးရေး၊ အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းကဲ့သို့ အပြန်အလှန်သဘောတူညီထားသည့် နယ်ပယ်များတွင် အာဆီယံဆွေးနွေးဘက်များနှင့် အခြားသော ပါဝင်ပတ်သက်သူများ၊ သုံးပွင့်ဆိုင်မိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်တို့ ပါဝင်ပါကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများနှင့် အလုပ်အကိုင်အပေါ် သက်ရောက်မှုများကို ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder နှင့် ဝန်ကြီးများ Open Session ဆွေးနွေးခဲ့ပြီး ILO ညွှန်ကြားရေးမှူးချုပ်က ကိုဗစ်-၁၉ အကျပ်အတည်းကာလကို ကျော်လွှားရန်နှင့် ကပ်ရောဂါ သက်ရောက်မှုကို ခံစားနေရသည့် အာဆီယံပြည်သူများကို ကူညီရန်သာမက ကပ်ရောဂါကာလအလွန် အာဆီယံမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါကြောင်း။

### ရလဒ်ကောင်းများရရှိမည်

ယနေ့ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးအစီအစဉ်များ၊ ကောင်းမွန်သော အလေ့အကျင့်များ၊ သင်ခန်းစာများ၊ ဆက်လက် ဆောင်ရွက်ရမည့် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအကြား သတင်းအချက်အလက်များ မျှဝေဖလှယ်ခြင်းဖြင့် ရလဒ်ကောင်းများ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Video Conferencing စနစ်ဖြင့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li ၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့မှ အသီးသီးနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လက်ရှိတွေ့ကြုံနေရသည့် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာတစ်နိုင်ငံလုံးတွင် ၁၆ ခုတင်မှ ခုတင် ၂၀၀၀ ဆံ့ အထိ စုစုပေါင်းဆေးရုံ ၁၁၅၂ ရုံ၊ ဆေးရုံခုတင်ပေါင်း ၅၅၃၉၄ ခုတင်ဖြင့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

**ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၂ ရက် က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

**အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၏ ရှင်းလင်းပြောကြားချက်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် မိမိတို့ ဝန်ထမ်းများအတွက် အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး၊ အဆင်ပြေဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် ရရှိသည့်အရင်းအမြစ် လူအင်အား၊ ငွေအင်အား၊ အတွေ့အကြုံ၊ ပညာနှင့် ကျွမ်းကျင်မှုတို့အပေါ် မူတည်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိ ယနေ့ပြောကြားမည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာကာလအတွင်း ပြောင်းလဲတိုးတက်မှု ဆောင်ရွက်မှုလုပ်ငန်းများသည် အဓိကအားဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများ၊ ဝန်ကြီးဌာနအောက်တွင်ရှိသည့် ဝန်ထမ်းများအားလုံး၏ လုပ်ဆောင်မှုများ ဖြစ်ပါကြောင်း။

## လေ့လာသုံးသပ်ဆောင်ရွက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထူးခြားမှုကတော့ စက်ရုံအလုပ်ရုံများလို မဟုတ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များသည် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်နွှယ်နေပါကြောင်း၊ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များသည် အထက်ညွှန်ကြားချက်များ၊ ပြည်သူများ၏အသံ၊ ဝန်ထမ်းများ၏အသံ၊ သတင်းမီဒီယာများ၏အသံနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မေးမြန်းချက်၊ အကြံပြုချက်များကို အလေးထားစဉ်းစားပြီး မိမိတို့ ဝန်ကြီးဌာနသည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလိုဆောင်ရွက်သည့်အခါ မိမိတို့ နိုင်ငံတစ်ခုတည်းကို မကြည့်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၏လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် လေ့လာသုံးသပ်ပြီး ဆောင်ရွက်ပါကြောင်း။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ချမှတ်ထားသည့် Guideline နှင့် Standard Operating Procedure (SOP) များနှင့် သတင်းအချက်အလက်ကို လေ့လာကြည့်ရှုပြီး မိမိတို့အနေဖြင့် ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ကုသရေးပိုင်းရှုထောင့်မှ စဉ်းစားပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်အသေးစိတ်ကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် ထင်သာမြင်သာရှိစေရန် ထည့်သွင်းအသိပေးထားပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အရင်းအမြစ်များသည် အကန့်အသတ်ရှိသဖြင့် ရနိုင်သည့်အခြေအနေပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

စတုတ္ထတစ်နှစ်တာတွင် သစ်လွင်ဆရာဝန် ၇၂၃ ဦး၊ သူနာပြုဆရာမ ၁၇၇၄ ဦး၊ သားဖွားသစ်လွင် ၈၃၉ ဦး၊ အခြားအမှုထမ်း ၁၀၆၂ ဦး စုစုပေါင်းဝန်ထမ်းသစ် ၄၃၉၈ ဦး ခန့်ထားခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ဝန်ထမ်းအိမ်ရာများ ဦးစား ပေးဆောက်လုပ်ပေးခဲ့ရာ ယခုအချိန်ထိ ဆောက်လုပ်ပြီးစီး/ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာ ပေါင်း ၄၇၄၇ ခု၊ အိမ်ခန်းပေါင်း ၂၃၅၂၂ ရှိခဲ့ပြီဖြစ်ပါကြောင်း။

## ပြည်ပနိုင်ငံများသို့ စေလွှတ်

စတုတ္ထတစ်နှစ်တာတွင် ဝန်ထမ်းများ အရည်အသွေးတိုးတက်မှုများနှင့်ပတ်သက်၍ ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အခြားဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန်အတွက် ပြည်ပနိုင်ငံများသို့ စေလွှတ်လျက်ရှိရာ ယခုနှစ်အတွင်း Ph.D ဘွဲ့ ၃၁ ဦး၊ M.Sc ၄၇ ဦး၊ ၆ လအောက် သင်တန်း ၄၂၀ ဦး၊ ၆ လ အထက် သင်တန်း ၇၃ ဦး၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၉၇၅ ဦး စုစုပေါင်း ၂၅၄၇ ဦး စေလွှတ်နိုင်ခဲ့ပါကြောင်း။

လက်ရှိအစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ (၄) နှစ်တာကာလအတွင်း ပြည်ပသို့ စုစုပေါင်း ၈၁၉၅ ဦး စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ပြည်ပသို့ သွားရောက်၍ ပညာသင်ရမည့် အခွင့်အရေးများကို တတ်နိုင်သမျှ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန်အတွက် ပြည်တွင်းသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကျင်းပဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်အတွင်း ဝန်ကြီးဌာနအနေဖြင့် သင်တန်း ၂၇၅ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၁၁၂ ကြိမ်၊ အစည်းအဝေး ၅၀၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုလိုဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် ရေရှည်တွင် အလွန်အကျိုးရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်သည့်အခါ ပိုမိုလျင်မြန် သွက်လက်ပြီး မှန်ကန်တိကျစွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် e-Governance System ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစီးဌာနအသီးသီးရှိ ကျန်းမာရေးဌာနများတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများ သိသင့်သော Health Messages များပါဝင်သည့် Mobile Tablet စုစုပေါင်း ၁၁၁၉၆ လုံးကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များထံ ဖြန့်ဝေပေးခဲ့သည့်အပြင် COVID-19 ကာလတွင် မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်များအတွက် ၇၇၂ လုံး၊ Fever Surveillance Post တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းအများတွက် ၃၃၃ လုံးကို ဖြန့်ဝေပေးခဲ့ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်နိုင်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ်ရှိ မြို့နယ်များတွင် Mobile Tablet အသုံးပြု၍ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်း (Mobile Birth and Death Registration – MBDR) လုပ်ငန်းကို UNICEF နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အတိုချုံးပြောရမည်ဆိုလျှင် ဆေးရုံအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းအနေဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ အစရှိသည့် ရောဂါ ၁၀ မျိုးဆိုင်ရာ ကျန်းမာရေးပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ၊ ရုပ်သံဗီဒီယိုများကို ရောဂါတစ်ခုချင်းအလိုက် ဝင်ရောက်ကြည့်ရှုနိုင်သည့် QR Code များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အဓိကအနေဖြင့် မိမိတို့နိုင်ငံတွင် ပြည်သူများ ကျန်းမာရေးစာတတ်မြောက်မှု မြင့်မားလာစေရန် အရေးကြီးပါကြောင်း၊ ကျန်းမာရေးအသိပညာမြင့်ရင် မြင့်သလို တော်တော်များများသော ရောဂါမဖြစ်တော့ဘဲ ဆေးရုံလာရောက်ပြသသော လူနာအရေအတွက် နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ ဆရာဝန်များအနေဖြင့်လည်း ဆေးရုံ၌ နည်းပါးသောလူနာများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးသတင်းအချက်အလက်များ တိကျမှန်ကန်စေရန်အတွက် DHIS2 စနစ် အသုံးပြုခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၃၃၀ နှင့် ဆေးရုံ ၆၃၃ ရုံတို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး DHIS2 ကို အသုံးပြု၍ Electronic Hospital Reporting System ကို ပြည်သူ့ဆေးရုံ ၁၀၄၁ ရုံတို့တွင် အီလက်ထရွန်နစ်စနစ်ကို အသုံးပြုနိုင်ပြီဖြစ်ပါကြောင်း၊ အလားတူပဲ ပြည်သူ့ကျန်းမာရေးတွင်လည်း မြို့နယ်အားလုံးတွင် ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုအားဖြည့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပိုမိုအဆင်ပြေလွယ်ကူ စေရန် အတွက် လှိုင်သာယာ၊ တောင်ဥက္ကလာပ၊ အမျိုးသမီးနှင့်ကလေးဆေးရုံ မော်လမြိုင်၊ တောင်ကြီး၊ စစ်တွေနှင့် မြစ်ကြီးနားဆေးရုံတို့တွင် တိုးချဲ့ ၄ ထပ်ဆောင်အသစ်များကို ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မွန်ပြည်နယ် မော်လမြိုင် အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတိုးချဲ့ ငါးထပ်ဆောင်ကိုလည်း တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါကြောင်း။

မြန်မာတစ်နိုင်ငံလုံးတွင် ၁၆ ခုတင်မှ ခုတင် ၂၀၀၀ ဆံ့ အထိ စုစုပေါင်းဆေးရုံ ၁၁၅၂ ရုံ၊ ဆေးရုံခုတင်ပေါင်း ၅၅၃၉၄ ခုတင်ဖြင့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

## တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့

ထို့အပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် COVID-19 မဖြစ်ခင်ကတည်းက အထူးကြပ်မတ်ကုသဌာန (ICU) များကို အဆင့်မြှင့်တင်လျက်ရှိပါကြောင်း၊ ပုသိမ်ပြည်သူ့ ဆေးရုံကြီးနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ မန္တလေးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးများတွင်လည်း အထူးကြပ်မတ်ကုသဌာန (Intensive Care Unit) များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် အဆင့်မြင့် ကျောက်ကပ်သွေးသန့်စင်သည့်ဌာနများကိုလည်း ဟားခါး၊ ဖလမ်းနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် SOP, Guideline များစွာထုတ်ဝေနိုင်ခဲ့ပါကြောင်း။

ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် ပြည်သူ့ဆေးရုံများတွင် ၂၀၁၉ ခုနှစ်အတွင်း ပြင်ပလူနာ စုစုပေါင်း ၁၁ ဒသမ ၉ သန်း၊ အတွင်းလူနာ ၃ ဒသမ ၁ သန်း လက်ခံကုသပေးခဲ့ပါကြောင်း။

ပြည်သူ့ဆေးရုံများတွင် ၂၀၁၉ ခုနှစ်အတွင်း ခွဲစိတ်ကုသမှု စုစုပေါင်း ၇၉၈၄၃၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး အထူးခွဲစိတ်ကုသမှုများအနေဖြင့် ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်း ၁၀၂၇ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း ၅၈၇၇ ကြိမ်နှင့် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်ကုသခြင်း ၈၅၂ ကြိမ်တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါကြောင်း၊ ခွဲစိတ်ပေးခဲ့သည် ဝန်ကြီးဌာနမှ ဆရာဝန်များကိုလည်း ကျေးဇူးအထူးတင်ပါကြောင်း။

## အောင်မြင်စွာမွေးဖွား

ထို့ပြင် ဗဟိုအမျိုးသမီးဆေးရုံကြီး ရန်ကုန်၌ သားသမီးများ ရလိုသူများအတွက် Fertility Centre ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားနှင့် တတိယမြောက် ဖန်ပြွန်သန္ဓေသားတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသားသွေးဌာနသည် တစ်နှစ်အတွင်း ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများမှ လူနာများ၏အရေးပေါ် သွေးလိုအပ်ချက်များကိုပါ ထောက်ပံ့လျက်ရှိရာ ဆေးရုံပေါင်း ၃၀ ခန့်သို့ လစဉ်ထောက်ပံ့လျက်ရှိပါကြောင်း၊ တစ်နှစ်လုံးအနေဖြင့် သွေးယူနစ်စုစုပေါင်း ၁၉၄၅၂၂ ယူနစ် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

အလားတူစွာပဲ လူနာများ ဆေးရုံသို့လာရောက်ပြသသည့်အချိန်တွင် အဆင်ပြေ ချောမွေ့စေရန်အတွက် လူနာကြိုဆိုရေးစနစ်ကို တစ်နိုင်ငံလုံးရှိ ခုတင် ၁၀၀ နှင့်အထက် ဆေးရုံများ၌ လူနာကြိုဆိုရေးဌာနများဖွင့်လှစ်၍ အစီရင်ခံကာလအတွင်း ဆေးလူမှုဆက်ဆံရေးမှူး ဝန်ထမ်းများအနေဖြင့် ဆေးရုံသို့ လာရောက်သော လူနာ နှစ်သန်းခန့်အား ကူညီမှုများပေးခဲ့ပါကြောင်း။

ပြည်သူများအား ထိရောက်စွာကုသပေးနိုင်ရန်နှင့် ဆေးအလေအလွင့် နည်းပါးစေရန်အတွက် ခွေးကိုက်လူနာကုသမှုဌာနများကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီး လေးရုံတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း။

ခွေးရူးပြန် ရောဂါကာကွယ်ဆေးနှင့် ပဋိပစ္စည်းများကို နိုင်ငံတော်မှ ငွေကျပ်သန်း ၄၂၈၉ သန်းဝယ်ယူ၍ ကုသမှုပေးခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူ ၂၄၅ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၆၈ ဦးအထိ လျော့ကျလာခဲ့ပါကြောင်း။

ထို့အပြင် အသည်းရောင်အသားဝါ(စီ) ရောဂါပိုးဖြစ်ပွားသူ ၃၂၅၇ ဦးအား Direct Acting Antiviral ဆေးဝါးများဖြင့် အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် HIV ဖြစ်ပွားမှုများသော မြို့နယ်များတွင် ART ဆေးကုသပေးသည့် ဌာနများကို ၃၉၇ ခုအထိ လည်းကောင်း၊ ART ဆေးတိုက်ကျွေးခြင်းကို (၁၈၄,၆၈၄)ဦးထိ ဆေးပေးနိုင်ခဲ့ပြီး ခန့်မှန်းအိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူများ၏ ၇၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီးကုသမှုပေးနိုင်ခဲ့ပါကြောင်း။

မက်သဒုန်းအစားထိုး တိုက်ကျွေးသည့်ဌာနများကို ၇၁ ခုအထိသို့ လည်းကောင်း၊ မိခင်မှ သန္ဓေသားသို့ HIV ကူးစက်မှုကာကွယ်ရေးလုပ်ငန်းကို မြို့နယ် ၃၂၆ ခုအထိသို့ လည်းကောင်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

HIV ကာကွယ်ရေးနှင့် သွေးစစ်ဆေးရေးလုပ်ငန်းများကို အမျိုးသမီးလိင်အလုပ်သမများ၌ ၈၅ ရာခိုင်နှုန်း၊ အမျိုးသားချင်း လိင်တူဆက်ဆံသူများ၌ ၅၂ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မူးယစ်ဆေးသွေးကြောတွင်း ထိုးသွင်းသူ ၁၉၉၉၁ ဦးကို မူးယစ်ဆေးအစားထိုး မက်သဒုန်း ဆေးတိုက်ကျွေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ၈၉၅၄၁၁ ဦးအား HIV သွေးစစ်ဆေးနိုင်ခဲ့ပါကြောင်း။

## အခမဲ့ရှာဖွေကုသပေးနိုင်

တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအနေဖြင့် ရောဂါကာကွယ်ခြင်း၊ ရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းတီဘီလူနာသစ် ၁၃၃၀၉၅ ဦး အခမဲ့ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်း ၈၇ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေကုသခြင်းလုပ်ငန်းများကို ဆေးယဉ်ပါးတီဘီလူနာ ၂၅၈၁ ဦးကို အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ပြီး ဆေးယဉ်ပါးတီဘီ ဆေးကုသမှုအောင်မြင်နှုန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဆေးယဉ်ပါးတီဘီ ရောဂါ ရှိ/မရှိ အခြေအနေကို အချိန်နှစ်နာရီအတွင်း ရှာဖွေစစ်ဆေးပေးနိုင်သည့် Gene Xpert စက်ကို ယခုအခါ ၁၀၈ လုံးထိ တိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီး ခရိုင်အားလုံးနှင့် မြို့နယ်အချို့တွင် လွှမ်းခြုံအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

TB/HIV ရောဂါရှာဖွေကုသရေးလုပ်ငန်းအနေဖြင့် တီဘီလူနာများ၏ ၉၅ ရာခိုင်နှုန်းကို HIV ပိုးရှိ/မရှိ စစ်ဆေးပေးနိုင်ခဲ့ပြီး HIV ပိုးရှိတီဘီလူနာများ၏ ၇၄ ရာခိုင်နှုန်းခန့်ကို ART ဆေးကုသမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## ထက်ဝက်ခန့် ကျဆင်း

မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုအခြေအနေမှန်ကို သိရှိနိုင်မည့် 4th Nationwide TB Prevalence Survey စစ်တမ်းကောက်ယူနိုင်ခဲ့ပြီး အဆိုပါစစ်တမ်းအရ တီဘီရောဂါဖြစ်ပွားမှုမှာ ၂၀၀၉ ခုနှစ် စစ်တမ်းနှင့်နှိုင်းယှဉ်ကြည့်ပါက ထက်ဝက်ခန့် ကျဆင်းသွားကြောင်း သိရှိရပါကြောင်း။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး Trachoma Prevalence Survey–2019 ကို မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၄၂၀ တွင် စစ်တမ်းကောက်ယူနိုင်ခဲ့ပြီး မျက်ခမ်းစပ်ရောဂါ ကင်းဝေးရေး ကြေညာနိုင်ရေးစီစဉ်လျက်ရှိပါကြောင်း။

အလားတူစွာပဲ "Vision 2020" ရရှိနိုင်ရန်အတွက် တစ်နှစ်အတွင်း လူဦးရေတစ်သန်းတွင် အတွင်းတိမ်ခွဲစိတ်နှုန်းကို ၃၀၀၀ ရရှိနိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၆၁၆ ဦးအထိ ရရှိနေပြီဖြစ်ပါကြောင်း။

မွေးကင်းစအရွယ်မှစ၍ ကလေးများကို ကာကွယ်ဆေးအမျိုးအစားအသစ်များကို ထည့်သွင်းထိုးနှံတိုက်ကျွေးလျက်ရှိရာမှ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပြင်းထန်ဝမ်းလျှော၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဝမ်းပျက်ကာကွယ်ဆေး (Rota virus vaccine) ကို ထပ်မံထည့်သွင်းတိုက်ကျွေးနိုင်ခဲ့သဖြင့် ယခုအခါ ရောဂါ ၁၂ မျိုးကို ကာကွယ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ငါးမျိုးစပ် ကာကွယ်ဆေးတတိယအကြိမ် လွှမ်းခြုံမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၉၀ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကာကွယ်ဆေးလွှမ်းခြုံမှု လက်လှမ်းမမီသော လူအုပ်စုများသို့ ကာကွယ်ဆေး ပိုမိုရောက်ရှိစေရန် ရည်ရွယ်၍ ခုတင် ၁၀၀ နှင့်အထက် ဆေးရုံ ၉၈ ရုံတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း။

မြို့ပြရွှေ့ပြောင်း လူအုပ်စုများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ကျန်းမာရေးဝန်ထမ်းများ မရောက်ရှိနိုင်သည့်နေရာများတွင် ကာကွယ်ဆေး ပိုမိုရောက်ရှိစေရန် တိုင်းရင်းသားများ စေတနာ့ဝန်ထမ်းများဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါ ပပျောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ရာ စုစုပေါင်း ၂၁၁ မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသူ ကိုးဦးသာ ရှိပါကြောင်း။

**ရွေးချယ်ဆု ချီးမြှင့်ပေး**

ပြည်သူ့ဆေးရုံများ ဆေးကုသမှု အရည်အသွေးပြည့်ဝစေရန်နှင့် သန့်ရှင်းသပ်ရပ်ပြီး ပြည်သူလူထုယုံကြည်အားထားရသည့် ပြည်သူ့ဆေးရုံများ ဖြစ်ပေါ်လာစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စံပြမြို့နယ်ဆေးရုံနှင့် စံပြတိုက်နယ်ဆေးရုံများကို ဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ပြ အညွှန်းကိန်းအပေါ်အခြေခံ၍ ရွေးချယ်ဆု ချီးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

ဆရာဝန်၊ ဆရာမများနှင့် နီးနွယ်ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန်အတွက် အထပ်ပေါင်း ရှစ်ထပ်ပါဝင်သော Medical Skills, Simulation and Research Center ကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ဝန်ထမ်းအရေအတွက်များပြီး အရည်အသွေးမကောင်းရင် အလကားပဲဖြစ်၍ အရည်အသွေးကောင်းမွန်စေရန် အလေးထားဆောင်ရွက်နေပါကြောင်း။

ထို့အပြင် ဆရာတို့သိထားသည့်အတိုင်း သူနာပြု၊ သားဖွားဆရာမ မလုံလောက်သဖြင့် ပြီးခဲ့သည့်နှစ်များထက် သူနာပြုများကို နှစ်ဆပိုခေါ်ယူခဲ့ပါကြောင်း၊ ယခင်က ၁၈၀၀ မှ ၃၇၀၀ ကျော်အထိ တိုးမြှင့်ခေါ်ယူခဲ့ပါကြောင်း၊ ယခုနှစ်တွင် ၄၈၀၀ အထိ တိုးမြှင့်ခေါ်ယူမည်ဖြစ်ပါကြောင်း၊ မကြာခင်ကာလတွင် သူနာပြုများ လုံလောက်လိမ့်မည်ဟု ယူဆပါကြောင်း။

**သင်တန်းများ ဖွင့်လှစ်**

ထို့အပြင် သူနာပြု/သားဖွားများ ဒီပလိုမာရရှိပြီး လုပ်သက် သုံးနှစ်ရှိသူများအတွက် B.N.Sc(Bridge Course) On–Campus အချိန်ပြည့်တစ်နှစ်သင်တန်း၊ သူနာပြု/သားဖွား ဒီပလိုမာရရှိပြီး လုပ်သက် ၁၀ နှစ်ရှိသူများအတွက် သူနာပြုသိပ္ပံတွဲ့(ပေါင်းကူး) B.N.Sc (Bridge Course) Off–Campus အချိန်ပိုင်း နှစ်နှစ်သင်တန်းများ ဖွင့်လှစ်နိုင်ပြီး လုပ်ငန်းခွင်မပျက်တက်ရောက်နိုင်ရန် သင်ကြားပေးလျက်ရှိပါကြောင်း။

အလုပ်စဝင်ကတည်းက သားဖွားဆရာမ ရာထူး၊ ပင်စင်ယူသည့်အချိန်တွင်လည်း သားဖွားရာထူး မဖြစ်စေရန် Bachelor of Midwifery Sciences (B.M.Sc) Curriculum ၂ နှစ်ကို အသစ်ရေးဆွဲနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှစ၍ စတင်ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ဘွဲ့ရဆိုလျှင် သားဖွားဆရာမများ အရာရှိဖြစ်ဖို့ အလားအလာအခွင့်အလမ်းများလာမည်ဖြစ်ပါကြောင်း။

**သူနာပြုအင်အား တောင့်တင်းလာမည်**

သူနာပြုသင်တန်းကျောင်းအသစ် ၂ ကျောင်းကို မြောင်းမြတွင် ၁ ကျောင်း၊ ရွှေဘိုတွင် ၁ ကျောင်းနှင့် သားဖွားသင်တန်းကျောင်းအသစ် ၁ ကျောင်းကို ဟားခါးမြို့တွင် ဆောက်လုပ်ပြီး စတင်လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း၊ မကြာခင်ကာလအတွင်းတွင်လည်း ပုဂ္ဂလိက သူနာပြု/သားဖွား အတတ်ပညာသင်ကျောင်းများ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကျောင်းများ ဖွင့်လှစ်လာနိုင်ပါက သူနာပြုအင်အား တောင့်တင်းလာမည်ဖြစ်ပါကြောင်း။

ဆေးတက္ကသိုလ်များ၏ ဆေးပညာဘွဲ့ကြို သင်ရိုးညွှန်းတမ်းအား သမားရိုးကျသင်ကြားနည်းမှ နိုင်ငံတကာတွင် သင်ကြားလျက်ရှိသော သင်ကြားမှုစနစ်များနှင့် လိုက်လျောညီထွေမှုဖြစ်စေရေးအတွက် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက် သင်ကြားနည်းဖြင့် သင်ကြားသော သင်ရိုးညွှန်းတမ်း – Outcome Based Integrated Curriculum ဖြင့် စတင်သင်ကြားလျက်ရှိပါကြောင်း။

ဒီသင်ကြားရေးစနစ်သည် အလွန်ကောင်းမွန်သည့်အတွက် နောက် ၅ နှစ်/ ၆ နှစ်တွင် ထွက်ပေါ်လာမည့် ဆရာဝန်များ၏ အရည်အသွေးက အလွန်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ဒီစနစ်ကိုရေးဆွဲပေးသည့် ပါမောက္ခများကို ကျေးဇူးတင်ပါကြောင်း။

ယခုနှစ်တွင် ဆေးပညာဘွဲ့ ၁၄၆၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ၂၄၄ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ ၂၈၅ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ ၂၃၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၁၁၁၆ ဦး၊ သူနာပြုဒီပလိုမာ ၁၆၅၈ဦး၊ သားဖွားဆရာမ ၁၃၅၁ ဦး အပါအဝင် စုစုပေါင်းပညာရှင် ၇၀၀၀ ဦးခန့်ကို လေ့ကျင့်မွေးထုတ်နိုင်မည်ဖြစ်ပါကြောင်း။

သတင်းမီဒီယာများ အနေဖြင့်လည်း အဆိုပါဘွဲ့ရများ အလုပ်ခွင်သို့ ဝင်ရောက်စေရန် မဲဆွယ်စည်းရုံးပေးစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် အလုပ်ခွင်တွင် အဆင်ပြေစေရန် တတ်နိုင်သလောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဘွဲ့များ ပေးအပ်လျက်ရှိ**

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်က ဒီပလိုမာ ၁၄ မျိုး၊ မဟာသိပ္ပံဘွဲ့ ၅၈ မျိုး၊ ပါရဂူဘွဲ့ ၁၅ မျိုး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ၄၉ မျိုး၊ စုစုပေါင်း ၁၃၆ မျိုးသော ဘွဲ့များ ပေးအပ်လျက်ရှိပါကြောင်း။

ဝေးလံခက်ခဲဒေသများတွင် တာဝန်ထမ်းဆောင်ရန် ဒေသခံဆရာဝန်များ မွေးထုတ်ပေးနိုင်ရန်အတွက် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ယခုပညာသင်နှစ်အတွက် ကျောင်းသား/ ကျောင်းသူ ၅၉ ဦးတို့အား ဆေးတက္ကသိုလ်များသို့ အထူးအခွင့်အရေးဖြင့်တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ ယခင်နှစ်များက အဆိုပါဒေသများမှ ဆေးတက္ကသိုလ်တက်ရောက် ခွင့်ပြုခဲ့ပြီး ဘွဲ့ရရှိသူ ဆရာဝန် ၂၂ ဦးအား မကြာမီက အလုပ်ခန့်ပြီးဖြစ်သဖြင့် ၎င်းတို့သည် သက်ဆိုင်ရာ ခက်ခဲဒေသသို့ သွားရောက်၍ ၅ နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း။

**သင်ရိုးညွှန်းတမ်းရေးဆွဲပြီးဖြစ်**

ပြည်သူအများစုသည် ပြင်ပဆေးခန်းများတွင် ဆေးကုသကြသဖြင့် ပြင်ပဆေးခန်းမှ ဆရာဝန်များ၏ အရည်အသွေးမြှင့်တင်ရန်အတွက် မိသားစုကျန်းမာရေး ဆေးပညာမဟာသိပ္ပံ M.Med.Sc. (Family Medicine) သင်တန်းကို ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲပြီးဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းပြင်ပ ဆရာဝန်များ မဟာဘွဲ့ရရှိပါက ပြည်သူများကို အရည်အသွေးပြည့်ဝသောဝန်ဆောင်မှုများ ပိုမိုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

နောက်တစ်ခုအနေဖြင့် ဆေးသုတေသနလုပ်ငန်းများကို ပြောကြားလိုပါကြောင်း၊ သုတေသနသည် နိုင်ငံတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံခြားတွင် တက္ကသိုလ်နှင့် သုတေသန၊ ဆေးရုံနှင့် သုတေသနခွဲခြား၍ မရပါကြောင်း။

ဒါကြောင့် သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန (Research Capacity Strengthening Training Centre) ကို ပြင်ဦးလွင်၌ ဖွင့်လှစ်ခဲ့ပြီး အဆိုပါဗဟိုဌာန၌ သုတေသနစွမ်းဆောင်ရည် မြှင့်တင်ရေးလက်မှတ်ရသင်တန်းများ ပို့ချလျက်ရှိပါကြောင်း။

**ထောက်ပံ့ပေးလျက်ရှိ**

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးမှူးများအား သုတေသနစွမ်းဆောင်ရည်မြှင့်တင်သည့် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတစ်ခုကို ကျင်းပနိုင်ခဲ့ပြီး သုတေသနအဆိုပြုလွှာ ၆ စောင်ကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေပါ တစ်ပါတည်း ပံ့ပိုးနိုင်ခဲ့ပါကြောင်း၊ သုတေသနယဉ်ကျေးမှုထွန်းကားလာစေရေးအတွက် အသုံးချသုတေသန ၃၈၅ ခုအတွက် ငွေကျပ်သန်း ၁၃၀၀ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခုနှစ်တွင် ငွေကျပ်သန်း ၃၀၀၀ အထိတိုး၍ ကျန်းမာရေးဝန်ထမ်း အလွှာပေါင်းစုံ၊ နေရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ လက်တွေ့အသုံးချ သုတေသနများ ဆောင်ရွက်နိုင်ရေး ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယခင် Ethics Review Committee ကို သုတေသနကျင့်ဝတ်နှင့်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ရေးဘုတ်အဖွဲ့ – Institutional Review Board(IRB) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

သုတေသနပြုလုပ်မှုများ တိုးတက်လာခဲ့ရာ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနမှတ်ပုံတင်ခြင်း(Health Research Registry)တွင် သုတေသနစုစုပေါင်း ၁၁၀၂၅ ခုအထိ ရှိလာပြီဖြစ်ပါကြောင်း၊ ထို့အပြင် သုတေသနလုပ်သင့်သော ခေါင်းစဉ်များဘဏ် (Research Title Bank)လည်း ရှိလာပြီဖြစ်၍ သုတေသနလုပ်ချင်သော ပုဂ္ဂိုလ်များသည် အဆိုပါဘဏ်မှ သုတေသနခေါင်းစဉ်များကို အလွယ်တကူ ရယူလုပ်ဆောင်နိုင်ပါကြောင်း။

**တိုင်းရင်းဆေးကို အားကိုးအားထားပြုနေ**

တိုင်းရင်းဆေးကဏ္ဍအနေဖြင့် တိုင်းရင်းဆေးရုံများတွင် အတွင်းလူနာ ၁၅၇၅၃ ဦး၊ ပြင်ပလူနာ ၃၁၇၅၂၄ ဦး ကုသပေးနိုင်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးရာတွင် ၄၃၆၇၆ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပါကြောင်း၊ ဒါကို ကြည့်ခြင်းအားဖြင့် ပြည်သူများသည် တိုင်းရင်းဆေးကို အားကိုးအားထားပြုနေသည်ကို တွေ့ရှိရပါကြောင်း။

တိုင်းရင်းဆေးရုံနှင့် ဆေးကုဌာနများတွင် ရောဂါအမည်တပ်ခြင်းကို နိုင်ငံတကာအဆင့်အတန်းမီ ICD 10 စနစ်သုံးပြီး ၁၅၁ မျိုးသောရောဂါများကို သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းဆေးဝါးစက်ရုံ (ရန်ကုန်၊ မန္တလေး) ၂ ရုံရှိပြီး အဆိုပါစက်ရုံ ၂ ရုံကို ပေါင်းစည်းအောင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီး နာယကအဖွဲ့ကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း။

**အထူးအကြံပေးအဖွဲ့ကို ဖွဲ့စည်း**

တိုင်းရင်းဆေးတက္ကသိုလ်သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန်နှင့် တိုင်းရင်းဆေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Emeritus Professor ၃ ဦး၊ Honorary Professor ၃ ဦး၊ Honorary Associate Professor ၁ ဦးနှင့် Visiting Lecturer ၁ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်၍ တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၎င်းတို့သည် အတွေ့အကြုံအလွန်ရှိသော ဆရာကြီးများဖြစ်၍ တိုင်းရင်းဆေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲများသည်လည်း အဆင့်အတန်းမြင့်မားလာပြီး ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်း ၂၁ စောင်၊ ပိုစတာ ၅ စောင်ကို တင်သွင်းဖတ်ကြားနိုင်ခဲ့ပါကြောင်း၊ ထို့အတူ တိုင်းရင်းဆေးတက္ကသိုလ်တွင်လည်း သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခဲ့ပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်းမရှိပါက လုံးဝတိုးတက်လာမည် မဟုတ်ပါကြောင်း။

အစားအသောက်နှင့်ဆေးဝါးဆိုင်ရာကိစ္စရပ်များအနေဖြင့် မိမိအပါအဝင် ပြည်သူအားလုံးအတွက် အစားအသောက်နှင့်ဆေးဝါးများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ အစားအသောက်နှင့်ဆေးဝါးအပြင် အလှကုန်၊ လူသုံးကုန်ကဲ့သို့သော ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊ ဆေးပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း။

ထို့အပြင် လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း။

**အရည်အသွေးထိန်းသိမ်း**

အစားအသောက် ကြီးကြပ်ကွပ်ကဲရေးတွင်လည်း ပြည်တွင်းလုပ်ငန်းများအား အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက်ထုတ်ပေးခြင်း၊ လုပ်ငန်းသစ် ၅၁၄ မျိုး၊ လုပ်ငန်း သက်တမ်းတိုးခြင်း ၁၀၃၅ မျိုးနှင့် သွင်းကုန်လုပ်ငန်းထောက်ခံချက်အနေဖြင့် ၃၄၀၀၆ မျိုး၊ ပို့ကုန်လုပ်ငန်း ၄၅၆ မျိုးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ဒီလိုဆောင်ရွက်ခြင်းသည် အရည်အသွေးကို ထိန်းသိမ်းခြင်း ဖြစ်ပါကြောင်း။

ဆေးဝါးကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများအနေဖြင့် စံမညီဆေးဝါးတွေ့ရှိမှု ၄ မျိုး၊ ပြည်တွင်း ဆေးဝါးစက်ရုံမှတ်ပုံတင်ခြင်း ၁၈ မျိုး၊ ဆေးဝါးဈေးကွက်စစ်ဆေးခြင်း ၇၇၉ ကြိမ်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း ၂၉၁၃ မျိုး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ မှတ်တမ်းတင်ခြင်း လျှောက်ထားမှုအတွက် Online Booking System ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အစားအသောက် အဏုဇီဝဓာတ်ခွဲခန်း (Food Microbiology Lab) သည် ၂၀၁၉ ခုနှစ်၊ မေလတွင် ISO လက်မှတ်ရရှိခဲ့ခြင်းသည် အလွန်ဂုဏ်ယူစရာကောင်းပါကြောင်း။

ဆေးပစ္စည်းကြီးကြပ်ကွပ်ကဲရေးအနေဖြင့် ဆေးပစ္စည်းထုတ်လုပ်လိုင်စင် ၄ ခု၊ ဆေးပစ္စည်းမှတ်ပုံတင်ခြင်း ၂၈ မျိုး၊ ဆေးပစ္စည်းဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်း ၄၅၈ မျိုး၊ ဆေးပစ္စည်းတင်သွင်းခွင့်လုပ်ငန်း (မှတ်တမ်းတင်) အမျိုးပေါင်း ၁၆၆၂၁ မျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အလှကုန်ပစ္စည်း ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများအနေဖြင့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း ၄၀၊ ဈေးကွက်မတင်မီ စိစစ်ခြင်းနှင့် အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း လက်မှတ် ၂၆၃ ခု၊ အလှကုန်ပစ္စည်း ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်း ၁၂၄၁ မျိုး၊ အလှကုန် ပစ္စည်းမှတ်တမ်းတင်ခြင်း ၉၉၀၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်း (Post–market Surveillance) ဆောင်ရွက်ခြင်းအနေဖြင့် ဆေးပစ္စည်းနမူနာ ၃၄၇ မျိုး၊ အလှကုန် ၁၂၄၁ မျိုး၊ ဆေးဝါး ၁၆၇၇ မျိုးနှင့် အစားအသောက် ၁၄၄၄၄ မျိုးတို့အား စစ်ဆေးနိုင်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ရွေ့လျားမော်တော်ယာဉ် ဓာတ်ခွဲခန်း (Mobile Lab Van) များဖြင့် စုစုပေါင်း ၈၁၂၁ နမူနာရယူ၍ အစားအသောက်များ ဘေးအန္တရာယ် ရှိ/မရှိ စစ်ဆေးခြင်းအား ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဆောက်လုပ်ပေး**

အားကစားကဏ္ဍအနေဖြင့် ပြည်သူများ အားကစားလှုပ်ရှားမှုလုပ်နိုင်ရန်အတွက် အားကစားကွင်း/အားကစားရုံ/ရေကူးကန်များ ဆောက်လုပ်ပေးလျက်ရှိရာ အားကစားကွင်း ၈ ကွင်း၊ အားကစားရုံ ၄၄ ရုံ ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

နေပြည်တော် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များအတွက် Physical Fitness Dance သင်တန်း (၄)ကြိမ် ဖွင့်လှစ်ခဲ့ရာ ၇၁၂ ဦး တက်ရောက်ခဲ့ပြီး ယောဂနည်းပြသင်တန်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ရာ သင်တန်းသား ၂၅၄ ဦး တက်ရောက်ခဲ့ပါကြောင်း။

အများပြည်သူများ လွတ်လပ်စွာလေ့ကျင့်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် Outdoor Fitness Equipments ၁၈၁၇ စုံအား တပ်ဆင်ပေးခဲ့ပါကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ် (EIM) ကို ကျောင်းသားလူငယ်များ၊ ပြည်သူများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မူးယစ်ဆေးဝါးကုသရေး စခန်းများ၊ အကျဉ်းထောင်များ၊ IDP Camp များတွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဂုဏ်ထူးတန်းများ ဖွင့်လှစ်ထား**

မျိုးဆက်သစ် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများကို (၂၇)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိပြီး ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့၌ B.Sc(Sports) ဘာသာရပ်၊ သိပ္ပံဘွဲ့(အားကစားပညာ) ဂုဏ်ထူးတန်းများကိုလည်း ဖွင့်လှစ်ထားနိုင်ခဲ့ပါကြောင်း။

ဒီဇင်ဘာအားကစားလှုပ်ရှားမှုများအနေဖြင့် တစ်နိုင်ငံလုံးတွင် အင်အား ၂၈၈၂၂၇၀၀ ပါဝင်ခဲ့ပြီး နွေရာသီအားကစားအခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး ကျောင်းသားဦးရေ ၉၀၂၀၁၂၈ ဦးအနက် သင်တန်းသားဦးရေ ၇၁၉၅၆၃ ဦး ပါဝင်ခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် ယခုလို သတင်းမီဒီယာများက စိတ်ဝင်တစား လာရောက်ဆွေးနွေးမေးမြန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရာတွင်လည်း သတင်းမီဒီယာ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ သတင်းမီဒီယာဘက်မှလည်း ဝန်ကြီးဌာနကို အကောင်းမြင်ဝါဒဖြင့် အကြံဉာဏ်များ ပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဟန်မျိုးစိုး၊ ကေတာ**

# ပြည်သူလူထုအနေနဲ့ သတင်းပေးမယ်ဆိုရင် ဘယ်ရဲစခန်းပဲဖြစ်ဖြစ် တိတိကျကျ သတင်းပေးဖို့လို လူမှုကွန်ရက်ပေါ်မှာ ပါနေတာနဲ့တော့ ဒီသတင်းက မှန်တယ်လို့ အတည်ပြုနိုင်ခြင်းမရှိ

နေပြည်တော် ဇွန် ၂၃

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

**အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများက သိရှိလိုသည့် မေးခွန်းများ မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့မှုများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

သတင်းမီဒီယာများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ပြောင်းရွှေ့မှု မူဝါဒ၊ မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သည့် ဘာသာရေးစော်ကားမှုနှင့် ပတ်သက်၍ တရားရုံးက ပြစ်ဒဏ်ချမှတ်မှု၊ လှိုင်သာယာမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လုယက်မှုတွင် လုယက်သူများ သေဆုံးသွားပြီး ပြန်လည်ခုခံသည့် အမျိုးသားအား အရေးယူမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

### ရဲတပ်ဖွဲ့ဝင်များ၏ ပြောင်းရွှေ့မှု မူဝါဒ

ထိုသို့ ဖြေကြားရာတွင် "မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ နယ်ခြားစောင့် လုံခြုံရေးရဲတပ်ဖွဲ့တွေ၊ သီးခြားရဲတပ်ဖွဲ့တွေ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့တွေ သင်တန်းကျောင်းတွေ ဆိုပြီးတော့မှ ဖွဲ့စည်းထားပါတယ်။ အခု မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားဟာ အခုလောလောဆယ်မှာ ၄၈ ဒသမ ၁၆ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အရေးကြီးဆောင်ရွက်နေရတဲ့ လုံခြုံရေးရဲတပ်ဖွဲ့အင်အား၊ အရာရှိ အင်အားကို အဆင့်အလိုက်ဖွဲ့စည်းပုံရဲ့ ၁၀၀ ရာခိုင်နှုန်းနီးပါး ချထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့တွေကို လူနေထူထပ်မှုနဲ့ မှုခင်းတိုးပွားမှုများတဲ့ နေရာတွေမှာ အဆင့်အလိုက် အများဆုံးဖွဲ့စည်းပုံရဲ့ ၈၀ ရာခိုင်နှုန်းနီးပါး ချထားပါတယ်။ သီးခြားတပ်ဖွဲ့တွေရဲ့ တပ်ဖွဲ့အလိုက်ဆောင်ရွက်နေရတဲ့ လုပ်ငန်းသဘောသဘာဝအပေါ် မူတည်ပြီးတော့ အရာရှိအင်အားကို အများဆုံးဖွဲ့စည်းပုံရဲ့ ၆၀ ရာခိုင်နှုန်းနီးပါး ချထားပြီးတော့မှ သင်တန်းကျောင်းတွေရယ်၊ ကျောင်းအလိုက် ဖွင့်လှစ်လျက်ရှိတဲ့ သင်တန်းအမျိုးအစားအပေါ် မူတည်ပြီးတော့မှ အရာရှိတွေကို ၇၀ ရာခိုင်နှုန်းချထားပါတယ်။

" သတင်းထောက်ကြီး ခုနကမေးတဲ့ အပြင်ကွင်း၊ အဝေးကွင်း၊ အတွင်းကွင်း ဆိုပြီး အဲဒီလို ချထားတာကို အားလုံးလည်း ကြားဖူးကြမှာပါ။ အခုကျတော့ သုံးနှစ်တစ်ခါ ပြောင်းလိုက်ပါပြီ။ သုံးနှစ်တစ်ခါ ပြောင်းလိုက်တဲ့အခါမှာ တစ်ယောက်က အပြင်ကွင်းကနေ ပြောင်းလိုက်ရင် အကုန်လုံးဆက်ပြီး ပြောင်းနေတဲ့ ပုံစံမျိုးဖြစ်သွားတယ်။ အဲဒီလိုဖြစ်တဲ့အခါ မိသားစုရဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြားကိစ္စ၊ လူမှုရေးကိစ္စတွေလည်း ထိခိုက်တယ်ဆိုတာ ကျွန်တော်တို့ သိတဲ့အတွက်ကြောင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ အရာရှိ၊ အမှုထမ်းတွေ အကုန်လုံးနဲ့ မူဝါဒအစည်းအဝေး ခြောက်ကြိမ် လုပ်ပြီးပါပြီ။ အကြမ်းဖျင်းပြောရရင်တော့ အခုလုပ်တဲ့မူကတော့ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေ အကုန်လုံးကို ကျွန်တော်တို့က မဖြစ်မနေ သုံးနှစ်ကြာမှ ပြောင်းရွှေ့ရမှာ မဟုတ်ပါဘူး။ ပညာရေး၊ ကျန်းမာရေး အခက်အခဲ ပြောပြလို့ရှိရင် ကူးပြောင်းပေးမယ်။ ကျွန်တော်တို့ အဲဒီမှာမှ အုပ်စုတွေ ကျွန်တော်တို့ ဖွဲ့ထားပါတယ်။ အုပ်စုတစ်ကတော့ မသွားချင်တဲ့ နေရာပေ့ါဗျာ။ အုပ်စုနှစ်ကတော့ ကောင်းတဲ့နေရာ၊ ကောင်းတဲ့နေရာဆိုတာ ပြည်နယ်နဲ့ တိုင်းဒေသကြီးရဲတပ်ဖွဲ့တွေကို ပြောတာပါ။ နောက်တစ်ခုကတော့ ကျွမ်းကျင်လို့ခေါ်တဲ့ CID၊ SP၊ မှုးယစ်တို့ ရေကြောင်းတို့၊ လေကြောင်းတို့ ခွဲထားတယ်။ နောက် သီးခြားရဲတပ်ဖွဲ့အဖြစ် ရထားတို့၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့တို့၊ ရေနံမြေရဲတပ်ဖွဲ့တို့၊ စည်ပင်သာယာရဲတပ်ဖွဲ့တို့ အဲဒီလို သတ်သတ်ဖွဲ့ထားတယ်။

"ဒီဘက်မှာကျတော့ ရကဖ ၁၊ ၂၊ ၃၊ သင်တန်းကျောင်းတွေနဲ့ ကယားတို့၊ ချင်းတို့ ထည့်ထားတယ်။ ဟိုဘက်ကျတော့ နယ်ခြားစောင့်တို့၊ စစ်တွေမှာရှိတဲ့ ရကဖ-၄ တို့၊ ရခိုင်တို့ကို သီးခြားစီဖွဲ့ထားတယ်။ မသွားချင်တဲ့နေရာကို အလှည့်ကျဆိုပြီး မူလက သွားရတယ်။ ကျွန်တော်တို့ဆိုရင် သုံးနှစ်ကြာတယ်။ ဒါပေမယ့် ကျွန်တော်ရှေ့မှာ ၁၀ နှစ်သမားရှိရင် အဲဒီ ၁၀ နှစ်သမားသည် အဲဒီနေရာကို မသွားချင်လည်းသွားမယ်၊ သွားပြီး နှစ်နှစ်နေမယ်။ နှစ်နှစ်နေပြီးလို့ရှိရင် ကိုယ်လိုချင်တဲ့နေရာကို ပြန်ပြောင်းမယ်။ ကျွန်တော့်နောက်က နောက်တစ်ယောက်၊ အဲဒီမူလေးနဲ့ အလှည့်ကျသွားပါတယ်။ သွားတဲ့အခါကျတော့ ကျွန်တော်တို့ တတ်နိုင်သမျှ မိသားစုလိုက် ပြောင်းရွှေ့ရတဲ့ ဒုက္ခတွေ၊ ပညာရေးခက်ခဲတဲ့ကိစ္စတွေမဖြစ်အောင် ကျွန်တော်တို့ လုပ်သွားပါမယ်။

" သုံးနှစ်ပြောင်းလိုက်တဲ့အခါ ဘယ်လိုဖြစ်သွားသလဲဆိုတော့ ပြောင်းလိုက်တယ်။ ရောက်စက နယ်မြေမသိသေးဘူး။ နယ်မြေကိုလည်းသိရော ပြောင်းလာရပြန်ရော။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဆိုတာက ပြည်သူလူထုနဲ့ အမြဲတမ်းထိတွေ့နေရတဲ့အခါကျတော့ ကျွန်တော်တို့က ပြည်သူလူထုနဲ့ အမြဲတမ်း နှစ်ကြာလာလေ ပိုသိလာလေဖြစ်တဲ့ အတွက်ကြောင့်မို့ ပြောချင်တာက ဟိုတုန်းကလို သုံးနှစ်ကြာတာနဲ့ မပြောင်းရတော့ပါဘူး။



ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ရှင်းလင်းဖြေကြားစဉ်။

" ပြောင်းရရင်လည်း ကျွန်တော်တို့က နောက်ကျရင် နောက်မှပဲ ပြောင်းရမယ်။ မသွားချင်တဲ့နေရာကို သွားရမယ်။ နှစ်နှစ် နေပြီးရင် ကိုယ်လိုချင်တဲ့နေရာကို ပ၊ ဒု၊ တရွေး၊ အဲဒီနေရာကို ပြန်ပေး၊ ပြန်ထားတဲ့စနစ်ကို ကျင့်သုံးမှာ ဖြစ်ပါတယ်။

### မိတ္ထီလာဖြစ်စဉ်အား ရှင်းလင်း

" နောက်တစ်ခုက မိတ္ထီလာကိစ္စကို တင်ပြပါ့မယ်။ မိတ္ထီလာကတော့ ၂၁-၅-၂၀၂၀ ရက်နေ့က မိတ္ထီလာမှာနေတဲ့ ကျော်ဝင်းသန့်က လူမှုကွန်ရက်ပေါ်မှာ ဘာသာရေးစော်ကားမှု ပြုလုပ်ခဲ့တဲ့အတွက်ကြောင့် မန္တလေးခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်အေးက ကျော်ဝင်းသန့်ကို အရေးယူပေးပါဆိုပြီး တိုင်တဲ့အတွက်ကြောင့် ချမ်းအေးသာဇံမြို့နယ် အမှတ် ၃ နယ်မြေရဲစခန်းကနေပြီးတော့မှ ရာဇသတ်ကြီး ပုဒ်မ ၂၉၄၊ ၂၉၅၊ ၂၉၅-(က) နဲ့ အမှုဖွင့်ပါတယ်။

" ဇွန် ၂ ရက်နေ့မှာပဲ ဥပဒေအကြံပြုချက်နဲ့အညီ ကျော်ဝင်းသန့်ကို ချမ်းအေးသာဇံမြို့နယ် တရားသူကြီးထံ တရားစွဲတင်ပို့တဲ့အခါ တရားရုံးက ရာဇဝတ်ကြီးအမှတ်နဲ့ လက်ခံစစ်ဆေးပြီးတော့ အဲဒီနေ့မှာပဲ တရားခံကို ရာဇသတ်ကြီး ပုဒ်မ ၂၉၄ (ခ) အရ ထောင်ဒဏ် သုံးလ၊ ရာဇသတ်ကြီး ပုဒ်မ ၂၉၅-(က)အရ အလုပ်နဲ့ ထောင်ဒဏ် တစ်နှစ် ခြောက်လ သီးခြားစီ စုစုပေါင်း တစ်နှစ်နဲ့ ကိုးလ ချလိုက်ပါတယ်။

" ရာဇသတ်ကြီး ပုဒ်မ ၂၉၄ ပြဋ္ဌာန်းချက်အရ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သတ်မှတ်ထားပါတယ်။ အလားတူပဲ ပုဒ်မ ၂၉၉-(က) မှာလည်း နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်စလုံး ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

" ဒီအမှုမှာ တရားခံကို စုစုပေါင်း တစ်နှစ်နဲ့ ကိုးလ ချလိုက်ပါတယ်။ အဲဒီတော့ ပြစ်ဒဏ်စီရင်ခြင်းဟာ သက်ဆိုင်ရာ တရားရုံးက ရုံးချိန်းစစ်ဆေး ပေါ်ပေါက်ချက်အပေါ်မူတည်ပြီး တရားသူကြီးရဲ့ ဆင်ခြင်တုံတရားနဲ့ စီရင်ခြင်းဖြစ်ပါတယ်။

" ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု တရားစီရင်ရေးပုဒ်မ ၃ မှာ တရားစီရင်ခွင့်ကို ပြဋ္ဌာန်းထားတဲ့အခါမှာ ပုဒ်မခွဲ ၃-(ဆ) မှာ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရာမှာ အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်သည်ဆိုပြီးတော့မှ ထည့်သွင်းထားပါတယ်။ အဲဒီတော့ တရားရုံးကချမှတ်တဲ့ အမိန့်ဆုံးဖြတ်ချက်နဲ့ စပ်လျဉ်းပြီးတော့ ပြင်ဆင်မှုလျှောက်ထားလိုတယ်ဆိုရင် ပြည်ထောင်စုရှေ့နေချုပ်ရုံး နည်းဥပဒေ ၁၂၈(ခ) အရ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းကလည်း ပြင်ဆင်မှုတင်သွင်းဖို့ သက်ဆိုင်ရာ ဥပဒေရုံးကို အကြောင်းကြားဆောင်ရွက်နိုင်ပါတယ်။

" ဒီအမှုမှာ ခရိုင် သာသနာရေးဦးစီးဌာနက တရားလိုပြု တိုင်တန်းတဲ့အတွက်ကြောင့် သက်ဆိုင်ရာ ဥပဒေရုံးကို အကြောင်းကြားဆောင်ရွက်နိုင်ပါတယ်။ ဒီအမှုမှာ ခရိုင်သာသနာရေးဦးစီးဌာနက တရားလိုပြုလုပ် တိုင်တန်းတာဖြစ်တဲ့အတွက်ကြောင့် ပြင်ဆင်မှုတင်သွင်းလိုရင် သက်ဆိုင်ရာ ခရိုင်သာသနာရေးဦးစီးဌာနက ဆောင်ရွက်နိုင်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး နည်းဥပဒေ ၁၂၈ (က) အရလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ အဆင့်မြင့်ဥပဒေရုံးက ညွှန်ကြားဆောင်ရွက်နိုင်ပါတယ်။ အလားတူပဲ သက်ဆိုင်ရာ တရားရုံးကလည်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၄၊ ၄၃၅ နဲ့အညီ ဆောင်ရွက်နိုင်ပါတယ်။ တရားရုံးစီရင်ချက်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဆောင်ရွက်ရန် မရှိပါဘူး။

### လှိုင်သာယာဖြစ်စဉ်အား ဥပဒေနှင့်အညီဆောင်ရွက်

" နောက်တစ်ခုက လှိုင်သာယာ ဖြစ်စဉ်ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် ၁ ပန်းလှိုင်ဂေါက်ကွင်း အနောက်ဘက်ခြမ်းမှာ မျိုးသက်လွင်နဲ့ သူ့ရည်းစား သမီးရည်းစား ချိန်းတွေ့ကြရာမှာ အမည်မသိ အမျိုးသားနှစ်ယောက်က ဖုန်းနဲ့ ပိုက်ဆံအိတ်ကို လုတဲ့အတွက်ကြောင့် မျိုးသက်လွင်က ပြန်လည်ခုခံတဲ့အခါမှာ အမည်မသိ ၂၆ နှစ်ခန့် အမျိုးသားမှာ လည်ပင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်နဲ့ လက်ပြင်တို့မှာ ထိုးသွင်းဒဏ်ရာ ပြတ်ရှဒဏ်ရာ ၁၁ ချက်နဲ့ ဒဏ်ရာရပါတယ်။ နောက်အမည်မသိ အသက် ၂၈ နှစ်ခန့် အမျိုးသားမှာလည်း ဝဲဘက်လက်ပြင် ထိုးသွင်းဒဏ်ရာ တစ်ချက်နဲ့ နှစ်ယောက်လုံး သေဆုံးသွားပါတယ်။ ဒါနဲ့ ပတ်သက်ပြီး လှိုင်သာယာမြို့မရဲစခန်းကနေပြီးတော့ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နဲ့ အမှုဖွင့်ခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရဲလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ သေဆုံးသူ နှစ်ယောက်ဟာ လှိုင်သာယာမြို့မှာနေတဲ့သူတွေ ဖြစ်တယ်လို့ သိရပါတယ်။ သူတို့က အရင်က ဖုန်းအမှုနဲ့ ထောင်ကျတဲ့သူတွေဖြစ်ကြောင်း သိရပါတယ်။ ဥပဒေအကြံပြုချက်အရ ၁၉-၃-၂၀၂၀ ရက်နေ့မှာ တရားခံ မျိုးသက်လွင်ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နဲ့ မြောက်ပိုင်းခရိုင်တရားရုံးကို တရားစွဲတင်ပို့ခဲ့ပါတယ်။

" အခု တရားရုံးက ရာဇဝတ်ကြီး အမှုအမှတ် ၈၅/၂၀၂၀ နဲ့ စစ်နေပါပြီ။ ကာကွယ်ခုခံပိုင်ခွင့်နဲ့ ပတ်သက်ပြီး ရှင်းလင်းလိုပါတယ်။ ကာကွယ်ခုခံပိုင်ခွင့်ဆိုတာ ရာဇသတ်ကြီး ပုဒ်မ ၉၆ ကနေ ၁၀၆ အထိ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းထားတဲ့အချက်တွေမှာ ဘယ်အချိန်မှာ ကာကွယ်ပိုင်ခွင့်ရှိတယ်၊ ဘယ်လောက်ထိ ကာကွယ်ခုခံနိုင်တယ်ဆိုတာကို ပြဋ္ဌာန်းထားပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ကတော့ တရားစွဲအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ စီရင်ဆုံးဖြတ်တဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ ကာကွယ်ခုခံပိုင်ခွင့်ထဲမှာ ကျရောက်ခြင်း ရှိ /မရှိ၊ ဥပဒေနဲ့အညီ သုံးစွဲခြင်း ရှိ / မရှိ၊ ကျော်လွန်ဆောင်ရွက်ခြင်း ရှိ/ မရှိဆိုတာကိုတော့ တရားရုံးကပဲ ဆုံးဖြတ်မှာဖြစ်ပါတယ်။ အမှုနဲ့ စွဲဆိုခံရသူအနေနဲ့ ကာကွယ်ခုခံပိုင်ခွင့်နဲ့အညီ သုံးစွဲကြောင်းကို တရားရုံးကပဲ ဆုံးဖြတ်တာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ထားကြောင်း တင်ပြလိုပါတယ်" ဟု ဖြေကြားသည်။

ထို့အတူ သတင်းမီဒီယာများက တပ်ဖွဲ့ဝင်များ လက်လွန်ခြေလွန် စစ်ဆေးမေးမြန်းမှုများ မဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လက်လွန်ခြေလွန် စစ်ဆေးမေးမြန်းမှုများရှိပါက အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိနိုင်အောင်ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယရဲချုပ်က "ဒီဟာနဲ့ ပတ်သက်ပြီးတော့ ရဲစခန်းထိန်းသိမ်းမှုတွေဟာ ၁၉၉၅ ခုနှစ် ကတည်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှာ စပြီးဆွဲထားတာဖြစ်ပါတယ်။ ခုနကပြောတဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ အရေးယူမှုတွေ ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ ၁၃၈၅ မှု အရေးယူခဲ့တယ်။ အဲဒီမှာ အရာရှိ ၆၄၃ ယောက်၊ အခြားအဆင့် ၁၂၈၇ ယောက် အရေးယူခံရပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၁၅၄၃ မှု အရေးယူခဲ့တယ်။ အဲဒီမှာ အရာရှိ ၅၉၈ ယောက်၊ အခြားအဆင့် ၁၂၄၃ ယောက် အရေးယူခံရပါတယ်။

"၂၀၁၈ ခုနှစ်မှာ ၁၉၂၃ မှု အရေးယူခဲ့တယ်။ အဲဒီမှာ အရာရှိ ၆၅၆ ယောက်၊ အခြားအဆင့် ၁၆၉၉ ယောက် အရေးယူခံရပါတယ်။ ၂၀၁၉ ခုနှစ်မှာ ၁၉၀၂ မှု အရေးယူခဲ့တယ်။ အဲဒီမှာ အရာရှိ ၆၅၄ ယောက်၊ အခြားအဆင့် ၁၅၉၀ အရေးယူခံရပါတယ်။

"၂၀၂၀ ပြည့်နှစ်ဆိုရင် အခု မေလအထိ ၇၆၆ မှုရှိပြီး အားလုံးပေါင်း အရာရှိ ၂၈၁၇ ဦးနဲ့ အခြားအဆင့် ၆၇၃၀ ကို အရေးယူထားပါတယ်။ အဂတိလိုက်စားမှုကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူတာက ၂၀၁၆ ခုနှစ်မှာ အမှု တစ်ခု၊ အရာရှိ နှစ်ယောက်၊ ၂၀၁၇ ခုနှစ်မှာ အမှု ငါးမှု၊ အရာရှိ ငါးယောက်၊ ၂၀၁၈ ခုနှစ်မှာ အမှု တစ်မှု၊ အရာရှိ တစ်ယောက်၊ ၂၀၁၉ ခုနှစ်မှာ အမှု ကိုးမှု၊ အရာရှိ ကိုးယောက်၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်မှာ အမှု နှစ်မှု၊ အရာရှိ နှစ်ယောက် စုစုပေါင်း ၁၈ မှုနဲ့ အရာရှိ ၁၉ ယောက် အရေးယူထားပါတယ်။ လက်လွန်ခြေလွန် စစ်ဆေးမေးမြန်းမှုတွေ မဖြစ်ပွားစေဖို့ ရဲတပ်ဖွဲ့ဝင်တွေကိုလည်း ညွှန်ကြားထားပါတယ် " ဟု ဖြေကြားသည်။

### ဖမ်းဝရမ်းဆိုင်ရာ ဆောင်ရွက်မှု

ဆက်လက်၍ သတင်းမီဒီယာများက ဆရာတော် ဦးဝီရသူနှင့် ဦးလှဆွေတို့ကို ဖမ်းဆီးရန် ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက "ဦးဝီရသူကို ၂၀၁၉ ခုနှစ် မေလ ၅ ရက်မှာ မဟာဗန္ဓုလပန်းခြံမှာ ပြုလုပ်တဲ့ ဟောပြောပွဲနဲ့ ပတ်သက်ပြီးတော့ မေလ ၂၈ ရက်မှာ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူးက တရားလိုပြုလုပ်တဲ့အတွက်ကြောင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၄ (က)နဲ့ အရေးယူပေးဖို့ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးကို ဦးတိုက်လျှောက်ထားခဲ့ပါတယ်။ ဦးဝီရသူကို တရားရုံးကနေ ဖမ်းဝရမ်းထုတ်သည်နှင့် တစ်ပြိုင်တည်း ဝရမ်းမှာညွှန်ကြားထားတဲ့အတိုင်း မန္တလေးမြို့ကိုသွားပြီး ဖမ်းဆီးခဲ့ပါတယ်။ သို့သော်လည်း သီတင်းသုံးနေတဲ့ မစိုးရိမ်တိုက်ကို သွားရောက်အတည်ပြုနိုင်ရေး ဆောင်ရွက်တဲ့အခါမှာ ဝရမ်းအတည်ပြုနိုင်ခြင်းမရှိတဲ့အတွက် တရားရုံးကိုပဲ ပြန်အပ်ခဲ့ရပါတယ်။

" ကျွန်တော်တို့က ဝရမ်းညွှန်ကြားတဲ့နေရာကိုပဲ သွားဖမ်းရတာဖြစ်ပါတယ်။ တရားရုံးကနေ ၂၀၁၉ ခုနှစ် မေလ ၂၉ ရက်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၇၊ ၈၈ အရ ထွက်ပြေးတိမ်းရှောင်နေတဲ့သူ့ကို လာရောက်ဖို့နဲ့ သူ့ပစ္စည်းတွေကို ဝရမ်းကပ်ဖို့ အတည်ပြုဆောင်ရွက်ခဲ့ပါတယ်။

" အလားတူပဲ ဦးလှဆွေကိုလည်း ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃ ရက်မှာ မဟာဗန္ဓုလပန်းခြံမှာပြုလုပ်တဲ့ ဟောပြောပွဲမှာ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေတဲ့ ဟောပြောမှုကြောင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က အရ အရေးယူပေးဖို့ဩဂုတ်လ ၇ ရက်မှာ ကျောက်တံတားမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးကို ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ပါတယ်။ ဦးလှဆွေကိုပဲ အဲဒီဟောပြောပွဲမှာ အခြားဘာသာတစ်ခုကို စော်ကားတယ်ဆိုပြီး ဦးစန်းအောင်ကနေ ကျောက်တံတားရဲစခန်းကို လာရောက်အမှုဖွင့်တဲ့အတွက်ကြောင့် ဩဂုတ်လ ၇ ရက် မှာ ရဲရေးမပိုင်တဲ့အမှုအမှတ် (၆/၂၀၁၉) နဲ့ ရာဇသတ်ကြီးပုဒ်မ ၂၉၅-ကနဲ့ တရားစွဲဆို လျှောက်ထားပေးခဲ့ပါတယ်။

" ဒီရာဇသတ်ကြီးအမှုနှစ်ခုက ရဲအရေးပိုင်တဲ့ အမှုမဟုတ်ပါဘူး။ အဲဒီတော့ သက်ဆိုင်ရာ တရားရုံးကနေ ဖမ်းဝရမ်းထုတ်တဲ့အချိန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဝရမ်း ညွှန်ကြားချက်နေရာကို အတည်ပြုနိုင်ရေးဆောင်ရွက်ရပါတယ်။ အခု ဝရမ်းအတည်ပြုနိုင်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ သက်ဆိုင်ရာ တရားရုံးကို ပြန်လည်တင်ပြတဲ့ အခါမှာ ၂၀၂၀ပြည့်နှစ် မတ် ၁၇ ရက်မှာ တရားရုံးကနေ ရာဇဝတ်မှုကျင့်ထုံး ပုဒ်မ ၈၇၊ ၈၈အရ ထွက်ပြေးတိမ်းရှောင်နေတဲ့သူကို လာရောက်ဖို့နဲ့ သူ့ပစ္စည်းတွေကို ဝရမ်းကပ်ဖို့ ညွှန်ကြားခဲ့တဲ့အတွက် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရာဇဝတ်မှု ကျင့်ထုံး ပုဒ်မ ၈၇၊ ၈၈အရ ထုတ်ပြန်အတည်ပြုပြီးဖြစ်တဲ့အတွက်ကြောင့် ရဲအရေးပိုင်အမှု မဟုတ်သော်လည်း ပုဒ်မ ၅၄ တတိယပိုဒ်အရ ဘယ်ရဲတပ်ဖွဲ့မဆို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ပါတယ်။ ဒါကြောင့် သူ့ကို ဘယ်ချိန် ဘယ်နေရာဖြစ်ဖြစ်တွေ့ရှိရင် ဥပဒေနဲ့အညီ ဖမ်းဆီးသွားလို့ရပါတယ်။ အခုလို သက်ဆိုင်ရာတရားရုံးက ကျင့်ထုံးပုဒ်မ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၈၇၊ ၈၈ အရ ထုတ်ပြန်ကြေညာခြင်းခံရတဲ့ တရားခံပြေးနဲ့ ပတ်သက်လို့လည်း မိမိနယ်မြေထဲမှာရောက်နေရင် ဖမ်းလို့ရဖို့အတွက် ရဲစခန်းမှတ်ပုံတင် ၃၃ အပိုင်းလေးမှာ စောင့်ကြည့်ဖမ်းဆီးပြုလုပ်လို့ရအောင် ညွှန်ကြားထားပါတယ်။ VK တို့မှာ (ဘယ်နေရာမှာရှိနေတယ်ဆိုတာ) ပါသော်လည်း တကယ် ကျွန်တော်တို့ လိုက်စုံစမ်းတဲ့အခါမှာ ဒီဟာတွေက အတုအယောင်တွေလိုဖြစ်နေတာကို တွေ့ရပါတယ်” ဟု ဖြေကြားသည်။

အဆိုပါမေးခွန်းအပေါ် ရဲမှူးကြီး ကျော်လင်းကလည်း “စွဲဆိုထားတဲ့ပြစ်မှုတွေက ရဲအရေးပိုင်တဲ့ ပြစ်မှုတွေတော့ မဟုတ်ဘူး။ သို့သော်လည်း ကျင့်ထုံး ၈၇၊၈၈ အရ တရားရုံးကနေ အတည်ပြုကြေညာထားတဲ့အတွက်ကြောင့် ဒီတရားခံပြေးတွေကို ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ဘယ်နေရာ ဘယ်အချိန်မှာပဲဖြစ်ဖြစ် တွေ့ရှိမယ်ဆိုရင် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ပါတယ်။ ခုလိုလူမှုကွန်ရက်တွေမှာ ပါတယ်ဆိုသော်လည်း လိုက်လံအတည်ပြုတဲ့အခါမှာ တကယ်တမ်း အတည်ပြုဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိပါဘူး။ ဒါတွေကို တိတိကျကျ သက်ဆိုင်ရာရဲတပ်ဖွဲ့ကို သတင်းပေးလာမယ်ဆိုရင်တော့ အချိန်မရွေး ကျွန်တော်တို့ဘက်ကနေ ဖမ်းဆီးဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာ တရားရုံးကို ပို့သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် နေရာတို့၊ အချိန်တို့ ဆိုတာတော့ ပြည်သူလူထုအနေနဲ့ သတင်းပေးမယ်ဆိုရင် ဘယ်ရဲစခန်းပဲဖြစ်ဖြစ် တိတိကျကျ သတင်းပေးဖို့ လိုပါတယ်။ ဒီလူမှုကွန်ရက်ပေါ်မှာ ပါနေတာနဲ့တော့ ဒီသတင်းက မှန်တယ်လို့ အတည်ပြုနိုင်ခြင်းမရှိဘူးဆိုတာ ဖြေကြားလိုပါတယ် ”ဟု ဖြေကြားသည်။

ထို့အတူ အကျဉ်းထောင်များတွင် အကျဉ်းသားများအား အကောင်းဘက်သို့ ဦးတည်လာအောင် ပြုပြင်ပြောင်းလဲမှု မလုပ်နိုင်ဟု ဝေဖန်မှုများရှိနေသည့်အပေါ် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် တုံ့ပြန်ပြောကြားလိုသည့် အခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက “ကျွန်တော်တို့ အကျဉ်းဦးစီးဌာနရဲ့ Mission, Vision တွေရှိပါတယ်။ ရည်ရွယ်ချက်ကတော့ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ရာဇဝတ်မှုကျူးလွန်ခြင်းကနေ ကာကွယ်ရေးကို ရည်ရွယ်ချက်ထားပြီးတော့ လုပ်နေပါတယ်။ ရည်မှန်းချက်တာဝန် လေးရပ်ရှိပြီး ဒီထဲမှာလည်း ပြုပြင်ပြောင်းလဲရေးဆိုတဲ့ တာဝန်တစ်ရပ်ပါတယ်။ ဦးစီးဌာနရဲ့ လုပ်ငန်းစဉ် ရှစ်ရပ် ရှိတယ်။ ဒီထဲမှာလည်း အကျဉ်းသားတွေကို အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး အချက် ပါဝင်တယ်။ အဲဒီတော့ အကျဉ်းသားတွေကို ရည်မှန်းချက်၊တာဝန်တွေ၊ လုပ်ငန်းစဉ်တွေမှာ အဓိက အရေးကြီးတဲ့အချက်ဖြစ်တဲ့ လုံခြုံစွာထိန်းသိမ်းခြင်းဆိုတဲ့ အပိုင်းအပြင်ကို သူတို့ကို အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေးကိုလည်း ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီးတော့ ပထမအချက်ကတော့ သူတို့ဟာ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းထောင်ထဲကို ရောက်လာကြတယ်။ အကျဉ်းသားတိုင်းလည်း ဆိုးတာမဟုတ်ပါဘူး။ ကောင်းတဲ့သူတွေလည်း ပါပါတယ်။ ဆိုးတဲ့လူတွေလည်း ရှိပါတယ်။ ဆိုးတဲ့သူတွေကိုလည်း နူးညံ့သိမ်မွေ့စွာပဲ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေးကို လုပ်ရတယ်။ စာပေဗဟုသုတနည်းတယ်ဆိုရင် စာပေဗဟုသုတကြွယ်ဝအောင် စာကြည့်တိုက်တွေဖွင့်ပေးတယ်။ ဒီလိုဗဟုသုတကြွယ်ဝလာခြင်းအားဖြင့် သူတို့သည် တဖြည်းဖြည်းအသိစိတ်ဓာတ်တွေ ပြောင်းလဲလာပြီး လိမ္မာယဉ်ကျေးအောင် ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။

“ အကျင့်စာရိတ္တကောင်းအောင်၊ သူတို့ ဘာသာသူတို့ ပြုပြင်ပြောင်းလဲအောင်၊ စာပေဗဟုသုတကြွယ်ဝအောင် ဆောင်ရွက်ပေးနေတယ်။ ဒ့ါအပြင် အကျဉ်းထောင်ထဲမှာ အဆက်အသွယ်ဖြတ်မထားဘဲ ရေဒီယို၊ တယ်လီဗေးရှင်း၊ သတင်းစာတို့ အကုန်လုံးပေးထားတယ်။ ဒါတွေကို စဉ်ဆက်မပြတ် လေ့လာနိုင်ပြီးတော့ အသိကြွယ်ဝအောင် လုပ်ပေးထားတယ်။ နောက်တစ်ချက်က သူတို့ကို ဘာသာရေးနဲ့လည်း ကြမ်းတမ်းတဲ့စိတ်တွေ ပြေလျော့အောင် ဆောင်ရွက်ပေးပါတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့လည်း ဘာသာကြီးလေးမျိုးကို အကျဉ်းထောင်ထဲမှာ လွတ်လပ်စွာ ကိုးကွယ်နိုင်အောင် ဆောင်ရွက်ပေးထားတယ်။ အကျဉ်းစခန်းတွေမှာ တရားစခန်းတွေ ရှိပါတယ်။ ဒီလိုတွေလုပ်တဲ့အတွက်လည်း အကျိုးရှိပါတယ်။ ဝန်ထမ်းတွေကလည်း အနီးကပ်ပြုပြင်ထိန်းသိမ်းပေးလျက်ရှိပါတယ်။ အကျဉ်းထောင်တွေက လွတ်မြောက်လာတဲ့သူတွေကိုလည်း လိုက်မေးလို့ရပါတယ်။ အကုန်လုံး မှတ်တမ်းတင်ထားတာတွေ ရှိပါတယ်။ အချို့ဆို အကျဉ်းထောင်ထဲမှာ နေထိုင်သွားတာနဲ့ ပတ်သက်ပြီး ကျေးဇူးတင်ပြီး အမှတ်တရ ဖုန်းဆက်ကြတာတွေလည်း ရှိပါတယ်။ ယဉ်ကျေးလိမ္မာသွားတဲ့သူတွေလည်း အများကြီး တွေ့ရပါတယ်။ သက်မွေးမှုပညာတွေ သင်ပေးလိုက်တာလည်း ရှိပါတယ်။

“ ဒီလို သက်မွေးပညာသင်ပေးလိုက်တာတွေကလည်း အပြင်ရောက်တဲ့အခါမှာ တော်တော်လေး အထောက်အကူဖြစ်တယ်ဆိုတာကို သွားတွေ့ရပါတယ်။ ဒီပညာတွေနဲ့ အပြင်မှာ ရပ်တည်နိုင်တဲ့အတွက် အကျဉ်းထောင်ကို ကျေးဇူးတင်ကြောင်း ဖုန်းဆက်ကြတာတွေ ရှိပါတယ်။ လူဆိုးလေးကနေ လူဆိုးကြီးဖြစ်သွားတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ တင်ပြလိုပါတယ်” ဟု ဖြေကြားသည်။

ဆက်လက်၍ အကျဉ်းထောင်များတွင် ဝင်ဆံ့သည့် အကျဉ်းသားဦးရေထက် များပြားနေသည့် အကျဉ်းထောင်များနှင့် စပ်လျဉ်း၍ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး က “ အကျဉ်းသားဦးရေများတယ်ဆိုတာလည်း မှုခင်းဖြစ်ပွားတာများတဲ့ နေရာတွေက အကျဉ်းထောင်တွေပဲ များတာဖြစ်ပါတယ်။ အကျဉ်းထောင်တွေအားလုံးမှာ ပြည့်ကျပ်နေတာတော့ မဟုတ်ပါဘူး။ လူဦးရေပြည့်ကျပ်နေတဲ့ အကျဉ်းထောင်တွေကလည်း လေး၊ ငါး ခုပဲရှိတာ ဖြစ်ပါတယ်။ ဒီပြဿနာကိုလည်း အမြဲစဉ်းစားနေပါတယ်။ ဒီပြဿနာကို ဘယ်လိုနည်းလမ်းတွေနဲ့ ရှင်းသလဲဆိုရင် နေရာလွတ်ရှိတဲ့နေရာမှာ အကျဉ်းထောင်အဆောက်အအုံတွေ ထပ်ဆောက်ပါတယ်။ ဒီလိုအဆောက်အအုံတွေ ထပ်ဆောက်တာကိုလည်း နိုင်ငံတော်ကခွင့်ပြုပေးပါတယ်။ အဆောက်အအုံတွေဆောက်ပြီးရင် အကျဉ်းသားတွေကို နေရာတွေခွဲပြီး ထားပေးတဲ့အတွက် လူဦးရေကျပ်တည်းတာကို အတော်အသင့် ဖြေရှင်းနိုင်ပါတယ်။

“လူဦးရေကျပ်တည်းတဲ့ အကျဉ်းထောင်တွေက အကျဉ်းသားတွေကို လူဦးရေမကျပ်တဲ့ အကျဉ်းထောင်တွေကို ပြောင်းဖို့ကို ခွင့်ပြုချက်တွေရယူပြီး လစဉ် ပြောင်းရွှေ့ပေးနေပါတယ်။ ဒီလိုတွေ ဆောင်ရွက်ပေးထားတဲ့အတွက် အကျဉ်းသားတွေနေရာ ကျပ်တည်းတဲ့ အခက်အခဲက မရှိတော့ဘူးဆိုတာ တင်ပြလိုပါတယ်”ဟု ဖြေကြားသည်။

အလားတူ သတင်းမီဒီယာများမှ သိရှိလိုသည့် အကျဉ်းထောင်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ရှိနေသည်ဟူသည့် ပြောကြားချက်များနှင့် စပ်လျဉ်း၍ သိရှိလိုခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက “အကျဉ်းသားတစ်ယောက်ရဲ့ ပြောကြားချက်တွေပါ။ အကျဉ်းထောင်ထဲကို မူးယစ်ဆေးဝါးတွေက နည်းလမ်းအမျိုးမျိုးနဲ့ဝင်ဖို့ကြိုးပမ်းနေတယ်။ အကျဉ်းထောင်ထဲကို အဝင်အထွက်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ရုံးထုတ်၊ ရုံးပြန် အကျဉ်းသားတွေပါတယ်။ အကျဉ်းထောင်ထဲမှာ တာဝန်ထမ်းဆောင်တဲ့ အကျဉ်းထောင်ဝန်ထမ်းတွေရှိတယ်။ အကျဉ်းထောင်ထဲကို ထောင်ဝင်စာကတစ်ဆင့် ပို့နေတဲ့ ပါဆယ်ပစ္စည်းတွေ ရှိတယ်။ အဲဒီတော့ လူရော၊ပစ္စည်းရောကို ကျွန်တော်တို့က တော်တော်လေးကို ကျပ်ကျပ်တည်းတည်း ရှာဖွေရတယ်။ ခေတ်မီ X Ray စက်တွေနဲ့ ခန္ဓာကိုယ်ကို ရှာဖွေတဲ့ စက်ကိရိယာတွေ ရှိတယ်။ ပါဆယ်၊ ပစ္စည်းတွေကို ရှာဖွေတဲ့ X Ray Scanner တွေ ရှိတယ်။ အဲဒါတွေအပြင် ဝန်ထမ်းတွေနဲ့ သီးသန့်အဖွဲ့တွေ ခွဲပြီးရှာဖွေရတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ အစီအစဉ်နဲ့ဆို မူးယစ်ဆေးဝါး အနံ့ခံခွေးတွေကို သင်တန်းတွေပို့ချနေပြီ။ အဲဒီ အနံ့ခံခွေးတွေနဲ့လည်း ရှာဖွေတယ်။ အဲဒါတွေကို နည်းလမ်းမျိုးစုံနဲ့ ရှာဖွေပါတယ်။ အဲဒီလို ရှာဖွေရေးတွေတော့ ပြုလုပ်လျက်ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မူးယစ်ဆေးဝါးတွေ အထဲမှာ ရောက်နေတယ်ဆိုတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးတပ်ဖွဲ့က အရာရှိကြီးတွေပါဝင်တဲ့ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းလိုက်တယ်။ ဖွဲ့စည်းတာက ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ ဖွဲ့စည်းတယ်။ အကျဉ်းဦးစီးဌာနမပါဘူး၊ ကျန်တဲ့ ဦးစီးတပ်ဖွဲ့က အရာရှိကြီးတွေ ပါဝင်ပြီးဖွဲ့စည်းတယ်။ အဲဒီပြောကြားချက်မှန်သလားဆိုတာ သူပြောကြားတဲ့ ထောင်တွေကို လိုက်ပြီး စစ်ဆေးတယ်။ စစ်ဆေးတွေ့ရှိချက် အပေါ်မူတည်ပြီး တာဝန်ရှိသူတွေကို အရေးယူဖို့ဆောင်ရွက်လျက်ရှိပါတယ်” ဟု ဖြေကြားသည်။ **ဟန်မျိုးစိုး၊ ကေတာ**

---

*❍ ကျောဖုံးမှ*

စုစုပေါင်း (၄)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ၌ ထည့်သွင်းချုပ်ဆိုမည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်ကိစ္စ၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုကိစ္စ၊ အခြေခံမူ သဘောတူညီချက်ကိစ္စများကို ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်သဘောတူညီချက် အချို့ကိုလည်း ရရှိထားပြီးဖြစ်ကြောင်း။

NCA ကတိကဝတ်ပါ မျှော်မှန်းချက်များအပြင် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များတွင် မည်သည့်သဘောတူညီချက်များ ချမှတ်မည်ဆိုသည်ကို မိမိတို့နှစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းကြရမည် ဖြစ်ပါကြောင်း၊ ဆက်လက်ညှိနှိုင်းရန် ကျန်ရှိနေသည့် အချက်များအပြင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ ရယူနိုင်ရန် ယနေ့ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးပြီး နှစ်ဖက်သဘောတူသည့် ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ကြရန် ဆိုသည်ကို NCA စာချုပ်တွင် သဘောတူထားပြီး ဖြစ်ပါကြောင်း။

တစ်ဖက်တွင် နိုင်ငံရေးအခြေခံမူများရယူနိုင်ရန် ဆွေးနွေးညှိနှိုင်းနေသလို တစ်ဖက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာရေးမှနေ၍ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးအထိ ဆွေးနွေးညှိနှိုင်းသွားရန်၊ တည်ငြိမ်ကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးတည်ဆောက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ တည်ဆောက်နိုင်ရန်အတွက် NCA ပါ ဆွေးနွေးမည့် အကြောင်းအရာခေါင်းစဉ်များကိုလည်း ယမန်နေ့က ကျင်းပခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် မည်သည့် အကြောင်းအရာများကို ဆက်လက်ဆွေးနွေးမည်၊ မည်သူတို့နှင့် ဆက်လက်ဆွေးနွေးမည်ဆိုသည်ကို ညှိနှိုင်းကြခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ကျင်းပနိုင်ရန် ရည်မှန်းထားပါကြောင်း၊ ညီလာခံမတိုင်မီ ကျင်းပရမည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးများ ကျင်းပမည့် အချိန်ဇယား Timeline ကို မိမိတို့အကြား ညှိနှိုင်းသဘောတူထားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်နေရသည့်ကာလ ဖြစ်သည့်အတွက် ညီလာခံတက်ရောက်မည့် လူပုဂ္ဂိုလ်အရေအတွက်ကိုလျှော့ချ၍ ညီလာခံ Composition ကို အချိုးကျ အကန့်အသတ်ဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း၊ (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရန်အတွက် ယနေ့ အစည်းအဝေးတွင် JICM၊ UPDJC အစည်းအဝေးများအပါအဝင် ညီလာခံမတိုင်မီ ကျင်းပရမည့် ဆွေးနွေးပွဲများအတွက် အချိန်ဇယားကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းပေးရန် ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး၌ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ရလဒ်ကောင်းများ ရရှိရန်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ အစည်းအဝေးကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ကျင်းပရသည့်အတွက် အခက်အခဲများ၊ အကန့်အသတ်များ ရှိနေသော်လည်း ယခုကဲ့သို့ အစည်းအဝေးများ ဆက်လက်တည်ရှိနေသည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် လက်တွေ့ကျသည့် သဘောတူညီချက်များ ရယူနိုင်ကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက ယမန်နေ့ ဇွန် ၂၂ ရက်တွင် ကျင်းပခဲ့သည့် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ ညှိနှိုင်းအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဦးနှစ်ဖက် ကျေနပ်သည့်ရလဒ်ကောင်းများ ရရှိခဲ့သည်ဟု ကြားသိရ၍ NCA-S EAO ညှိနှိုင်းရေးအဖွဲ့ကိုယ်စား မိမိအနေဖြင့် ချီးကျူးဂုဏ်ပြု၊ ဝမ်းမြောက်ဂုဏ်ယူ အားတက်မိပါကြောင်း၊ မတ်လဆန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးအပြီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိမိတို့ညှိနှိုင်းရေးနှစ်ဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ရပ်တန့်ထားခဲ့ရသော်လည်း ညှိနှိုင်းရေးတစ်ဖွဲ့ချင်းစီ၏ ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပြုချက်များကိုလည်း အပြန်အလှန် ဖလှယ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အခြေအနေအောက်တွင် ကျင်းပရနိုင်ဖွယ်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဆိုင်ရာ အခင်းအကျင်းများ၊ UPDJC အစည်းအဝေး၊ JICM အစည်းအဝေးကျင်းပရေးဆိုင်ရာ ကိစ္စများကို ယခုသုံးရက်တာ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ယုံကြည်မှုတည်ဆောက်ခြင်းကို ပိုမိုခိုင်မာလာစေရန် နှစ်ဦးနှစ်ဖက်ကြိုးပမ်းဆောင်ရွက်နေသည့် အခိုက်အတန့်ဖြစ်သောကြောင့် ဆွေးနွေးညှိနှိုင်းရန် အဆင်သင့်မဖြစ်သေးသည့် အချို့အကြောင်းအရာများကို ယခု အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးရန်မသင့်ဟု မြင်ပါကြောင်း။

ဆွေးနွေးညှိနှိုင်းရာတွင် Win-Win Solution ဖြစ်စေမည့် ရလဒ်ကောင်းထွက်ပေါ်ရေးအတွက် စိတ်ရှည်လက်ရှည်၊ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ဆွေးနွေးသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် ကိုယ့်တစ်ဦး၊ ကိုယ့်တစ်ဖွဲ့တည်း၏ ကောင်းကျိုးကိုသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အားလုံးနှင့်သက်ဆိုင်သည့် ပြည်ထောင်စုကောင်းကျိုးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်ကို နှလုံးသွင်း လက်ကိုင်ထားရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချောမွေ့စွာ ရှေ့ဆက်နိုင်ရေးအတွက် အလွန်အရေးပါသကဲ့သို့ စစ်မှန်သည့် ငြိမ်းချမ်းရေးကို လိုလားတောင့်တသော ပြည်ထောင်စုသား ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်း မျှော်လင့်ချက်ပေးမည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပြီးပြည့်စုံသည့် ရလဒ်ကောင်းများနှင့် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် အစီအစဉ်များ ချမှတ်နိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းသွားကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက်အဆိုပြုထားသည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရေးကိစ္စ၊ JICM နှင့် UPDJC အစည်းအဝေးများကျင်းပရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် ညီလာခံမတိုင်မီ အစည်းအဝေးများကျင်းပမည့် အချိန်ဇယားညှိနှိုင်းခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက “ဒီနေ့ဆွေးနွေးပွဲမှာ စာချုပ်မှာပါဝင်မယ့် အစိတ်အပိုင်းထဲက တစ်ခုဖြစ်တဲ့ ၂၀၂၀ အလွန်မှာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်အဆင့်တွေ၊ NCA အကောင်အထည်ဖော်မယ့်ကိစ္စရပ်တွေ နဲ့ NCA မူဘောင်ဆိုင်ရာတွေ၊ နောက်စာချုပ်ထဲမှာထည့်မယ့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေဆွေးနွေးတယ်။ နောက်တစ်ပိုင်းကတော့ ညီလာခံကျင်းပဖို့အတွက် ကြိုတင်ညှိနှိုင်းတာပါတဲ့အတွက် ဒီနေ့တစ်နေ့လုံး ဆွေးနွေးပါတယ်။ မနက်ဖြန်မှာတော့ EAO ကိုယ်စားလှယ်တွေ သီးခြားဆွေးနွေးပြီး ကျွန်တော်တို့ အစိုးရဘက်က ကိုယ်စားလှယ်တွေလည်း သီးခြားဆွေးနွေးပါမယ်။ ၂၅ ရက်နေ့ကျရင်တော့ အားလုံး ပြန်ဆုံပြီး ဆွေးနွေးပါမယ်။ ၂၅ ရက်နေ့ ညနေပိုင်းမှာ နိုင်ငံရေးပါတီတွေက UPDJC အဖွဲ့ဝင်တွေကိုလည်း ရန်ကုန် NRPC ရုံးမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့တာတွေ တင်ပြပြီး ကြိုတင်ပြင်ဆင်တဲ့ ဆွေးနွေးမှုတွေလုပ်ဖို့ ရှိပါမယ်။ မတက်နိုင်တဲ့သူတွေကိုလည်း Online ကနေ ဆွေးနွေးပါမယ်။ ဒီကနေ့ ဆွေးနွေးချက်တွေထဲမှာတော့ ဩဂုတ်လ ဒုတိယပတ်လောက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ ကို အရှိန်နဲ့သွားနေပါတယ်။ အဲဒီအတိုင်းဖြစ်အောင်လည်း ကြိုးစားနေပါတယ်” ဟု ပြောသည်။

ဇွန် ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည့် အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံပါတီများမှ UPDJC အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပမည့်ပုံစံ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုမည့်ပုံစံများနှင့် နှစ်ဖက်သဘောတူညီချက်များကို ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက “အခု ဆွေးနွေးတာက နှစ်ပိုင်းရှိတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပဖို့ ဘယ်လိုပုံစံနဲ့ အဆင့်ဆင့်ကျင်းပသွားမယ်ဆိုတာ နှစ်ဖက်ညှိနှိုင်းဆွေးနွေးတယ်။ ညီလာခံမတိုင်ခင်မှာ အဆင့်ဆင့်သော နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပရတာရှိတယ်။ ဒါကိုဆွေးနွေးတယ်။ နောက် ညီလာခံဘယ်လိုကျင်းပမယ်၊ ဘယ်နရက်ကျင်းပမယ်၊ ဘယ်သူတွေ ဖိတ်ကြားသင့်သလဲဆိုတာဆွေးနွေးတယ်။ ဒီနေ့တော့ နှစ်ဖက်အဆိုပြုချက်တွေ စတင်ဆွေးနွေးတယ်။ နောက်တစ်ပိုင်းကတော့ ညီလာခံမှာ ရယူချင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ကို ဆွေးနွေးတယ်။ ရယူချင်တဲ့ပုံသဏ္ဌာန်ဆိုရင်လည်း အစိတ်အပိုင်း သုံးခုနဲ့ ချုပ်ဆိုဖို့ ကျွန်တော်တို့ JICM အစည်းအဝေးမှာ ဆုံးဖြတ်ထားပြီးပြီ။ အဲဒီအပိုင်း သုံးပိုင်းနဲ့ ပတ်သက်ပြီး ဒီနေ့မှာ နှစ်ဖက်အဆိုပြုချက်တွေ တင်ပြတယ်။ အစိုးရသဘောထားနဲ့ ကျွန်တော်တို့ EAO သဘောထားတွေပေ့ါ။ မရှင်းတာတွေကို မေးတယ်။ မနက်ဖြန်ကျရင် သဘောတူညီမှုတွေကို ရှာဖွေနိုင်ဖို့အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော်နဲ့ ကျွန်တော်တို့ရဲ့ နှစ်ဖက်အဆိုပြုချက်တွေကို သီးသန့်စီ ပြန်လည် ဆွေးနွေးကြမယ်။ ၂၅ ရက်နေ့ကျရင်တော့ နှစ်ဖက် ပြန်တွေ့မယ်။ အဲဒါပြီးရင်တော့ UPDJC နိုင်ငံရေးပါတီ အစုအဖွဲ့နဲ့ ကျွန်တော်တို့ သီးသန့်ပြန်လည်ဆွေးနွေးသွားဖို့ ရှိပါတယ်” ဟု ပြောသည်။

ယနေ့အစည်းအဝေးမှ ရရှိလာသည့် နှစ်ဖက်ဆွေးနွေးညှိနှိုင်းချက်များအား အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးသုံးသပ်ပြီး ဇွန် ၂၅ ရက်တွင် အစည်းအဝေးကိုပြန်လည်ကျင်းပကာ သဘောတူညီချက်များ ရယူညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်း-ရဲခေါင်ညွန့်**

# တောင်ကိုရီးယားဆိပ်ကမ်းရှိ ရုရှားအလံလွှင့်ထားသည့် သင်္ဘောပေါ်၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၆ ဦးတွေ့ရှိ

**ဆိုးလ် ဇွန် ၂၃**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဆိပ်ကမ်းတစ်ခုတွင် ကျောက်ချရပ်နားထားသည့် ရုရှားအလံလွှင့်ထားသော သင်္ဘောတစ်စင်းပေါ်တွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၆ ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

တန်ချိန် ၃၄၀၁ တန်ရှိသည့် အအေးခန်း သင်္ဘောပေါ်မှ သင်္ဘောသား ၂၁ ဦးအနက် ၁၆ ဦးတို့တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ရောဂါကူးစက်မှု ထိန်းချုပ်ရေးရုံး၏ ဖော်ပြချက်အရ သိရသည်။

ရုရှားအလံလွှင့်ထားသည့် အဆိုပါသင်္ဘောသည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီး တောင်ကိုရီးယား အရှေ့တောင်ပိုင်း ဘူဆန်ဆိပ်ကမ်းမြို့သို့ ပြီးခဲ့သည့်သောကြာနေ့တွင် ရောက်ရှိလာခဲ့ကာ မြို့တွင်းရှိ ဂမ်ချွန်းဆိပ်ကမ်းသို့ ဇွန် ၂၁ ရက် နံနက်ပိုင်းက ရောက်ရှိခဲ့သည်။

ဗလာဒီဗော့စတော့ရှိ ရုရှားသင်္ဘောတစ်စင်းပေါ်မှ ဆင်းခဲ့သည့် သင်္ဘောကပ္ပတိန်မှာ ကိုဗစ်- ၁၉ ဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ဘူဆန်အာဏာပိုင်များက သတင်းပေးခဲ့သည်။ တောင်ကိုရီးယားနိုင်ငံရှိ ကန့်သတ်စောင့်ကြည့်ရေး အာဏာပိုင်များက သင်္ဘောပေါ်တွင် သွားရောက်စစ်ဆေးခဲ့ရာ ရောဂါကူးစက်ခံထားရဟန် လက္ခဏာရှိသည့် သင်္ဘောအမှုထမ်းများကို တွေ့ရှိခဲ့ပြီးနောက် သင်္ဘောအမှုထမ်းများအားလုံးကို ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှုခံယူစေခဲ့ကြောင်း သိရသည်။

သင်္ဘောကပ္ပတိန်တွင် ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း၊ ရုရှားနိုင်ငံဘက်မှ အသိပေးအကြောင်းကြားချက်ကို မရရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးရုံးမှ လက်ထောက်အထွေထွေ ညွှန်ကြားရေးမှူး ကုန်ဂျွန်ဝပ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားနေသည့် ရုရှားအလံလွှင့်ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

# ဂျာမနီနိုင်ငံတွင် ပိတ်ဆို့မှုဖြေလျှော့ပြီးသည့်နောက် ပထမဆုံးအကြိမ်အဖြစ် ဒေသတွင်း ပိတ်ဆို့ကန့်သတ်မှုပြုလုပ်

**ဘာလင် ဇွန် ၂၃**

ဂျာမနီနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် ထားရှိခဲ့ရသည့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ ပြန်လည်ဖြေလျှော့ပြီးနောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ဂူတာစလိုခရိုင်တစ်ခုလုံးကို အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်ခဲ့သည်။

ဂူတာစလို ခရိုင်တွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်လိုက်သည်ဟု နော့ရိုင်းဝက်စ်ဖီးလီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာမင်လက်စ်ချက်စ်က ပြောသည်။ ဇွန် ၃၀ ရက် မတိုင်မီအထိ လူပေါင်း ၃၆၀၀၀၀ မှာ အသွားအလာ ကန့်သတ်ခံထားရမည်ဖြစ်သည်။ ရီဒါဝီဒင်ဘရွတ်မြို့ရှိ သားသတ်ရုံတစ်ရုံတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှု ဖြစ်ပေါ်လာပြီးနောက် အလုပ်သမား ၇၀၀၀ ရှိသည့်အနက် အလုပ်သမားပေါင်း ၁၅၀၀ မှာ ကိုဗစ်-၁၉ ကူးစက်ခံထားရသည်။

ယင်းဖြစ်ရပ်ကြောင့် ယခုလို ဒေသတွင်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်လိုက်ခြင်းဖြစ်သည်။ မေလအစောပိုင်းမှ စတင်ကာ ဂျာမနီနိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပြီးနောက်ပိုင်းတွင် လူဦးရေထူထပ်သည့်မြို့၌ ကူးစက်ခံရခြင်းလည်းဖြစ်သည်။

သားသတ်ရုံများတွင်ကိုဗစ် – ၁၉ ကူးစက်ခံရသည်မှာ ဂျာမနီနိုင်ငံတစ်နိုင်ငံ၌ပင် မဟုတ်ပေ။ ပြင်သစ်နိုင်ငံ၌လည်း အလားတူအခြေအနေများနှင့် ကြုံတွေ့ရသည်။

ယင်းဖြစ်ရပ်ကြောင့် အလုပ်သမားများ ရင်ဆိုင်နေရသည့် နေထိုင်မှုနှင့် လုပ်ငန်းခွင်အခြေအနေကို မီးမောင်းထိုးပြလျက်ရှိသည်။ အလုပ်သမားအများစုမှာ ရိုမေးနီးယားသို့မဟုတ် ဘူလ်ဂေးရီးယားမှ လာရောက်ကြသူများ ဖြစ်ကြသည်။

လိုဝါးဆက်ဆိုနီနှင့် ဘာလင်မြို့တို့တွင်လည်း နောက်ထပ်ကူးစက်မှုများတွေ့နေရပြီး တန်ဖိုးကြီးသည့် တိုက်ခန်းများတွင် နေထိုင်သည့် မိသားစုပေါင်း ၃၇၀ မှာ အသွားအလာ ကန့်သတ်ခံထားရသည်။

ကာကွယ်ဆေး မထွက်ပေါ်မီ အချိန်အထိ အသွားအလာ အနေအထိုင် ဆင်ခြင်ကြရန်လည်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က သတိပေးထားသည်။

**အေအက်ဖ်ပီ**



ဂျာမနီကြက်ခြေနီဝန်ထမ်းများ အသွားအလာကန့်သတ်ထားသည့်နေရာများသို့ သွားရောက်ကာ စစ်ဆေးနေကြစဉ်။

# ဂျပန်နိုင်ငံရှိ ကလေးငယ်များ ကိုဗစ်– ၁၉ ကြောင့်ဖြစ်ရသည့် စိတ်ဖိစီးမှုခံစားနေရ

**တိုကျို ဇွန် ၂၃**

ဂျပန်နိုင်ငံ၌ ကလေးငယ်လေးဦးလျှင် သုံးဦးမှာ ကိုဗစ်– ၁၉ ကြောင့် ဖြစ်ရသည့် စိတ်ဖိစီးမှုဝေဒနာ ခံစားနေကြရကြောင်း သိရသည်။

အကြောင်းမှာ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် အစိုးရက ကျောင်းများကို ပိတ်ထားခဲ့ရာ ၎င်းတို့၏ အတန်းဖော်သူငယ်ချင်းများနှင့်အတူ ဆုံတွေ့သွားလာရခြင်း မရှိတော့သည့်အတွက် စိတ်ဖိစီးမှု ဖြစ်လာရသည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

ကလေးငယ်များ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားဗဟိုဌာနမှ ဂျပန်ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့တစ်ဖွဲ့သည် ပြီးခဲ့သည့် ဧပြီလမှ မေလအထိ အွန်လိုင်းစစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့သည်။

ကျွမ်းကျင်သူများ အဖွဲ့သည် အသက် ၇ နှစ်မှ ၁၇ နှစ်အရွယ် ကလေးငယ်များရှိသည့် မိသားစုများကိုရွေးချယ်ကာ စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ရာ လူပေါင်း ၈၇၀၀ က တုံ့ပြန်ခဲ့ကြသည်။

ကလေးငယ်များအား စစ်တမ်းကောက်ယူခဲ့မှုတွင် ကလေးငယ် ၇၅ ရာခိုင်နှုန်းက ၎င်းတို့သည် ကိုဗစ် – ၁၉ ဗိုင်းရပ်စ်အကြောင်း စဉ်းစားတိုင်း စိတ်မသက်သာသည့် ခံစားမှု သို့မဟုတ် သေချာအာရုံစိုက်မရသည့် ခံစားမှုမျိုးဖြစ်လာပြီး စိတ်ဖိစီးသည့် ဝေဒနာကို ခံစားနေရကြောင်း ဖြေကြားခဲ့သည်။

၎င်းတို့သည် ဂိမ်းကစားခြင်း၊ စမတ်ဖုန်းများ အသုံးပြုခြင်းနှင့် ရုပ်မြင်သံကြား ကြည့်ရှုခြင်းများဖြင့် အချိန်ဖြုန်းနေကြရကြောင်း သိရသည်။ ကလေးငယ်များ၏ ၃၁ ရာခိုင်နှုန်းက တစ်ရက်လျှင် လေးနာရီလောက်အထိ အီလက်ထရွန်နစ်မျက်နှာပြင်များကို ကြည့်ရှုလျက် အချိန်ကုန်ဆုံးနေရကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



# အီးယူခေါင်းဆောင်များက တရုတ်နိုင်ငံကို ဈေးကွက်များ ပိုမိုဖွင့်လှစ်ပေးရန် တိုက်တွန်း

**ဘရပ်ဆဲလ် ဇွန် ၂၃**

အီးယူခေါင်းဆောင်များက နိုင်ငံပိုင်ကုမ္ပဏီများအား ငွေကြေးထောက်ပံ့ပေးမှုများကို ကန့်သတ်ပြီး တရုတ်နိုင်ငံအား ဈေးကွက်များ ပိုမိုဖွင့်လှစ်ပေးရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဥရောပကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်တို့ တက်ရောက်ခဲ့သော ဇွန် ၂၂ ရက် အွန်လိုင်းအစည်းအဝေးတွင် ထိုသို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကို တုံ့ပြန်ပြီး ကမ္ဘာ့စီးပွားရေးကို တည်ဆောက်ရာတွင် အချင်းချင်း အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်များ သဘောတူခဲ့ကြသည်။

အစည်းအဝေးပြီးနောက် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က တရုတ်နိုင်ငံနှင့် ဆက်ဆံရာတွင် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး အပြန်အလှန် နားလည်မှုရှိရန် လိုအပ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

တရုတ်ဝန်ကြီးချုပ် လီခချန်က ယှဉ်ပြိုင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းကို ပိုမိုလုပ်ဆောင်သင့်ကြောင်းနှင့် မတူညီမှုများထက်အချင်းချင်း အသိအမှတ်ပြုမှု ပိုလိုအပ်ကြောင်း အစည်းအဝေးတွင် ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# သမ္မတထရမ့်က လုပ်ငန်းဗီဇာကို နှစ်ကုန်အထိ ဆက်လက်ပိတ်ပင်ထားမည်

**ဝါရှင်တန် ဇွန် ၂၃**

နည်းပညာကုမ္ပဏီများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် အိတ်ချ်ဝမ်း ဘီ ဗီဇာအပါအဝင် အမေရိကန်ရှိ လုပ်ငန်းလုပ်ကိုင်ခွင့်များကို နှစ်ကုန်ပိုင်းအထိ ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဇွန် ၂၂ ရက်တွင် ပြောကြားလိုက်သည်။

**အလုပ်လက်မဲ့ လျှော့ချနိုင်ဖွယ်**

အစိုးရအဖွဲ့ အကြီးတန်းအရာရှိတစ်ဦးက သမ္မတထရမ့်၏ ထိုသို့လုပ်ဆောင်မှုကြောင့် အလုပ်အကိုင်ပေါင်း ၅၂၅၀၀၀ ခု လစ်လပ်ဖွယ်ရှိပြီး ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ဖြစ်ရသည့် အလုပ်လက်မဲ့ပမာဏ မြင့်တက်မှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ သမ္မတထရမ့်သည် အမေရိကန်ပြည်သူများကို လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်စေရန် အလေးထားလျက်ရှိကြောင်း အဆိုပါအရာရှိက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

**အဆုံးမရှိသည့်ကတိများ ပေးအပ်ခဲ့**

သမ္မတထရမ့်အနေဖြင့် ခိုင်မာသည့် စီးပွားရေးတစ်ရပ် ထူထောင်မည်ဟု အဆုံးမရှိသည့်ကတိများ ပေးအပ်ခဲ့သော်လည်း ယခုအခါတွင် နိုဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးဆိုင်ရာ မြင့်တင်မှုများ လုပ်ဆောင်နေရသည့်အတွက် ၎င်းကိုယ်တိုင်စိတ်ပျက်နေကြောင်း အစိုးရအဖွဲ့ အကြီးတန်းအရာရှိက ပြောသည်။

**ဘန်ကောက်ပို့စ်**

# ကမ္ဘာ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု ကိုးသန်းကျော်ဖြစ်လာ

**ဂျီနီဗာ ဇွန် ၂၃**
ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုသည် ဇွန် ၂၂ ရက် က ကိုးသန်းကျော်ဖြစ်လာခဲ့သလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုသည် အရှိန်အဟုန်ကောင်းလာကြောင်း သတိပေးထားသည်။

ဆော်ဒီအာရေဗျနိုင်ငံကလည်း လာမည့်လတွင် ဟဇ္ဇ်ဂျ်ပြုလုပ်မည့်ခရီးသွားအရေအတွက်ကို ကန့်သတ်မှုပြုမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံကလည်း ကျောင်းသားသန်းချီ ကျောင်းပြန်တက်ခွင့်ပြုမှုနှင့်အတူ ပုံမှန်အခြေအနေရောက်အောင် အကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဥရောပတွင်ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးနေသော်လည်း ကမ္ဘာ့တခြားနေရာများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းမြင့်တက်လာခဲ့သည်။ အထူးသဖြင့် လက်တင်အမေရိကတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းများပြားလာပြီး သေဆုံးသူ ၅၀၀၀၀ ကျော် လာသည်။

မဲလ်ဘုန်းနှင့် လစ္စဘွန်းတို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု အစုလိုက်တွေ့ရှိမှုနှင့်အတူ ပေကျင်းနှင့် တချို့အာရှဒေသများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထပ်မံဖြစ်ပွားလျက်ရှိသည်။



ဘရာဇီးနိုင်ငံတစ်နေရာတွင် ကိုရိုနာဗိုင်းရပ်စ် ရှိ မရှိ စမ်းသပ်ပေးနေသည်ကို တွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုသည် အရှိန်မြင့်လာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွန် ဂီဘရီယက်စ်ဆုစ်က အွန်လိုင်းဗီဒီယိုအသုံးပြု ကျန်းမာရေးအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ကမ္ဘာကြီးအနေဖြင့် ရင်ဆိုင်နေရသော အကြီးမားဆုံး ခြိမ်းခြောက်မှုမှာ ကိုရိုနာဗိုင်းရပ်စ်သာမက ကမ္ဘာကြီး စည်းလုံးမှုမရှိခြင်းနှင့် ကမ္ဘာ့ခေါင်းဆောင်မှု မရှိခြင်းဖြစ်ကြောင်း တက်ဒရော့စ်က ပြောကြားလိုက်သည်။ ကမ္ဘာကြီးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် သေဆုံးသူ ၄၆၅၀၀၀ ရှိပြီး ကူးစက်ခံရသူပေါင်းမှာလည်း ကိုးသန်းကျော်လာပြီဖြစ်သည်။

ကမ္ဘာကြီးသည် တကွဲတပြားဖြင့် ကိုရိုနာဗိုင်းရပ်စ်ရန်ကို မတွန်းလှန်နိုင်ကြောင်း ၎င်းက ဆက်ပြောသည်။ ကိုရိုနာဗိုင်းရပ်စ်၏ နိုင်ငံရေးသဘောသက်ဝင်မှုမှာလည်း ပိုမိုဆိုးရွားလာကြောင်း ၎င်းက ဆက်ပြောသည်။

ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုက ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကို ဂရုမစိုက်ကြောင်း ထပ်တလဲလဲပြောကြားလျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ကို အပျော့စားတုပ်ကွေးဖြင့် နှိုင်းယှဉ်ပြလိုက်ပြီး စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသည် ကိုရိုနာဗိုင်းရပ်စ်ထက် ဆိုးရွားကြောင်း ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို ဒုတိယအဆိုးရွားဆုံး ခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၂၀၀၀၀ ရှိကြောင်း သိရသည်။ မက္ကဆီကို၊ ပီရူးနှင့် ချီလီနိုင်ငံတို့သည်လည်း ကိုရိုနာ ဗိုင်းရပ်စ်ဒဏ်ကို အဆိုးရွားဆုံး ခံစားနေရသည်။ **အေအက်ဖ်ပီ**

# သုံးလနီးပါး ကန့်သတ်ပိတ်ဆို့ခဲ့သည့် နယူးယောက်စီးတီးတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်

**နယူးယောက်စီးတီး ဇွန် ၂၃**
ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကန့်သတ်ပိတ်ဆို့မှုများကို သုံးလနီးပါးပြုလုပ်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ အဆိုးရွားဆုံး ကူးစက်မှုဖြစ်ပွားခဲ့သော မြို့တော် နယူးယောက်စီးတီးသည် စီးပွားရေး ပြန်လည်ဖွင့်လှစ်မှုများဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ဒုတိယအဆင့်ထဲ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။



နယူးယောက်စီးတီးရှိ အပြင်ဘက် လူသွားစင်္ကြံပေါ်တွင် ရောင်းချနေသော စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

ဇွန် ၂၃ ရက်က လဟာပြင် စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး တခြားအဖွဲ့အစည်းများနှင့် ဌာနများ၏လုပ်ငန်းများလည်း ပြန်လည်စတင်နေပြီဖြစ်သည်။

မန်ဟက်တန်ရှိ စားသောက်ဆိုင်များလည်း ထိုင်ခုံနေရာ နှစ်မီတာအကွာဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

ဖောက်သည်တစ်ဦးက သူ့အနေဖြင့် သူအကြိုက်နှစ်သက်ဆုံး စားသောက်ဆိုင်တွင် နေ့လယ်စာပြန်လည်စားသောက်ခွင့် ရရှိခဲ့သည့်အတွက် ပျော်ရွှင်ကြောင်း ပြောကြားသည်။ စားသောက်ဆိုင်များနည်းတူ ကလေးကစားကွင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

မိဘများနှင့် ကလေးများသည် ပါးစပ်နှာခေါင်းစည်းများ စည်းပြီး ကစားကွင်းများထဲတွင် ရှိနေကြသည်။

ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်ဖြေလျှော့မှု ဒုတိယအဆင့်ထဲ ဝင်ရောက်လာမှုနှင့်အတူ လူပေါင်း ၃၀၀၀၀၀ ခန့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်တော့မည် ဖြစ်သည်။

သက်ဆိုင်ရာ အာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ရုပ်ရှင်ရုံများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် စားသောက်ဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ခွင့်ပြုပေးလျှင် ကောင်းမကောင်း ဆုံးဖြတ်နေကြသည်။ **အင်န်အိတ်ချ်ကေ**

# ဂျာမနီမှ အမေရိကန်တပ်အချို့ကို အာရှသို့ ပြောင်းရွှေ့တပ်ဖြန့်ချသွားဖွယ်ရှိ

**ဝါရှင်တန် ဇွန် ၂၃**
ဂျာမနီမှ ပြန်လည်ရုပ်သိမ်းသွားမည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ဂျပန်နိုင်ငံအပါအဝင် အင်ဒိုပစိဖိတ်ဒေသသို့ ပြောင်းရွှေ့တပ်ဖြန့်ချထားနိုင်သည်ဟု အိမ်ဖြူတော်အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ဂျာမနီမှ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို လျှော့ချသွားရန် သမ္မတထရမ့်က ရည်ရွယ်ထားသည်ဟု အမျိုးသားလုံခြုံရေးအကြံပေးရောဘတ်အိုဘရိုင်ယန်က ဝေါစထရိဂျာနယ်တွင် ဖော်ပြခဲ့သည်။ ဂျာမနီဘက်မှ လုံလောက်သည့် ကာကွယ်ရေးအသုံးစရိတ်မထုတ်ပါက ဇွန် ၁၅ ရက်တွင် ဂျာမနီမြေပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင် အင်အားကို လျှော့ချသွားမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၅၀၀ မှ ၂၅၀၀၀ အထိ လျှော့ချသွားမည်ဟု အိုဘရိုင်ယန်က ရေးသားခဲ့သည်။ ဂျာမနီမှ အမေရိကန်တပ်ဖွဲ့ဝင် ထောင်ဂဏန်းအချို့ကို အခြားသောဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းတပ်ဖြန့်ချသွားမည်ဖြစ်ပြီး နောက်ထပ်တပ်ဖွဲ့ဝင်များကိုမူ အင်ဒိုပစိဖိတ်ဒေသသို့ ပြောင်းရွှေ့သွားဖွယ်ရှိသည်ဟု အိုဘရိုင်ယန်က ပြောကြားခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများ ရည်ရွယ်ထားသည့် ကာကွယ်ရေးအသုံးစရိတ်ထိရောက်အောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိသည့် ဂျာမနီနိုင်ငံအပေါ် စိတ်ပျက်မိသည်ဟု အိုဘရိုင်ယန်က ပြောသည်။ တပ်ဖွဲ့ဝင်များ လျှော့ချရန် အစီအစဉ်သည် နိုဝင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒရှင်များကို စည်းရုံးသည့် လှုပ်ရှားမှုသဘောလည်း ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့၏ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချခြင်းဖြင့် မဲဆန္ဒရှင်များကို စည်းရုံးလိုက်ခြင်းလည်းဖြစ်သည်။ သို့သော်လည်း ထရမ့်၏ ဆုံးဖြတ်ချက်ကြောင့် ဥရောပလုံခြုံရေးတွင် အကျိုးသက်ရောက်မှုများ ရှိလာမည်ကို လွှတ်တော်မှ ရီပတ်ဘလစ်ကန်အမတ်များက စိုးရိမ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



တိုကျိုမြို့ အာဆာကာ စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံမှ လူငယ် ၅၀ ရာခိုင်နှုန်းမှာ ပညာရေးတွင် လစ်ဟာမှုရှိနေဟု ခံစားနေရ

**တိုကျို ဇွန် ၂၃**
ဂျပန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် ကျောင်းများပိတ်ထားရသည့်အတွက် အခြားကျောင်းသားများနှင့် နှိုင်းယှဉ်လျှင် လူငယ် ၅၀ ရာခိုင်နှုန်းမှာ သင်ကြားရေးအခွင့်အလမ်းများ၌ လစ်ဟာမှုများရှိနေသည်ဟု ခံစားနေရကြောင်း မကြာသေးမီက လေ့လာမှုများအရ သိရသည်။

**မညီမျှမှု ခံစားရ**

တိုကျိုအခြေစိုက် ကိုယ်ကျိုးမဖက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် နီပွန်ဖောင်ဒေးရှင်းမှ အဆိုပါ အွန်လိုင်းမှတစ်ဆင့် လေ့လာမှုကို ပြုလုပ်ခဲ့ပြီး အသက် ၁၇ နှစ်မှ ၁၉ နှစ်ကြား လူငယ် ၅၈ ဒသမ ၆ ရာခိုင်နှုန်းမှာ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ပညာရေးတွင် မညီမျှမှုများ ခံစားနေရကြောင်း ဖြေကြားခဲ့ကြသည်။

**အွန်လိုင်းသင်ကြားမှုမရ**

ကျောင်းများ ပိတ်ထားစဉ်အတွင်း အချို့သောကျောင်းများမှာ အွန်လိုင်းမှတစ်ဆင့် သင်ကြားမှု မရနိုင်ပေ။

**ကျောင်းပိတ်ရက်လျှော့ချသင့်**

လူငယ် ၃၈ ဒသမ ၈ ရာခိုင်နှုန်းကမူ ကျောင်းပိတ်ရက်များကို လျှော့ချသင့်ပြီး နွေရာသီကျောင်းပိတ်ရက်ကို လျှော့ချသင့်သည်ဟု ဖြေကြားခဲ့ကြသည်။

၅၀ ဒသမ ၈ ရာခိုင်နှုန်းသည် ကျောင်းများတွင် အွန်လိုင်းမှတစ်ဆင့် သင်ကြားခြင်းများ ပြုလုပ်သင့်သည်ဟု ဖြေကြားခဲ့ကြသည်။ **ကျိုဒိုနယူးစ်**

# ကိုဗစ် - ၁၉ ကာလမှာ ရေဒီယိုနားထောင်မှု ပြန်လည်သက်ဝင်နိုးထလာတဲ့ ဂျပန်နိုင်ငံ

ထွန်းသစ်စ

ကမ္ဘာကြီးမှာ ဖြစ်နိုင်သမျှသော လှုပ်ရှားဆောင်ရွက်မှုတွေကို အလိုက်သင့်ချိန်ညှိရင်း ကျွန်တော်တို့တွေဟာလည်း ကျွန်တော်တို့ရဲ့ ဖျော်ဖြေမှုတွေကို ဘယ်လိုမျိုးခံစားမလဲဆိုတာကို ကိုဗစ်-၁၉ က ပုံစံသစ်တစ်မျိုးနဲ့ တစ်မူဆန်းသစ်ပေးခဲ့ပါတယ်။

## သက်ဝင်နိုးထလာတဲ့ ရေဒီယိုနားထောင်ခြင်း


ဂျပန်နိုင်ငံမှာလည်း ကိုဗစ်-၁၉ ကြောင့် အလိုက်သင့်ဖြစ်ပေါ်လာအောင် တစ်မူဆန်းသစ်ထားတဲ့ နည်းလမ်းများစွာအနက် နည်းလမ်းတစ်ခုကတော့ သက်ဝင်နိုးထလို့ လာခဲ့ပါတယ်။ အထူးသဖြင့် လူငယ်ထုရဲ့ ကြားထဲမှာပါ။ အဲဒါကတော့ တစ်ချိန်တုန်းက ဘာကိုမှဂရုမစိုက်ဘဲ အကြိုက်နှစ်သက်ဆုံး ဝါသနာအရလုပ်ဖြစ်ခဲ့တဲ့ ရေဒီယိုနားထောင်ခြင်းပါပဲ။ အခုလို ကိုဗစ်-၁၉ ဖြစ်နေချိန်မှာ ကျောင်းလည်းမတက်ရဘဲ အိမ်မှာပဲ အလုပ်တွေလုပ်ပြီး အချိန်တွေကုန်လွန်ရင်းနဲ့ပဲ ကျောင်းသားလူငယ်တွေအပါအဝင် ရေဒီယိုပရိသတ်တွေဟာ တိုးပွားပြီးရင်း တိုးပွား များပြားပြီးရင်း များပြားလာတော့တာပါပဲ။ ရေဒီယိုနားထောင်ခြင်းကြောင့်လည်း ဦးနှောက်မှာ ကောင်းမွန်တဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေ ရရှိတယ်ဆိုပြီးတော့ ကျွမ်းကျင်ပညာရှင်တွေကို ချီးကျူးထားပါသေးတယ်။

အဖွဲ့ဝင်ကြေး တစ်လကို ၃၈၅ ယန်းပေးရတဲ့ အင်တာနက် ရေဒီယိုဝန်ဆောင်မှုဖြစ်တဲ့ ရေဒီကိုက ရေဒီယိုနားထောင်သူတွေအရေအတွက်ဟာ ဖေဖော်ဝါရီလနဲ့ နှိုင်းယှဉ်ရင် ဧပြီလမှာ ၂၁ ရာခိုင်နှုန်းတိုးလာပြီး စုစုပေါင်းပရိသတ် ၉ ဒသမ ၁ သန်းအထိ ရောက်လာတယ်လို့ ဆိုပါတယ်။ ဒီပမာဏဟာ အထူးသဖြင့် နံနက် ၉ နာရီနဲ့ ညနေ ၆ နာရီကြားက ပမာဏပဲဖြစ်ပါတယ်။ ရေဒီယိုနားထောင်မှုဟာလည်း ၄၀ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ရေဒီကိုက ပြောပါတယ်။

## ရေဒီယိုနားထောင်သူတွေတိုးလာ

ဂျပန်နိုင်ငံရဲ့ တစ်ခုတည်းသော စီးပွားဖြစ်ရုပ်သံထုတ်လွှင့်တဲ့ နစ်ကေးကုမ္ပဏီရဲ့ သီချင်းသီးသန့် ရေဒီကိုဝန်ဆောင်မှုပေးတဲ့ ရေဒီယိုအသံလွှင့်ရုံနှစ်ရုံအနက် အသံလွှင့်ရုံတစ်ရုံရဲ့ ရေဒီယိုနားထောင်သူ ပရိသတ်အရေအတွက်ဟာ ၂၃ ရာခိုင်နှုန်းအထိ တိုးလာပါတယ်။ ရေဒီယိုနားထောင်သူအများစုဟာ ကွန်ပျူတာမှတစ်ဆင့် သီချင်းတွေကိုနားထောင်ပြီး အိမ်ကအလုပ်လုပ်သူတွေ ဖြစ်မယ်လို့ ရေဒီယိုအသံလွှင့်ရုံက သက်ဆိုင်သူတွေက ခန့်မှန်းထားသော်လည်း ကုမ္ပဏီရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဆိုက်ကို အီနိုမိုတိုက ရေဒီယိုနားထောင်သူတွေဟာ သီချင်းသာမကဘူး၊ တခြားအကြောင်းအရာ အချက်အလက်တွေကိုလည်း နားထောင်ချင်ကြမှာပဲလို့ ပြောလိုက်ပါတယ်။

မိမိတို့ရဲ့ ရေဒီယိုနားထောင်မှု အရေအတွက်ဟာ ဈေးကွက်အချက်အလက်အရ မြင့်တက်ကောင်း မြင့်တက်လာသော်လည်း မိမိတို့ဟာ ပွဲကြည့်သူမရှိတဲ့ မြင်းပြိုင်ပွဲ တစ်ခုလိုပါပဲလို့ အီနိုမိုတိုက ပြောလိုက်သည်။



နစ်ကေး ရေဒီယိုအသံလွှင့်ရုံဝန်ထမ်းများ။

## ရေဒီယိုနားထောင်ခြင်း ဦးနှောက်ကို အကျိုးပြု

ရေဒီယိုနားထောင်မှုက ဦးနှောက်ကို ဘယ်ပုံဘယ်နည်း အကျိုးသက်ရောက်မှု ရှိသလဲဆိုတာကို လေ့လာနေတဲ့ ခန္ဓာကိုယ်အတွင်းပိုင်း ဆေးပညာရှင် ဒေါက်တာ တိုရှီနိုရီကာတိုနဲ့ ရေဒီကိုကုမ္ပဏီက လက်တွဲလုပ်ဆောင်နေပါတယ်။ တစ်နေ့ကို နှစ်နာရီကျော်ကျော်နဲ့ တစ်လကြာအောင် ရေဒီယိုနားထောင်တဲ့ တက္ကသိုလ်ကျောင်းသားရှစ်ယောက်ရဲ့ ရေဒီယိုနားထောင်ပြီးတာနဲ့ နားမထောင်မီ ဦးနှောက်စစ်ဆေးမှုတွေကို လေ့လာဖို့အတွက် စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။

လေ့လာစမ်းသပ်မှုအရ ဦးနှောက်ရဲ့ မှတ်ဉာဏ်နဲ့ အကြားအာရုံကို ထိန်းချုပ်တဲ့နေရာက ကျယ်ပြန့်နေတာကို တွေ့ရှိခဲ့ပါတယ်။

## ကျောင်းသားတွေလည်း ရေဒီယိုနားထောင်ကြ

မိမိတို့အနေနဲ့ ကျောင်းပိတ်ထားတဲ့ အငယ်တန်းနဲ့ အကြီးတန်းကျောင်းသားတွေဆီက အီးမေးလ်တွေကို လက်ခံရရှိခဲ့တယ်လို့ အာရ်စီစီရုပ်သံထုတ်လွှင့်ကုမ္ပဏီရဲ့ စနေ၊ တနင်္ဂနွေမှအပ ကြားရက် ရေဒီယိုအစီအစဉ်ထုတ်လွှင့်သူ ယူဂျီယိုကိုယာမာက တစ်နိုင်ငံလုံးမှာ ကျော်ကြားနေတဲ့ ရေဒီကိုကတစ်ဆင့် ပြောကြားလိုက်ပါတယ်။ ဆိုလိုတာကတော့ ရေဒီယိုနားထောင်သူတွေ တိုးလာတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ယိုကိုယာမာက ရေဒီယိုအသံလွှင့်ရုံကိုရောက်လာတဲ့ စာတွေတွေ့ပြီး နွေးထွေးကြိုဆိုမှုကို ဖော်ပြတဲ့အနေနဲ့ လေလှိုင်းကြားမှ အကြောင်းပြန်ပေးခဲ့ပါတယ်။ လူတွေအနေနဲ့ အခုလို ခေတ်ဟောင်းခေတ်သစ် ရောစပ်ထားတဲ့ မီဒီယာကို ပိုပြီးထိတွေ့လာတာ ဝမ်းသာစရာကောင်းတယ်လို့ သူက ပြောပါတယ်။

## တဖြည်းဖြည်းနဲ့ ငြိမ့်ငြိမ့်လေး နားထောင်ရမယ်

ကိုဗစ်-၁၉ ပြီးဆုံးမယ့် အရိပ်အယောင်မတွေ့ရသေးခင်မှာ တခြားသူတွေက ရေဒီယိုကို ထူးခြားတဲ့သီးသန့် တင်ဆက်မှုတစ်ခုအဖြစ် ပြောဆိုနေကြပါတယ်။ လစ်ဘရယ်အနုပညာဆိုင်ရာ ဒိုရှိရှာ အမျိုးသမီးကောလိပ်ရဲ့ ပါမောက္ခတစ်ဦးဖြစ်သူ တာကာဟီကို ကာဂီယာမက ရေဒီယိုထုတ်လွှင့်မှု အကြောင်းအရာအနည်းငယ်က လူမှုမီဒီယာမှာဖော်ပြတဲ့ ဗီဒီယိုနဲ့ ရုပ်ပုံတွေလို အဓိပ္ပာယ်တစ်ခုလုံးကို ခြုံငုံမလွှမ်းမိုးနိုင်ဘူးလို့ ပြောပါတယ်။ တာကာဟီကို ကာဂီယာမဟာ အိုဆာကာမှာရှိတဲ့ မိုင်နီချီ ရုပ်သံထုတ်လွှင့်မှုမှာ ရုပ်မြင်သံကြားနဲ့ ရေဒီယိုထုတ်လွှင့်မှုတွေကို လုပ်ကိုင်ခဲ့ဖူးတဲ့သူဖြစ်ပါတယ်။

ရေဒီယိုဆိုတာမျိုးက တဖြည်းဖြည်းနဲ့ အေးအေးဆေးဆေးလေး ငြိမ့်ငြိမ့်လေး နားထောင်ရမယ့်အရာပါလို့ ကာဂီယာမက ပြောပါတယ်။ တချို့ကလည်း ရေဒီယိုနားထောင်တဲ့အပေါ် လူကြိုက်များလာတာကို ကိုဗစ်-၁၉ ကြောင့် အိမ်မှာနေပြီး အလုပ်လုပ်ရတဲ့အချိန်လေး ခဏတာအပန်းဖြေမှုတစ်ခုပါလို့ ပြောကြားထားပါတယ်။

သို့သော်လည်း ရေဒီယိုအစီအစဉ်တင်ဆက်သူတွေကတော့ သူတို့ရဲ့ တင်ဆက်မှုပုံစံတွေက ပရိသတ်အပေါ် နှစ်သက်ဖြေသိမ့်မှုကိုပေးမယ့် ဖျော်ဖြေမှုတစ်ခုလို့ ယုံကြည်ထားပါတယ်။

## ပြန်လည်နိုးထလာဦးမယ့် တင်ဆက်မှု

ရေဒီယိုဖျော်ဖြေမှုဟာ ပြန်လည်နိုးထလာဦးမယ့် အဟောင်းအသစ်တွဲဖက်ထားတဲ့ တင်ဆက်မှုတစ်ခု ဆက်ဖြစ်နေဦးမယ်လို့ ကာဂီယာမကတော့ မျှော်လင့်ထားပါတယ်။

ကိုဗစ်-၁၉ ကြောင့် အိမ်မှာနေစဉ် ရေဒီယိုနားထောင်မှုမျိုးမဟုတ်ဘဲ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိခဲ့မယ်ဆိုရင်တောင် ရေဒီယိုနားထောင်မှုကို လက်လွှတ်မှာ မဟုတ်ဘူးလို့ ကာဂီယာမက ဆက်လက်ပြောကြားလိုက်ပါတယ်။

ဂျပန်နိုင်ငံမှာ အခုဆိုရင် ရေဒီယိုနားထောင်မှုဟာ တစ်ခေတ်ဆန်းသစ်လို့ လာခဲ့ပါပြီ။ ။

ကိုးကား-ကျိုတို

- ❖ ရေဒီယိုဖျော်ဖြေမှုဟာ ပြန်လည်နိုးထလာဦးမယ့် အဟောင်းအသစ် တွဲဖက်ထားတဲ့ တင်ဆက်မှုတစ်ခု ဆက်ဖြစ်နေဦးမယ်လို့ ကာဂီယာမကတော့ မျှော်လင့်ထားပါတယ်။
- ❖ ကိုဗစ် - ၁၉ ကြောင့် အိမ်မှာနေစဉ် ရေဒီယိုနားထောင်မှုမျိုးမဟုတ်ဘဲ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိခဲ့မယ်ဆိုရင်တောင် ရေဒီယိုနားထောင်မှုကို လက်လွှတ်မှာ မဟုတ်ဘူးလို့ ကာဂီယာမက ဆက်လက်ပြောကြားလိုက်ပါတယ်။
- ❖ ဂျပန်နိုင်ငံမှာ အခုဆိုရင် ရေဒီယိုနားထောင်မှုဟာ တစ်ခေတ်ဆန်းသစ်လို့ လာခဲ့

## နိုင်ငံတကာသတင်းတိုထွာ

### ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်း

**ဘန်ကောက် ဇွန် ၂၃**

မေလအတွင်းထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းသည် လွန်ခဲ့သောနှစ် အလားတူလထက် ၆၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း ဝယ်လိုအားနည်းလာသောကြောင့် ထိုကဲ့သို့ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ကျဆင်းလာခဲ့ခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် မော်တော်ယာဉ်ထုတ်လုပ်သည့် အဓိကနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျပန်မော်တော်ယာဉ်ကုမ္ပဏီအမြောက်အမြား၏ စက်ရုံလုပ်ငန်းများကို ထိုင်းနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည်။

မေလတွင် မော်တော်ယာဉ် ၅၆၀၃၅ စီးထုတ်လုပ်ခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့ချုပ်က ပြောသည်။

အင်န်အိတ်ချ်ကေ

### ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက် ၃၂၀၀၀ နားကပ်လာ

**မနီလာ ဇွန် ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၅၀ ကို ဇွန် ၂၃ ရက်က ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၃၁၈၂၅ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အစီရင်ခံတင်ပြထားသည်။

၂၉၉ ဦးမှာ ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသည့်အတွက် စုစုပေါင်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၈၄၄၂ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ကိုဗစ်–၁၉ ကြောင့်သေဆုံးသူအရေအတွက်မှာ ၁၁၈၆ ဦးအထိ ရှိလာကြောင်း သိရသည်။ နောက်ထပ်ကူးစက်ခံရသူများမှာ မနီလာမြို့မှ ၃၁၇ ဦး၊ ဗီဆာရက်စ် အလယ်ပိုင်းမှာ ၃၂၀ နှင့် နိုင်ငံ၏ အခြားနေရာများမှာ ၅၁၃ ဦး ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၂–၆–၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၈၆) ခုနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL–Mdy)မှ ဓာတ်ခွဲနမူနာ (၂၈၀)ခု၊ စုစုပေါင်း (၉၆၆) ခုတွင်–

- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၂၃–၆–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၉၁) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၂–၆–၂၀၂၀)ရက်နေ့တွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၀၅၈ )ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၉၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL–Mdy)မှ ဓာတ်ခွဲနမူနာ (၂၈၀)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၅၂)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၇၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၃–၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၂–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၈၆) ခု |
| (၂၂–၆–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL–Mdy)မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ | (၂၈၀) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၉၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၀၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID–19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၃ –၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID–19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID –19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 291 | ၃၀ နှစ် | မ | မောင်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၂၃–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၇၀) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၄၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁,၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅၀)ခု၊ စုစုပေါင်း (၈၆၆)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ (၂၃–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၂) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case–130, 187, 230, 244) တွေ့ရှိရသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၂၀၄) ဦးရှိပြီး ၎င်းတို့အနက် (၁၉၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၂–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃–၆–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၄) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| (၂၃–၆–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၆) ခု |
| (၂၃–၆–၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ( ခုတင် ၁,၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၀) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၉၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၀၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၃–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID–19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 292 | ၃၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုခြင်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၃**

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုခြင်းကို ယနေ့တွင် ဘုရားဖြူ ဓမ္မဥယျာဉ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးဆောင်အဖွဲ့အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ဘုရားဖြူဓမ္မဥယျာဉ်၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့်နေရာသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများအတွက် သင်တန်းလက်စွဲစာအုပ် ပြုစုထုတ်ဝေပြီး လေ့ကျင့်သင်ကြားပေးမှု၊ Quarantine Center များ၏ အတွင်းစည်းတာဝန်ထမ်းဆောင်နေကြပြီး သင်တန်းမတက်ရောက်ရသေးသည့် စေတနာ့ဝန်ထမ်းများအတွက် အွန်လိုင်းဖြင့် လေ့ကျင့်သင်ကြားပေးမှု၊ လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်မှုနှင့် အသိအမှတ်ပြုဂုဏ်ပြုလွှာများ ပေးအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအားလုံးအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်နှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ရှမ်းပြည်နယ် Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၁၅၆ ဦး၊ အသက် (၅)နှစ်အောက် ကလေး ၇၄ ဦး၊ အသက် (၆၀)နှင့်အထက် သက်ကြီးရွယ်အို ၁၅ ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၃၅၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိပြီး လွိုင်ကော်ပညာရေးကောလိပ်၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့်နေရာတွင် ကယားပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအားလုံးအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်နှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ကယားပြည်နယ် Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦး၊ အသက် (၅) နှစ်အောက် ကလေး ရှစ်ဦး၊ အသက် (၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို လေးဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၂၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

ယနေ့စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၂၈၆၉ ဦး၊ ပရဟိတအဖွဲ့ ၂၅၄ ဖွဲ့၊ ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၇၅ ဦး၊ ပရဟိတအဖွဲ့ ၁၅ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့် စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းကျန်ရှိခြင်းများ ရှိပါကလည်း စိစစ်၍ မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများကတစ်ဆင့် ဂုဏ်ပြုလွှာများ ထပ်မံပေးအပ်လျက်ရှိပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယနေ့ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များအတွင်း ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၉၂ ဦးနှင့် ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ မြန်မာနိုင်ငံသား ၃၇ ဦး စုစုပေါင်း ၁၂၉ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (Myanmar Air-ways International-MAI)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့်ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၄၈၉၃ ဦးအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီချစ်ကြည်ရေးအမှတ်(၂) တံတားမှ ဇွန် ၂၃ ရက်၌ ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ ၅၂၇ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၂၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၇ ဦး ဇွန် ၂၃ ရက်က မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၈၇ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ၄၀ တို့သည် ထိုင်းနိုင်ငံ Immigration Detention Center(IDC)မှ လာရောက်လွှဲပြောင်းသူများဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီချစ်ကြည်ရေး အမှတ်(၂)တံတားမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ စတင်ကာ ဇွန် ၂၃ ရက်အထိ စုစုပေါင်း ၃၃၃၉၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ဇွန် ၂၃ ရက်က ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၂၂ ဦး၊ အမျိုးသမီး ၂၀၅ ဦး စုစုပေါင်း ၅၂၇ ဦးဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



# ဇွန် ၂၃ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၂ ဦး ရှိပြီဖြစ်

နေပြည်တော် ဇွန် ၂၃

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၂ ဦးရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ၂ ဦးမှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ တစ်ဦးနှင့် စစ်တွေမြို့နယ်မှ တစ်ဦးဖြစ်ပြီး နှစ်ဦးစလုံးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၉၂ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၀၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူဦးရေ ၁၉၀ နှင့် ဇွန် ၂၂ ရက် မွန်းတည့် ၁၂ နာရီမှ ဇွန် ၂၃ မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၄၅၃၂ | ၂၉၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၀၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၇၅၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၉၀ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ရခိုင် | ၁၁ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၂၃-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၈၉၁၆၆ | ၁၀၀၃၂၅၈ | ၁၂၂၆၃၄ |
| ၂။ | ဘရာဇီး | ၁၁၁၃၆၀၆ | ၅၉၄၁၀၄ | ၅၁၄၀၇ |
| ၃။ | ရုရှား | ၅၉၉၇၀၅ | ၃၅၆၄၂၉ | ၈၃၅၉ |
| ၄။ | အိန္ဒိယ | ၄၄၁၉၂၄ | ၂၄၈၆၂၉ | ၁၄၀၂၈ |
| ၅။ | ဗြိတိန် | ၃၀၅၂၈၉ | စိစစ်ဆဲ | ၄၂၆၄၇ |
| ၆။ | စပိန် | ၂၉၃၅၈၄ | စိစစ်ဆဲ | ၂၈၃၂၄ |
| ၇။ | ပီရူး | ၂၅၇၄၄၇ | ၁၄၅၃၂၀ | ၈၂၂၃ |
| ၈။ | ချီလီ | ၂၄၆၉၆၃ | ၂၀၅၃၉၇ | ၄၅၀၂ |
| ၉။ | အီတလီ | ၂၃၈၇၂၀ | ၁၈၃၄၂၆ | ၃၄၆၅၇ |
| ၁၀။ | အီရန် | ၂၀၉၉၇၀ | ၁၆၉၁၆၀ | ၉၈၆၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၇၈၉၆ | ၁၉၂၄၁ | ၂၅၃၅ |
| စင်ကာပူ | ၄၂၄၃၂ | ၃၅၅၉၀ | ၂၆ |
| ဖိလစ်ပိုင် | ၃၁၈၂၅ | ၈၄၄၂ | ၁၁၈၆ |
| မလေးရှား | ၈၅၉၀ | ၈၁၈၆ | ၁၂၁ |
| ထိုင်း | ၃၁၅၆ | ၃၀၂၃ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၈ | ၀ |
| မြန်မာ | ၂၉၂ | ၂၀၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၃၀ | ၁၂၇ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၁၆ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၈ မြို့နယ်ရှိ နေရာ ၁၈၀ တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၂၈ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၇ ရက်ကလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၀ ရှိ နေရာ ၁၀၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၅ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၉ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့အတူ ဇွန် ၁၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၂၇ မြို့နယ်ရှိ နေရာ ၈၄ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၀ ကီလိုဂရမ် သုံးစွဲခဲ့သည်။

သတင်းစဉ်



ဇွန် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁၆ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁)နယ်စပ် အဝင်အထွက်စခန်းအား COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၀၆ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇွန် ၂၃

**တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၂၃ ရက်က အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၀၆ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀၆ ဦးတို့မှာ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၅၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၆ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀ ဦး၊ ကချင်ပြည်နယ်မှ လေးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ ဖြစ်ကြပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူးများ၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၆၀၃ ဦးနှင့် အမျိုးသမီး ၅၂၄၉ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၁၈၅၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတိုက်နယ်ဆေးရုံတွင် အသွားအလာကန့်သတ်ထားရှိသော ကျား/မ ၁၀ ဦးတို့အား လက်ဆေးကန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများလှူဒါန်း

**မိုးညှင်း ဇွန် ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတိုက်နယ်ဆေးရုံ၌ အသွားအလာကန့်သတ်ထားရှိသော အမျိုးသမီး၊ အမျိုးသား ၁၀ ဦးတို့အတွက် လက်ဆေးကန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ထွယ်ဆန်ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း(နမ္မား)မှ Director ဦးဘရန်အောင်နှင့်အဖွဲ့တို့က ဇွန် ၂၂ ရက်တွင် ဒုတိယအကြိမ် လှူဒါန်းခဲ့ကြသည်။

မော်ဟန်တိုက်နယ်ဆေးရုံတွင် အသွားအလာကန့်သတ်ထားရှိထားသော အမျိုးသားငါးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၀ ဦးတို့အား ထွယ်ဆန်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့အစည်း(နမ္မား)မှ Director ဦးဘရန်အောင်နှင့် အဖွဲ့တို့က လက်ဆေးကန်တစ်စုံ၊ လက်သန့်ဆေးရည် နှစ်ဘူး၊ အမှိုက်ပုံး တစ်လုံးတို့အား လာရောက်ထောက်ပံ့ပေးအပ်မှုကို မော်ဟန်ကျေးရွာ ကြက်ခြေနီတပ်ခွဲမှူး ဦးဟန်ထွေးနှင့်အဖွဲ့၊ ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးခင်မောင်ကျော်နှင့်အဖွဲ့တို့က လက်ခံရယူကြသည်။

အဆိုပါ ထွယ်ဆန်ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း(နမ္မား) မှ Director ဦးဘရန်အောင်နှင့် အဖွဲ့တို့သည် ပထမအကြိမ်အဖြစ် ဇွန် ၁၉ ရက် ညနေ ၄နာရီ ၁၅ မိနစ်က ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ ဖျာ၊ ရေပုံး စသည့်အသုံးအဆောင်ပစ္စည်းများနှင့် တစ်ခါသုံး နှာခေါင်းစည်းများကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နီတိုး

## ပင်လောင်းမြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးတောင်သူများအား လက်ဖက်စရိတ်ချေးငွေ ထုတ်ချေးပေး

**ပင်လောင်း ဇွန် ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း လက်ဖက် စိုက်ပျိုးထုတ်လုပ်သူများအား လက်ဖက်လုပ်ငန်း အရှိန်အဟုန်မပျက် ထုတ်လုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း လက်ဖက်စိုက်ပျိုး ထုတ်လုပ်သည့် တောင်သူများအား ဇွန် ၁၅ ရက်မှ ဇွန် ၂၃ ရက်အထိ နန်းဟူးဘုန်းတော်ကြီးကျောင်းတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ကလောဘဏ်ခွဲ)မှ မန်နေဂျာ ဒေါ်သီတာစိုးနှင့်ဝန်ထမ်းများက MPE Two Step Loan စနစ်ဖြင့် ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုတို့မှ လက်ဖက်စိုက်ပျိုးသည့် တောင်သူ ၁၅၀၇ ဦး၏ လက်ဖက်စိုက်ကေပေါင်း ၁၃၃၀၀ ကေအတွက် တစ်ကေလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေစုစုပေါင်းငွေကျပ်သိန်း ၆၆၅၀အား ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေများကို ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထား၍ အကျေပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## COVID-19 Call Center အချိန် လျှော့ချဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၃** အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ထုတ်ဝေသည့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များအား တနင်္သာရီတိုင်းဒေသကြီး အစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ တနင်္သာရီတိုင်းဒေသကြီး အစိုးရ ဧည့်ဂေဟာ၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ကော်ရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က ရည်ညွှန်းစာစောင် (၄)မျိုး ပြုစုခဲ့ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတများကို တိုင်းဒေသကြီးအတွင်းမှ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန် ထပ်ဆင့်ဖြန့်ဝေပေးရေးတို့ကို ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာအုပ်များ လှူဒါန်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ စာအုပ်များပါ ရည်ရွယ်ချက်များနှင့် ကော်မရှင်၏ ရည်ရွယ်ချက်များကို ပြည်သူလူထု ပိုမိုသိရှိနိုင်စေရန် ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရည်ညွှန်းစာစောင် အစုံ ၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ (အောက်ပုံ) **သတင်းစဉ်**




## အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်ကို ပယ်ဖျက်ခြင်း

အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center–PAC) လိုင်စင်များကို ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၉ အရ လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center–PAC) လိုင်စင်များကို အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အဖြစ် ၁၂ လအတွင်း အသွင်ကူးပြောင်းရန် လိုင်စင်အသွင်ကူးပြောင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ကို (၁၂-၁-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်ကြော်ငြာခဲ့ပြီးဖြစ်သည့်အတွက် ယင်းအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အချိန်ကာလသတ်မှတ်ချက်အတွင်း အသွင်ကူးပြောင်းရန် ပျက်ကွက်သည့် လိုင်စင်များနှင့် အသွင်ကူးပြောင်းရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center–PAC) လိုင်စင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၆ - ၂၀၂၀

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၇၀/၅၂၀ ကျပ် | ၅၄၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၃၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၃ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၂ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၉ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၁ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၄ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၁၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၃၈ | ၄၁၀၀၀၀ |
| MTSH | ၃၈၅၀ | ၃၉၀၀ | ၁၆၅၇၉ | ၆၃၈၇၈၉၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၉၁၅ | ၄၃၀၈၇၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၅ | ၁၂၆၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၆၂ | ၇၀၇၄၀၀ |


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE

## သရုပ်ဆောင် ဦးအောင်လွင်က ယခင်နှင့် ယခု ရုပ်ရှင်လောကကို သုံးသပ်ပြောကြား

မြန်မာ့ရုပ်ရှင်လောကထဲကို ၁၉၅၈ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး ယခုအချိန်အထိ ၆၂ နှစ်ကြာအောင် သရုပ်ဆောင်လောကတွင် ကျင်လည်ခဲ့သူ မင်းသားကြီး ဦးအောင်လွင်က ရုပ်ရှင်လောကတွင် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများနှင့် ယခင်နှင့် ယခု ရုပ်ရှင်လောက ကွာခြားချက်များကို နှိုင်းယှဉ်သုံးသပ် ပြောကြားခဲ့သည်။

"အရင်ခေတ်က ရုပ်ရှင်တွေက တော်တော်ကောင်းကြတယ်။ ခေတ်အခြေအနေအရ နည်းပညာတော့ အားနည်းခဲ့တာပေါ့။ ရုပ်ရှင်မှာ ဝါသနာပါတဲ့သူနဲ့ လုပ်စားတဲ့သူ နည်းနည်းတော့ကွာတယ်။ ဒီဘက်ခေတ်မှာ ရုပ်ရှင်က စီးပွားရေးသက်သက်လုပ်တဲ့ လူတွေလည်းရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့က အပြစ်သွားပြောလို့တော့ မရပါဘူး။ ထုတ်လုပ်သူတွေမရှိရင်လည်း အနုပညာလောကက အသက်မရှင်နိုင်ပြန်ပါဘူး။ အနုပညာကို ဝါသနာပါပြီး ခံစားချက်နဲ့ လုပ်နေတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ရုပ်ရှင်ရဲ့တိုးတက်မှုက အဲဒါတွေအပေါ် အများကြီး မူတည်ပါတယ်"ဟု ဦးအောင်လွင်က ပြောသည်။

ရုပ်ရှင်လောကတွင် ဖြတ်သန်းခဲ့မှုနှင့် ပတ်သက်၍လည်း ဦးအောင်လွင်က "ကျွန်တော်က ၁၉၅၈ ခုနှစ်မှာ အနုပညာအလုပ် စလုပ်ခဲ့တာဆိုတော့ အခု ၂၀၂၀ ပြည့်နှစ်ဆိုရင် ရုပ်ရှင်လောကထဲရောက်တာ ၆၂ နှစ်လောက်ရှိပါပြီ။ ၁၉၂၀ ပြည့်နှစ်က စတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်က ၁၉၄၅ ခုနှစ်မှာ ငွေရတုပြည့်ခဲ့တယ်။ ဒါကိုတော့ ကျွန်တော်တို့ မမီခဲ့ပါဘူး။ ငွေရတုတုန်းက ဗိုလ်ချုပ်အောင်ဆန်းလည်း ရှိပါသေးတယ်။ ဦးညီပုတို့၊ အေဝမ်းဦးတင်မောင်တို့ စတဲ့ ရုပ်ရှင်ဖခင်ကြီးတွေလည်း ရှိပါသေးတယ်။ ကျွန်တော်က မြန်မာ့ရုပ်ရှင် ရွှေရတုကိုတော့ မီခဲ့တယ်၊ စိန်ရတုကိုလည်း မီခဲ့တယ်။ အခု ၂၀၂၀ ပြည့်နှစ်မှာလည်း ကျန်းမာရေးကောင်းနေရင် ရာပြည့်ပွဲကြီးကို မီသွားမှာပေါ့။ နှစ်တစ်ရာပြည့်ပွဲကိုပါ မီခဲ့ရင်တော့ အနုပညာရှင်တစ်ဦးအနေနဲ့ ဂုဏ်ယူစရာပါပဲ"ဟု ပြောကြားသည်။



ကိုလင်း

## လင်းလင်းနှင့် ချစ်သုဝေတို့၏ ခေတ်သစ်ဖောင်ဒေးရှင်းက ပုလဲမြို့နယ်၌ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

အဆိုတော်လင်းလင်းနှင့် ချစ်သုဝေတို့ ဦးစီးတည်ထောင်ထားသည့် ခေတ်သစ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးဘက်တွင် လိုအပ်သူများအတွက် ထောက်ပံ့ကူညီခြင်းနှင့် ကိုဗစ်ကာလအတွင်း ပရဟိတလုပ်ငန်းများကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိသလို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သရက်လှကျေးရွာ၌ စာသင်ကျောင်း လိုအပ်မှုအတွက် ပရဟိတကျောင်းဆောင်တစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဖောင်ဒေးရှင်းကိုယုံကြည်ကြတဲ့ စေတနာရှင်တွေနဲ့ တကယ်ကို စည်းလုံးတဲ့ ဒေသခံတွေရဲ့ အားသာမပါရင် အချိန်တိုအတွင်း ဒီလောက်ကောင်းမွန်သပ်ရပ်တာမျိုး ပေါ်လာနိုင်စရာအကြောင်း မရှိပါဘူး။ အခုကျောင်းဆောင်ပြီးတဲ့အပြင် ရေဝပ်ဧရိယာကို မြေဖို့ပြီးပြီဆိုတော့ ဘောလုံးကွင်းထပ်ထည့်မယ်။ ကလေးကစားကွင်းလေးတွေ ထည့်ပေးမယ်။ ကျောင်းပတ်လည်မှာ အရိပ်ရပင်လေးတွေလည်း စိုက်ထားပြီး လျှောက်လမ်းလေးလည်း သပ်သပ်ရပ်ရပ် ထပ်လုပ်ဦးမယ်။ စာသင်ကျောင်းအလှူလေး အထမြောက်ဖို့ အနည်းငယ်သာ ဖြည့်စွက်ရပါတော့မယ်၊ ကျောင်းတွေဖွင့်တဲ့အခါ ကျောင်းဝတ်စုံလေးတွေကိုယ်စီဝတ်ပြီး အနာဂတ်မှာ အားကိုးရမယ့် နိုင်ငံ့သားကောင်းလေးတွေ အေးချမ်းလုံခြုံစွာ၊ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ပါတော့မယ်။ ခေတ်သစ်ဖောင်ဒေးရှင်းလည်း လိုအပ်တဲ့နေရာတွေကို ဒီထက်မက ကူညီနိုင်အောင် ကြိုးစားမှာပါ၊ စေတနာရှင် အလှူရှင်များ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ"ဟု ချစ်သုဝေက ၎င်း၏ လူမှုကွန်ရက် အကောင့်တွင်ရေးသားထားသည်။ **ကိုလင်း**



## မန္တလေးမြို့ရှိ ကိုဗစ်-၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် စိုင်းစိုင်းခမ်းလှိုင်က ကျပ်သိန်း ၁၀၀ လှူဒါန်း

ဧပြီ ၁၀ ရက်က ကျင်းပခဲ့သော SAISAI Birthday Show in Bedroom အွန်လိုင်းဂီတဖျော်ဖြေပွဲမှ ကောက်ခံရရှိခဲ့သော အလှူငွေများထဲမှ လက်ကျန်အလှူငွေ ကျပ်သိန်း ၄၀ ကျော်နှင့်အတူ စိုင်းစိုင်းခမ်းလှိုင်က ထပ်ပေါင်းလှူဒါန်းသော အလှူငွေ ကျပ်သိန်း ၅၀ ကျော်၊ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ စိုင်းစိုင်းခမ်းလှိုင်က ပေးအပ်လှူဒါန်းကြောင်း သိရသည်။

"SAISAI Birthday Show in Bedroom မှ ကောက်ခံရရှိသော အလှူငွေများမှ နောက်ဆုံးလက်ကျန် ၄၇၆၉၈၆၀ ကျပ်ကို ကျွန်တော်လှူဒါန်းသော ၅၂၃၀၁၄၀ ကျပ် ထပ်ပေါင်းပြီး ကျပ်သိန်း ၁၀၀ တိတိကို မန္တလေးမှာ ကိုဗစ်-၁၉ ကိစ္စအတွက် အသုံးပြုနိုင်ပါရန် လှူဒါန်းပြီးဖြစ်ပါကြောင်း တင်ပြပါတယ်။ အလှူငွေအားလုံးကို တစ်ပြားမကျန် လှူဒါန်းပြီးပါပြီခင်ဗျာ။ လေးနေရာခွဲပြီး လှူခဲ့ပါတယ်။ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ကျပ်သိန်း ၃၀၀၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနကို ကျပ်သိန်း ၃၀၀၊ ရန်ကုန်တိုင်းဒေသကြီး (ဖောင်ကြီးစင်တာ)ကို အသက်ရှူစက်တစ်လုံး (ကျပ်သိန်း ၂၀၀ ဝန်းကျင်)နဲ့ မန္တလေးကို သိန်း ၁၀၀ ဖြစ်ပါတယ်။ ကျွန်တော့် မွေးနေ့ဖျော်ဖြေပွဲကို အကြောင်းပြုပြီး ပရိသတ်များနဲ့ မိတ်ဆွေများအားလုံးရဲ့ စုပေါင်း အလှူဖြစ်ပါတယ်"ဟု စိုင်းစိုင်းခမ်းလှိုင်က ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားထားသည်။ **ကိုလင်း**

## ကိုဗစ်ကာလအတွင်း အလှူအတန်းများလုပ်နေသည့် နန်းဆုရတီစိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

သရုပ်ဆောင်အဖြစ်သာမက အဆိုပိုင်းနှင့်ပါ ပရိသတ်၏အားပေးမှုကို ရရှိထားသူ နန်းဆုရတီစိုးက ကိုဗစ်ကာလအတွင်း Stay Home နေထိုင်ရစဉ် အခြေခံလူတန်းစား ပြည်သူများအား စားသောက်ကုန်များ လှူဒါန်းခဲ့သည့်အပြင် အွန်လိုင်းမှ Live လွှင့်၍ ပရိသတ်များအား အဝတ်အထည်များ လက်ဆောင်ပေးခြင်းကိုလည်း ပြုလုပ်လျက်ရှိရာ ထိုသို့ လှူဒါန်းဖြစ်ပုံကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ပရိသတ်တွေကို အဝတ်တွေလှူဖြစ်တဲ့အကြောင်း ပြောပြပါဦး။**

ဖြေ။ ။ကိုဗစ်ကာလမှာ Stay Home ဆိုတော့အိမ်မှာနေရင်း အိမ်အလုပ်တွေလုပ်ဖြစ်တယ်။ အိမ်မှာလုပ်စရာရှိတာတွေကို ရှာလုပ်ရင်း စတိုခန်းထဲမှာ ပုံးတွေနဲ့ထည့်ထားတဲ့ နန်းဆုရဲ့ မဝတ်ဖြစ်တော့တဲ့အင်္ကျီတွေကိုရှင်းဖြစ်ခဲ့တယ်။ အိမ်ပြောင်းပြီးကတည်းက မရှင်းဖြစ်ဘူး။ အလုပ်တွေ တောက်လျှောက်လုပ်နေရတာနဲ့ ခရီးတွေထွက်နေရတာကြောင့် မရှင်းဖြစ်တာကို အခုမှ စုရှင်းဖြစ်တာပေါ့။ အဝတ်တွေရှင်းရင်း မဝတ်ဖြစ်တော့တာတွေကို ပရိသတ်တွေကို လက်ဆောင်ပေးမယ်လို့ စိတ်ကူးဖြစ်ခဲ့တာပါ။ ဒီဝတ်စုံတွေအားလုံးကို လှူမယ်ဆိုရင် တချို့ကျတော့ အဆင်မပြေတာတွေရှိတယ်။ အဲဒီပုံးတွေအကုန်လုံးထဲက အဝတ်အစား အထည် ၃၀၀ ကျော်ကို အကုန်ပြန်ရွေးထုတ်ရတယ်။ လက်ဆောင်ပေးဖို့ရယ်။ လှူဖို့ရယ်ပေါ့။ အဆင်ပြေရင် သွားလှူဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ပရိသတ်တွေအတွက် လက်ဆောင်ပေးတာမှာ live လွှင့်ဖြစ်ပုံကိုလည်း ပြောပါဦး။**

ဖြေ။ ။live အတွေ့အကြုံ ပြောရမယ်ဆိုရင် နန်းဆုရဲ့ဝတ်စုံလေးတွေကို ပရိသတ်တွေ အဲဒီလောက်စိတ်ဝင်စားကြမယ်၊ လိုချင်လိမ့်မယ်လို့ မထင်ထားဘူး။ တကယ်တမ်းမှာ Comment က သုံးသိန်းကျော်သွားတယ်။ Viewers က ဆယ်သိန်းကျော်တယ်။ နန်းဆုက အဲဒီလောက်မထင်ထားတော့ Live မှာ နည်းနည်းအခက်အခဲဖြစ်သွားတယ်။ တချို့က သူတို့ရေးတဲ့ comment တွေကို နန်းစုမမြင်လို့ အခါ ၁၀၀ ရှိပြီလို့ ရေးကြတယ်။ Live မှာ မမြင်လိုက်ရတဲ့ comment တွေလည်းရှိနိုင်တာကြောင့် ပရိသတ် ၂၅ ယောက်ကိုပဲ နာမည်ခေါ်ပြီး ရွေးပေးလိုက်ရတယ်။ နောက်ထပ် ၂၅ ယောက်ကိုတော့ live ပြီးတဲ့အထိ comment ရေးပေးဖို့ တစ်ရက်ထားပေးလိုက်တယ်။ အဲဒီတစ်ရက်မှာမှ com-ment သုံးသိန်းကို ပြန်ဖတ်ပြီး အဆင်ပြေမယ့်သူကို ပြန်ရွေးရတာပါ။ ကိုယ်ပေးတဲ့လက်ဆောင်ကို လိုချင်တဲ့သူ ဒီလောက်များလိမ့်မယ်လို့ နန်းစု တကယ်မထင်ထားဘူး။ အားနာရပါတယ်။ နန်းဆုရဲ့အင်္ကျီလေးတွေက ပေါင် ၉၀ နဲ့ ၁၁၀အတွင်းမှာဝတ်ခဲ့တဲ့ အင်္ကျီတွေဆိုတော့ နည်းနည်းသေးလို့ တော်မယ်ထင်တဲ့သူတွေပဲ ဦးစားပေးရွေးမယ်၊ တော်မယ်ထင်တဲ့လူတွေပဲ ဆက်သွယ်ပေးပါလို့ အစကတည်းက ပြောထားပေမယ့် နန်းစုရဲ့ပရိသတ်တွေက တော်တော် မတော်တော် အမှတ်တရသိမ်းထားချင်ကြတာတွေလည်း ရှိကြလို့ comment ဝင်ရေးကြရင်း အရေအတွက် အလွန်များသွားတော့ နန်းဆုလည်း အားနာတယ်။ တကယ်တမ်း အကုန်လုံးကို ပေးချင်ပါတယ်။

**မေး။ ။ကိုဗစ်ပြီးရင် မင်္ဂလာဆောင်မယ့် သတို့သမီးလေးအတွက် မင်္ဂလာဝတ်စုံ စီစဉ်ပေးဖြစ်တာကိုလည်း ပြောပေးပါဦး။**

ဖြေ။ ။အဲဒီညီမလေးက ကိုဗစ်ပြီးရင်မင်္ဂလာဆောင်ဖို့ ဝတ်စုံတွေက ဈေးကြီးလို့ မင်္ဂလာဝတ်စုံလေးတော့ ရချင်မိပါရဲ့လို့ ရေးထားတာ တွေ့လိုက်တယ်။ အဲဒါနဲ့ နန်းဆုစိတ်ထဲမှာ အဲဒီညီမလေး မင်္ဂလာဆောင်အတွက် လက်ဆောင်ပေးချင်တဲ့စိတ်လေး ဖြစ်သွားပါတယ်။ ဒါကြောင့် အဲဒီညီမလေးအတွက် အစ်မ သီးသန့်ဖယ်ပေးထားပါ့မယ်ဆိုပြီး comment ပြန်ရေးပေးလိုက်တာပါ။

**မေး။ ။နန်းဆုရဲ့အလှူအကြောင်းတွေလည်း ပြောပြပါဦး။**

ဖြေ။ ။ကိုဗစ်စဖြစ်ပြီး Stay Home ကာလ အလုပ်တွေနားကြတဲ့အချိန်မှာ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ အခြေခံလူတန်းစားတွေ ရှိတယ်လေ။ သူတို့အတွက် စားသောက်ကုန်တွေ၊ ဆပ်ပြာဆီတွေ ပထမအကြိမ် သွားလှူဖြစ်ပါတယ်။ နောက်တစ်ကြိမ်ကတော့ အခု နန်းစု အဝတ်အစားတွေရှင်းရင်းနဲ့ သူတို့အတွက် သင့်တော်မယ့်ဝတ်စုံတွေကို သွားလှူပေးဖို့ စီစဉ်ထားပါတယ်။ နန်းဆုရဲ့မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး သွားလှူကြမှာပါ။ သူတို့က စားသောက်ကုန်တွေလှူမယ်၊ နန်းဆုကတော့ အဝတ်အထည်တွေပေါ့။ ဒီအဝတ်အစားတွေ အကုန်လုံးက နန်းဆု အမှတ်တရတွေအများကြီးနဲ့ စုဆောင်းထားတဲ့ အဝတ်တွေပါ။ တန်ဖိုးဆိုတာထက် ဘယ်ကြော်ငြာရိုက်တုန်းက၊ ဘယ်ဇာတ်ကားရိုက်တုန်းက ဆိုတဲ့ အမှတ်တရတွေအနေနဲ့ သိမ်းထားဖြစ်ခဲ့တာပါ။ အဲဒါတွေအကုန်လုံးကို သံယောဇဉ်ဖြတ်ပြီး ပေးလိုက်ဖို့ဆိုတာ နန်းဆုအတွက် တော်တော်လေးတော့ ဆုံးဖြတ်ချက်ချရတာ ခက်ခဲပါတယ်။ ဒါပေမယ့် ဒီဟာတွေကို ကိုယ့်ကိုချစ်တဲ့သူတွေ၊ တကယ်ဝတ်မယ့်သူတွေ၊ ဝတ်ချင်တဲ့သူတွေ၊ အမှတ်တရသိမ်းချင်တဲ့သူတွေအတွက် လက်ဆောင်ပေးမယ်ဆိုပြီး ဆုံးဖြတ်ချက်ချလိုက်တာဖြစ်ပါတယ်။ နန်းဆုအင်္ကျီတွေက ထောင်ကျော်ရှိပါတယ်။ တစ်ယောက်ချင်းစီကို သေချာမလုပ်ပေးနိုင်တာကိုတော့ နားလည်ပေးစေချင်ပါတယ်။ အထည်ငါးထည် အထုပ်တစ်ထုပ်ထဲမှာ အဝတ်လျှော်ဆပ်ပြာဆီအသေး တစ်ဘူးစီလည်း ထည့်ပေးထားပါတယ်။ ကိုယ့်လက်ထဲရောက်ရင် အရင်လျှော်ပြီးမှ ဝတ်ကြပါလို့လည်း ပြောချင်ပါတယ်။ ။

ကိုလင်း



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### လာမည့်နှစ်အတွက် ရွှေကမ္ဘာလုံးဆုပေးပွဲကို ပုံမှန်အချိန်ထက်နောက်ကျပြီးမှ ကျင်းပမည်

ကိုဗစ်-၁၉ ကြောင့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားတွေ အချိန်ရွှေ့နေရပါတယ်။ အော်စကာဆုပေးပွဲ၊ ဘတ်ဖ်တာ ရုပ်ရှင် ထူးချွန်ဆုပေးပွဲတို့လိုပဲ လာမယ့်နှစ်မှာ ကျင်းပမယ့် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားကိုလည်း ပုံမှန်အချိန်ထက် နောက်ကျပြီးမှ ကျင်းပသွားမယ်လို့ သိရပါတယ်။

ဟောလိဝုဒ်နိုင်ငံခြားသတင်းစာဆရာများအသင်းနဲ့ အင်န်ဘီစီတို့ပူးပေါင်းပြီး (၇၈) ကြိမ်မြောက် ရွှေကမ္ဘာလုံး ဆုပေးပွဲကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ ကျင်းပသွားမယ်လို့ မေ ၂၂ ရက်က ကြေညာခဲ့ကြပါတယ်။ ရုပ်ရှင်နဲ့ ရုပ်သံထူးချွန်သူတွေကို ဆုပေးတဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲ အခမ်းအနားကို ပုံမှန်ဆိုရင်တော့ ဇန်နဝါရီလအစောပိုင်းမှာ ကျင်းပလေ့ရှိပါတယ်။

အရင်တုန်းကကြေညာခဲ့သလိုပဲ တီနာဖေးနဲ့ အေမီဖိုရာတို့က အစီအစဉ်တင်ဆက်သူတွေအဖြစ် ဆက်လက်ပါဝင်သွားကြဦးမှာပါ။ ကိုဗစ် -၁၉ ကြောင့် ရုပ်ရှင်ဖျော်ဖြေရေးလုပ်ငန်းရဲ့ အလွှာအသီးသီးကို ထိခိုက်စေခဲ့ပြီး အော်စကာ ဆုပေးပွဲဟာလည်း ပုံမှန်အချိန်ထက် နောက်ကျပြီးမှ ကျင်းပသွားမယ်လို့ကြေညာခဲ့ကြပါတယ်။ ဟောလိဝုဒ်ရဲ့ အခြားသောဆုပေးပွဲတွေဟာလည်း ရက်ပြောင်းလဲ သတ်မှတ်နေရပါတယ်။ **စကိုင်းနယူးစ်**



### ကလေးတွေအတွက် ဘရက်ပစ်နဲ့ ကွာရှင်းလိုက်တာဟု အင်ဂျလီနာဂျိုလီပြော

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီက ဘရက်ပစ်နဲ့ ကွာရှင်းရတဲ့အကြောင်းရင်းကို ပြောပြလာပါတယ်။ Vogue India မဂ္ဂဇင်းနဲ့အင်တာဗျူးမှာ ရုပ်ရှင်မင်းသမီး၊ တက်ကြွလှုပ်ရှားသူနဲ့ လူ့အခွင့်အရေးသမားတစ်ဦးဖြစ်တဲ့ အင်ဂျလီနာဂျိုလီက ၂၀၁၆ ခုနှစ်မှာ ဘရက်ပစ်နဲ့ ကွာရှင်းရတဲ့အကြောင်းကို ပြောပြလာပါတယ်။ မိသားစုကောင်းကျိုးကိုကြည့်ပြီး ကွာရှင်းဖို့ ဆုံးဖြတ်လိုက်တာလို့ ဂျိုလီက ပြောပါတယ်။

ကျွန်မ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချလိုက်နိုင်တယ်။ အခုအချိန်မှာ ဒဏ်ရာတွေအနာကျက်ဖို့ကိုပဲ ဦးတည်နေတယ်လို့ ပြောပါတယ်။ ဂျိုလီနဲ့ ဘရက်ပစ်တို့ ဟာ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက ပြင်သစ်မှာ လက်ထပ်ခဲ့ကြပါတယ်။ အင်ဂျလီနာဂျိုလီရဲ့ပြောကြားချက်နဲ့ပတ်သက်ပြီး ဘရက်ပစ်ဘက်က ဘာမှပြန်လည်မတုံ့ပြန်ခဲ့ပါဘူး။ ကျွန်မဘက်က ငြိမ်နေတာကို အခွင့်ကောင်းယူပြီး မီဒီယာတွေမှာ အလိမ်တွေဖော်ပြနေတာကို ကလေးတွေက ကြည့်နေရတယ်။ ကလေးတွေရဲ့စိတ်ထဲမှာတော့ အမှန်တရားကို သိကြပါတယ်လို့ ဂျိုလီက ပြောပါတယ်။ တကယ်တော့ကလေးခြောက်ယောက်လုံးဟာ ရဲရင့်တဲ့ကလေးတွေပါလို့ ဂျိုလီက ဖြေကြားခဲ့ပါတယ်။

**စကိုင်းနယူးစ်**




အင်ဂျလီနာဂျိုလီကို သားသမီးများနှင့်အတူ တွေ့ရစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၅)

# ကယားပြည်နယ်တရားရုံး နှစ်စဉ်အစီရင်ခံစာ



**ဦးဟန်ညွန့် (ဥပဒေ)**

### ကယားပြည်နယ်

တရားဥပဒေဖွံ့ဖြိုးမှု အားနည်းခဲ့သော၊ နိုင်ငံတော်တွင် သေးငယ်သော ပြည်နယ်တစ်ခုဟု ဆိုနိုင်သော ကယားပြည်နယ်အကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်၏ တရားစီရင်ရေးအကြောင်း ဤတစ်ပတ်ရေးချင်ပါသည်။ တွေးချင်ပါသည်။ ဘာ့ကြောင့်ပါလဲ။ ၂၀၁၉ ခုနှစ် ကယားပြည်နယ် တရားရုံး နှစ်စဉ်အစီရင်ခံစာအကြောင်း တင်ပြချင်၍ဖြစ်ပါသည်။

### ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ

နိုင်ငံတော်တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ ကယားပြည်နယ်တရားလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၅ နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၄ တို့အရ ဖွဲ့စည်းခဲ့သည်။

### ကယားပြည်နယ်တရားရုံး

ကယားပြည်နယ်တရားလွှတ်တော်သည် ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ သမိန်ထောလမ်းနှင့် လွိုင်ကော်- ရှားတောလမ်းထောင့်တွင် တည်ရှိပါသည်။ ကယားပြည်နယ်တရားလွှတ်တော်ကို ၃၀-၃-၂၀၁၁ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အဆောက်အအုံမှာ ၁၅-၁၀-၂၀၁၁ နေ့က ဖွင့်လှစ်ခဲ့သည့် ကယားပြည်နယ်တရားရုံး အဆောက်အအုံ ဖြစ်ပါသည်။

### ခရိုင်နှင့် မြို့နယ်တရားရုံးများ

ခရိုင်တရားရုံး နှစ်ရုံးနှင့် မြို့နယ်တရားရုံး ခုနစ်ရုံး ဖွဲ့စည်းထားရှိပါသည်။ ခရိုင်တရားရုံးများမှာ လွိုင်ကော်ခရိုင်တရားရုံးနှင့် ဘော်လခဲခရိုင်တရားရုံးဖြစ်ပါသည်။ မြို့နယ်တရားရုံးများမှာ လွိုင်ကော်မြို့နယ်တရားရုံး၊ ဒီးမော့ဆိုမြို့နယ် တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံး၊ ဘော်လခဲမြို့နယ် တရားရုံး၊ ဖားဆောင်းမြို့နယ်တရားရုံးနှင့် မယ်စဲ့မြို့နယ်တရားရုံးတို့ ဖြစ်ပါသည်။

### တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှာ ဦးကျော်လင်းမောင် ဖြစ်ပါသည်။ တရားလွှတ်တော်တရားသူကြီးများမှာ ဒေါ်သန်းသန်းအေးနှင့် ဒေါ်စဝ်ဥမ္မာကြည်တို့ ဖြစ်ပါသည်။

### စီရင်ပိုင်ခွင့်

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၃၈ အရ ကယားပြည်နယ် တရားလွှတ်တော်အပါအဝင် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်အာဏာများမှာ မူလမှုကို စီရင်ခြင်း၊ အယူခံမှုကို စီရင်ခြင်း၊ ပြင်ဆင်မှုကို စီရင်ခြင်း၊ ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသောအမှုများကို စီရင်ခြင်းတို့ဖြစ်ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်သည် တရားရုံးများကို မထီမဲ့မြင်ပြုမှု၊ ဥပဒေအရ စစ်ဆေးသောအမှုများကိုလည်း စီရင်ပိုင်ခွင့်ရှိပါသည်။ ထို့ပြင် လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေးတာဝန်များအပေါ် စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### ခရိုင်တရားရုံး

လွိုင်ကော်ခရိုင်တရားရုံးနှင့် ဘော်လခဲခရိုင်တရားရုံး နှစ်ရုံးရှိပါသည်။ ခရိုင်တရားသူကြီးတစ်ဦးစီ တရားစီရင်လျက်ရှိပါသည်။ တရားမနှင့် ရာဇဝတ်မှု မူလမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိပါသည်။ မြို့နယ်တရားရုံးများကချမှတ်သော စီရင်ချက်၊ ဒီကရီအမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့်ရှိကြပါသည်။ ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေးတာဝန်များအပေါ် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### မြို့နယ်တရားရုံးများ


မြို့နယ်တရားရုံးသည် မူလရုံးဖြစ်ပါသည်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးစုစုပေါင်း ခုနစ်ရုံးရှိပါသည်။ မြို့နယ်တရားသူကြီးတစ်ဦးစီ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ တွဲဖက်မြို့နယ်တရားသူကြီး၊ ဒုတိယ မြို့နယ်တရားသူကြီး စသည်ဖြင့် လုပ်ငန်းအပေါ်မူတည် တာဝန်ထမ်းလျက်ရှိပါသည်။

### အခြားတရားရုံးများ

ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ မရှိပါ။ စည်ပင်သာယာမှုခင်းများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်သည့် မော်တော်ယာဉ်မှုခင်းများ၊ ကလေးသူငယ်မှုခင်းများ စသည်ဖြင့် စီရင်ခွင့်ရှိသော ရုံးများဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

### စီမံခန့်ခွဲမှု

ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးဆောင်သော မဟာဗျူဟာလုပ်ငန်းများ စီမံခန့်ခွဲရေး အဖွဲ့၊ တရားရုံးအဆင့်ဆင့်အား




ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ သတင်းအချက်အလက်နှင့် နည်းပညာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေပါသည်။

### တရားစီရင်ရေး ဆောင်ရွက်မှုများ

ကယားပြည်နယ် တရားလွှတ်တော်၏ ရာဇဝတ်၊ တရားမ အမှု အမျိုးအစားအလိုက် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စွဲဆိုမှု၊ ပြီးပြတ်မှု၊ အမှုပြီးပြတ်မှု ရာခိုင်နှုန်းများကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။ ၂၀၁၉ ခုနှစ်တွင် ကယားပြည်နယ်လွှတ်တော်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၁၀၀ ရှိပါသည်။ ပြီးပြတ်မှု ၉၈ မှု ဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၂၆ မှု ပိုမိုလာပါသည်။ အမှုပြီးပြတ်မှုသည် ယခင်နှစ်ထက် ၂၀ မှု များပြားပါသည်။ အမှုပြီးပြတ်မှု ရာခိုင်နှုန်း ၉၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

### ခရိုင်တရားရုံးများ

၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စွဲဆိုမှု၊ ပြီးပြတ်မှု၊ ပြီးပြတ်ရာခိုင်နှုန်းများကို ဇယားဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်တွင် ရာဇဝတ်၊ တရားမမှု အမှုပေါင်း ၂၆၉ မှုရှိပါသည်။ ပြီးပြတ်မှု ၂၄၁ မှုရှိပါသည်။ ပြီးပြတ်မှုရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

### ရာဇဝတ်မှုအမျိုးအစား

၂၀၁၉ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှု ၁၀၉ မှု၊ လူသတ်မှု ၈ မှု၊ မုဒိမ်းမှု ၁၂ မှု၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှု ၁၁ မှု၊ အခြားအမှု ၅၁၁ မှု စုစုပေါင်း ၆၅၁ မှု ဖြစ်ပါသည်။

### မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် စတင်အကောင်အထည်ဖော်ခဲ့ရာ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ်တရားရုံးတို့ ပါဝင်ခဲ့ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်နှင့် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများကို ၃၁-၁၀-၂၀၁၇ နေ့မှစတင်၍ တည်ထောင်ထားရှိခဲ့ပါသည်။ တရားရုံးစစ်တမ်းကောက်ယူခြင်း ဆရာဖြစ်သင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်း၊ ဆင့်ပွားသင်တန်းများ၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အခြေခံသင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ပါသည်။ ပြည်နယ်တရားသူကြီးချုပ်ဦးဆောင်၍ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ မြို့နယ်အဆင့်ရှင်းလင်းဆွေးနွေးခြင်းများကိုလည်း စီမံချက်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲ

ဥပဒေအိမ်၊ ဥပဒေပညာရပ်ဆိုင်ရာအသင်းများနှင့် ပူးပေါင်း၍ ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ ရှေ့နေများ၊ ဥပဒေဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများမှ စုစုပေါင်း ၅၀ ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

### မှုခင်းခြေရာကောက်စနစ်သင်တန်း

မှုခင်းခြေရာကောက်စနစ်သင်တန်း (Case Tracking Database Training) ဖွင့်လှစ်ခဲ့ပြီး စောင့်ကြည့်လေ့လာ၍ အစီရင်ခံခြင်းသင်တန်း (Monitoring and Evaluation Training) ကိုလည်း ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။

### စံသတ်မှတ်ကာလအတွင်း အမှုပြီးပြတ်နှုန်း

စံသတ်မှတ်မှုမှာ လွိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံစည်းမျဉ်းအတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ တရားမမှုတွင် အခြေခံစည်းမျဉ်းထက် ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ လွိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံစည်းမျဉ်းထက် ၂ ရာခိုင်နှုန်း၊ တရားမမှုတွင် အခြေခံစည်းမျဉ်းထက် ၂ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ မိမိတို့ လုပ်ငန်းအပေါ် အကဲဖြတ်၍ ရှေ့ဆက်ရမည့် ခရီးကို မျှော်မှန်းသင့်ကြောင်း သုံးသပ်ပါသည်။

### ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့

ကယားပြည်နယ်လွှတ်တော်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားများ၏ အခွင့်အရေး၊ တရားရုံးအဆင့်ဆင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နေပါကြောင်း၊ ဝိုင်းဝန်း ကူညီ ကြိုးစားဆောင်ရွက်ပေးကြပါရန် ပြည်နယ်တရားသူကြီးချုပ်က အစီရင်ခံစာဥယျာဇဉ်တွင် ဖိတ်ခေါ်တိုက်တွန်းရေးသားထားပေသည်။

### စေတနာ

ကယားတို့ဌာနီ၊ ငွေတောင်ပြည်တွင် နှစ်အတန်ကြာ ချစ်စရာရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်နေရင်း တရားစီရင်ရေးတာဝန်ကို ကျေနပ်ပီတိဖြာထမ်းဆောင်နေသော ပြည်နယ်တရားသူကြီးချုပ်ဦးကျော်လင်းမောင်၏ ၂၀၁၉ ခုနှစ် တရားရုံးအစီရင်ခံစာကို ဖတ်ရှုရာမှတွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)
### အသက် (၇၉)နှစ်

မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဆွေ(ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)
### အသက် (၇၉)နှစ်

မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဆွေ(ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုး**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း (ထားဝယ်)
### အသက် (၇၉) နှစ်

မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဆွေ (ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မြင့်-ဒေါ်စမ်းစမ်းရီ**
**ညွှန်ကြားရေးမှူးချုပ်**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင်
## Royal Beach (Napali)၊ Royal Sittwe Resort ပိုင်ရှင်
### အသက် (၅၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ရွှေတုံးရပ်ကွက်နေ (ဦးဖေထွန်း-ဒေါ်လှဝင်းသာ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သီတာလမ်းနေ ဒေါ်တင်သိမ်း၊ ဒေါ်တင်တင်အုံး (က/သလယ်ယာ)၊ (ဒေါ်ခင်မေသန်း)၊ (ဦးခင်မောင်သိန်း)၊ (ဦးခင်မောင်ဝင်း)၊ (ဦးခင်မောင်သက်)တို့၏ညီ/မောင်၊ တူ/တူမ (၁၂)ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၃-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၃၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း (ထားဝယ်)
### အသက် (၇၉) နှစ်

မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ (ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသမိုင်းအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒုတိယ ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)
## ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
## မျက်စိရောဂါပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
## အကြံပေးပုဂ္ဂိုလ်၊
## အမှတ် (၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
### အသက်(၇၅)နှစ်

၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျေးဇူးရှင်ဆရာ ကွယ်လွန်သွားပါကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိကုသမှုဌာန**
**အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးဇေယျ(သားကြီးမောင်ဇေယျ)၏မိခင် ဒေါ်စန်းမြင့် အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၂၀ ရက်က ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း (ထားဝယ်)
### အသက် (၇၉) နှစ်

မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ (ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)
### အသက်(၇၉)နှစ်

မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း(MSA)၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြသန္တာ(ပါမောက္ခ၊ စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏မိခင် သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)သည် ၂၁-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း(MSA)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒုတိယ ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)
## ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
## မျက်စိရောဂါပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
## အကြံပေးပုဂ္ဂိုလ်၊ အမှတ် (၂)
## တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
### အသက်(၇၅)နှစ်

၂၁-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သျှင်ပါကူဆေးရုံမိသားစု**

## ဗိုလ်ကြီးမျိုးဝင်းလတ်(ငြိမ်း)
### အသက်(၆၁)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ရွာနေ (ဦးလှမောင်-ဒေါ်ခင်လှ)တို့၏တတိယမြောက်သား၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီး ဖေစိန်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဦးကြည်မြင့် -ဒေါ်စန်းရီတို့၏မောင်၊ ဦးကျော်ဝင်း-ဒေါ်ခိုင်ကြူမြင့်တို့၏ညီ၊ ဒေါ်ခင်မျိုးဝင်း၊ ဦးမျိုးနိုင်ဝင်း၊ ဒေါ်မျိုးသန္တာထွေး၊ ဦးမောင်မောင်လင်း-ဒေါ်သန္တာ၊ ဦးမျိုးနိုင်သင်း-ဒေါ်ဈေးဈေးအောင်တို့၏ အစ်ကိုကြီး၊ မဆုမွန်အောင် Lat War TSM Co.,Ltd.၊ ဗိုလ်ကြီးဇေယျာထွန်း၊ မသဲနုဆွေဇင်(ခေတ္တ-ဂျပန်)တို့၏ ဖခင်ကြီး၊ ဒေါ်မိုးသန္တာ(ထွေ/အုပ်)(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း သည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၂:၄၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၂၀ရက်(တနင်္လာနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင် ဗလှိုင် လမ်း၊ အမှတ်(၁၃၉၈) ဒေါ်မိုးသန္တာ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
## ကြယ်ငါးပွင့်သင်္ဘောအရာရှိ (Chief Engineer) (ငြိမ်း)
### အသက် (၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၁၄/၂)ရပ်ကွက်၊ အမှတ် (၁၈)၊ မေတ္တာလမ်းသွယ် (၁)နေ (ဒေါ်ခင်သန်းနွဲ့)၏ခင်ပွန်း၊ (ကိုမင်းလတ်ဟန်)၏ဖခင်၊ (ဦးဝင်းမောင်)-(ဒေါ်အုန်းညွန့်)-(ဒေါ်ခင်နွဲ့)တို့၏သားကြီး၊ ဦးရှိန်မင်းနိုင်-ဒေါ်မြင့်မြင့်စန်း(လ/ထမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ ဦးဝင်းလှိုင်(ခ) စံစီတိုး-ဒေါ်သူဇာ၊ ဦးစိုးမင်း-ဒေါ်စန္ဒာ(ပါဝါစတိုး)၊ ဦးမောင်မောင်သော်-ဒေါ်နုနု၊ ဒေါ်ဖြူဖြူတို့၏ အစ်ကိုကြီးသည် ၂၂-၁-၂၀၂၀ရက် (တနင်္လာနေ့) ည ၇နာရီတွင် သဃ်ၤန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘွန်ချိန်(ဟသ်ာတ)
### အသက်(၁၀၁)နှစ်

A bank ၏ ဒုတိယဥက္ကဋ္ဌ ဦးအာယု-ဒေါ်ခင်မြသွင်တို့၏ ဖခင်ကြီး ဦးဘွန်ချိန်သည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် BOD အဖွဲ့ဝင်များ**
**A bank**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေး @ Le Ah Haung
### အသက် (၆၄)နှစ်

Htoo Group of Companies ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ ဇနီး၊ ကိုချမ်းငြိမ်းဇော်-မအိအိသွယ်၊ မပိုးသဲ-ကိုကျော်ထွန်းဝင်း၊ မအိသဲတို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးအေး@ Le Ah Haung သည် ၂၀-၆-၂၀၂၀ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်
### အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(မွေးရေ/ကျေးလက်)မှ အမြဲတမ်း အတွင်းဝန်(ငြိမ်း) ဒေါက်တာခင်ဇော်၏ဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့် သည် ၂၁-၆-၂၀၂၀ရက် နံနက် ၁၀:၄၆ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်လှိုင်-ဒေါ်အယ်လ်ဂျာဘောက်၊ ရေတာရှည်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရိပ်သာ၊ နွယ်သာကီလမ်း၊ (၂/၂၉/၅၈)နေ ဒေါ်မြတင်၏ခင်ပွန်း ဦးစောထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန)သည် ၂၂-၆-၂၀၂၀ရက် နံနက် ၉နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်တင်ရီ**
**ဦးစိုးထွန်း၊ ဒေါ်သိင်္ဂီအောင်ထွန်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးထွန်းဝေ (ဝေဘူလဆေးခန်း) စစ်တွေ
### အသက် (၇၀)

သူငယ်ချင်း ဒေါက်တာဦးထွန်းဝေသည် ၁၅-၆-၂၀၂၀ ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။ သူငယ်ချင်း ကောင်းရာသုဂတိသို့ ရောက်ပါစေ...

**အထက(၁) စစ်တွေမှ သူငယ်ချင်းတစ်စု**
**ဒေါက်တာ တင်အောင်၊ စိန်ထွန်းသာ၊ ဗိုလ်ထွန်း၊ စံလှမောင်၊ သန်းတင်၊ မောင်ထွီး၊ ဦးလှရွှေ၊ မောင်လှထွန်း၊ မောင်အေးဆွေ၊ သာဇံဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင်
## ရခိုင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်
## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း
## (ရခိုင်ဇုန်)ဒု-ဥက္ကဋ္ဌ
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကြီးရိပ်မွန်အိမ်ရာနေ ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင်သည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့)နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ**

## အနိစ္စ

တောင်တွင်းကြီးမြို့နယ်အသင်း
(ရန်ကုန်)

**ဒေါ်ကြူဆွေ** အသက်(၆၀)
လ/ထ ဌာနမှူး၊(မြို့ပြ)
စီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန
(မြို့တော်စည်ပင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အားကစားဝင်း၊ အခန်း ၁၀၁/A4 နေ ဒေါ်ကြူဆွေသည် ၂၂-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

## ဒေါ်မြညွန့်(ခ)
## ဒေါ်မြမြမော်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ မင်္ဂလာရိပ်သာလမ်းသွယ်(၁)၊ အမှတ်(၁) ဦးညိုခြံနေ (ဦးချစ်-ဒေါ်အုန်းမေ)တို့၏သမီး၊ ဦးမောင်မောင်မြင့်-ဒေါ်မိမိသန်း၊ ဦးစိန်ဝင်းအောင်-ဒေါ်သင်းကြည်တို့၏ ညီမ၊ (ဦးအောင်မြင့်)၊ ဒေါ်ခင်ခင်ဌေး၊ ဦးဝင်းအောင်-ဒေါ်သန်းသန်းဦး၊ ဦးနေဝင်း-ဒေါ်ခင်မျိုးဟန် တို့၏ အစ်မသည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးသိန်းလွင် (ငြိမ်း)
**(M.B,B.S Rgn )**
**အသက်(၈၉)နှစ်**

ရွှေဘိုမြို့နေ နယ်စီးတောအုပ်(ဦးခင်-ဒေါ်ဆင့်)တို့၏သား၊ စစ်ကိုင်းမြို့နေ ( Hj ဦးမြင့်သိန်း-Hj ဒေါ်သန်းရင်)တို့၏ညီ၊ (ဦးမွတ်-ဒေါ်ခင်မေ)၊ ဒေါ်တင်ရွှေတို့၏မောင်၊ (Hj ဦးချစ်မောင်-ဒေါ်ယဉ်ငွေ) ၊(ဗိုလ်မှူးတင်သိန်း)- Hj ဒေါ်ကြူကြူတို့၏ အစ်ကို၊ မန္တလေးမြို့၊ ၃၇လမ်း၊ ၇၃x ၇၄ လမ်းကြားနေ Hj ဦးကျော်ဇံ- Hjဒေါ်ညွှန့်ညွှန့်ဆန်း(KZ-13 Garment)တို့၏ မွေးစားဖခင်၊ အမေရိကန်နိုင်ငံ၊ မေရီလန်း ပြည်နယ်နေ Richard Heath – မာမာလွင်၊ Min David Lwin မင်းလွင်(ခ)ဖိုးလုံး- Rose Min Lwin လပြည့်မင်း၊ Odin Shafar – မို့မို့လွင်၊ Marcus Mencarini –သင်းသင်းလွင်တို့၏ဖခင်၊ မြေးသုံးယောက် တို့၏အဘိုး၊Daw Bery Myint Lwinဒေါ်ဘယ်ရယ်မြင့်လွင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၆-၂၀၂၀ရက် အမေရိကန် စံတော်ချိန် မွန်းလွဲ ၁နာရီတွင် အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် နေအိမ်၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့်ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ မိုင်ယသ်ကို အမေရိကန်နိုင်ငံ၊ မေရီလန်း ပြည်နယ်တွင် ဒဖွနာမည် ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊
မော်တော်ယာဉ် ဒါယကာကြီး

## ဦးလွင်
**မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ သီရိပျံချီ ဒုတိယ ဗိုလ်မှူးကြီး(ဦးသိန်း)(O.B.E, K.S.M, A.T.M) အငြိမ်းစားစာတိုက်မင်းကြီး -(ဒေါ်လှမြင့်)တို့၏သား၊ သီရိပျံချီ(ဦးသန်းစိန်)လွတ်လပ်ရေးမော်ကွန်းဝင်[ပထမဆင့်၊ ပါလီမန်အတွင်းဝန်၊ ငြိမ်း)-ဒေါ်သိန်းနှစ်]တို့၏ သားသမက်၊ ဒေါ်စိန်ကြည်၏ခင်ပွန်း၊ ဦးအောင်မြတ်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်တင်တင်စိုး၊ ဒေါ်ချိုချိုလွင်-ဦးထွန်းထွန်းအောင်၊ Captain ဦးကျော်ကျော်လွင်- ဒေါ်ပပ၊ ဦးမျိုးသူရလွင်၊ ဦးဖြိုးသီဟလွင် -ဒေါ်ခင်သူသူသက်(Tr.Thu Thu ) တို့၏ဖခင်၊ မောင်နိုင်ဦးလွင်(1 [st] year, University of Melbourne in Australia))၊ မောင်ကောင်းဆက်လွင်(Secondary 2(G), ILBC, Yangon)၊ မခြူးနှင်းသက်လွင်တို့၏အဘိုးသည် ၂၃-၆-၂၀၂၀ရက် နံနက် ၆:၀၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ အမှတ် ၂၉(က)၊ မင်းရဲကျော်စွာလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၂၀ရက်(တနင်္လာနေ့)နံနက်၇နာရီမှ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)
**အသက်(၇၉)နှစ်**

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးဘိန်ကြည်-ဒေါ်သောင်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးသန်းဆွေ (ယဉ်ကျေးမှုဒုဝန်ကြီး-ငြိမ်း)၏ဇနီး၊ (ဒေါ်ခင်ကြွယ်)၏ညီမ၊ ဦးဂျင်ကြည်-ဒေါ်ခင်လှ၊ ဦးမောင်မောင်အေး-ဒေါ်ဘေဘီစန်း တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စီးပွားရေးတက္ကသိုလ်စာရင်းအင်းဌာန ပါမောက္ခဒေါက်တာမြသန္တာ၊ မနုသဗေဒဌာနကထိက(ငြိမ်း)ဒေါ်အေးစန္ဒီ - ဗိုလ်မှူးကြီးကျော်ထွေး(တပ်မတော်-ရေ)၊ အင်္ဂလိပ်စာဌာန ကထိက ဒေါ်ဝင်းမဉ္ဇူ၊ ဦးသူရိန်သန်းဆွေ-ဒေါ်ရင်ရင်သက်တို့၏မိခင်၊ မောင်အောင်ဘုန်းပြည့်၊ မခင်သုန္ဒြေဦး၊ မောင်ဟိန်းသူရိန်ဆွေတို့၏အဘွားသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ကူး တို့သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြေောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ကြူကြူ (ပျဉ်းမနားမြို့)
**အသက်(၇၅)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁၉)လမ်းနေ (ဦးထွန်းရှိန်)(ခရိုင်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဒုတိယအရာခံဗိုလ်(ထွန်းထွန်းဦး)-ဒေါ်ယဉ်ယဉ်အောင်(အလပြ၊ ငြိမ်း)၊ (ဒေါ်စန္ဒာထွန်း)(နေပြည်တော်၊ ထွေအုပ်-ငြိမ်း)၊ ဒေါ်နှင်းနှင်းထွန်း(အလပြ၊ မူလွန်၊ အောင်သာယာ)၊ ဦးမင်းနိုင်-ဒေါ်သိင်္ဂီထွန်း(နေပြည်တော်၊ ထွေအုပ်)၊ ဦးမျိုးသိန်းထွန်း(ဗြိတိသျှသံရုံး)-ဒေါ်အိမွန်ကျော်၊ ဗိုလ်ကြီးစိုးဝင်းနိုင်-ဗိုလ်ကြီး ဒေါ်လဲ့လဲ့ထွန်းတို့၏မိခင်ကြီး၊ မောင်နန္ဒအောင်(2[nd] MTU)၊ မဆောင်းသဇင်မိုး၊ မသီရိထွန်း၊ မောင်အောင်မျိုးထွန်းတို့၏အဘွားသည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဦးဘွန်ချိန်(ပီဘွန်ချိန်)
**အသက်(၁၀၁)နှစ်**

ဟသ်ာတမြို့၊ဘုရားကြီးရပ်ကွက်၊ဦးဝိစာရလမ်းနေ ဒေါ်ကြင်ဥ၏ခင်ပွန်း၊ဦးသိန်းထွန်းချိန်-ဒေါ်စန်းစန်းငွေ၊ ဦးငွေလွင်-ဒေါ်ကြင်နွဲ့၊ ဦးအာယု-ဒေါ်ခင်မြသွင်၊ ဦးအောင်ခိုင်-ဒေါ်သင်းသင်းကြူတို့၏ဖခင်၊ ဦးဖြိုးမောက်-ဒေါ်ဝေမာထွန်း၊ ဦးနေနေလွှမ်းမိုး-ဒေါ်သင်းသင်းမြတ်၊ ဦးအောင်ဇင်ထွန်း-ဒေါ်သွယ်သွယ်ဦး၊ ကိုလွင်ထူးကိုတို့၏ အဘိုး၊ မနှင်းဦးဝေ၊ မောင်မင်းနေသာတို့၏ဘိုးဘိုးကြီးသည် ၂၃-၆-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဟသ်ာတမြို့၊ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ ဟသ်ာတမြို့၊ ဦးဝိစာရလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်မြင့်ရှိန်
**အထက (၁) ပုဇွန်တောင်(ငြိမ်း)**
**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ တိုက် (၆၆)၊ အခန်း (၂၀၂)နေ (ဦးထွန်းရှိန်-ဒေါ်ညွန့်)တို့၏သမီးကြီး၊ (ဦးလှကျော်)၏ဇနီး၊ ဦးဇော်မင်းကျော်-ဒေါ်ဘေဘီ၊ ဦးငွေသိန်း-ဒေါ်ပြုံးပြုံးကျော်၊ ဦးသိန်းငွေ-ဒေါ်အုံးအုံးကျော်၊ (ဦးထင်အောင်ကျော်)၊ ဒေါ်ခိုင်ခိုင်ကျော်၊ ဒေါ်အေးမိစံ(ထ-၂၊ ပုဇွန်တောင်)တို့၏မိခင်ကြီး၊ မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ တိုက် (၆၆)၊ အခန်း (၂၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးဝေ
**အရာခံဗိုလ်(ငြိမ်း) ထပရ(၇၂၇)**
**အသက် (၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ချောင်းဝရွာနေ (ဦးစက်ပြန်-ဒေါ်မယ်မှီ)တို့၏သားထွေး၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်အမှတ်(၁၃၄)နေ (ဦးတင်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဒေါ်တင်မျိုးကလျာဝင်းစု(မူအုပ်/အမက အင်ဂျစ်)၊ ဦးမျိုးမင်းသိန်းတို့၏ဖခင်၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်းသည် ၈-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်လှနု အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရဲဘော်ဟောင်း၊ တိုက် ၁၄၊ အခန်း ၆နေ (ဦးသာနိုး-ဒေါ်ကြိုင်မ)တို့၏သမီး၊ (ဦးစိန်မြင့်)၏ဇနီး၊ (ဦးသန်းငွေ)-ဒေါ်သန္တာဦး(မန်နေဂျင်းဒါရိုက်တာ-Thanda Travels and Tours ၊ ဂျာမန်ညှော့လမ်းညွှန်)၊ ရဲမှူးကျော်မြင့်ရွှေ(မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာခရိုင်)-ဒေါ်ထွန်းမအေးခိုင်၊ ဒေါက်တာကြည်ရွှင်(ပါမောက္ခချုပ်-ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)-ဒေါ်သီသီခိုင်(ကထိက-အင်္ဂလိပ်စာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင်၊ မအေးသီရိ( B.A German – ဂျာမန်ညှော့လမ်းညွှန်)၊ မောင်နိုင်မွန်(BA; English)LASALLE College of the Arts (Singapore) ၊ မောင်စည်သူရကျော်(BA; English)၊ မဆုရတနာကျော် (Wise ကိုယ်ပိုင်အထက်တန်းကျောင်း၊ဝမ်းတွင်းမြို့)တို့၏အဘွားသည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁:၃၀နာရီတွင် ပြင်ဦးလွင်မြို့၊ (ခုတင်-၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပြည်သူ့ ဆေးရုံကြီးမှ (၈)မိုင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈ -၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိန်ငွေး
**အသက် (၇၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးစံရင်-ဒေါ်လှရင်)တို့၏သား၊ ဇလွန်မြို့နေ (ဦးကျော်စိန်)-ဒေါ်တင်မြင့်၊ ဒေါ်မြသန်းတို့၏မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၆လမ်းနေ (ဦးမြတ်ငွေး)-ဒေါ်ခင်မြညွန့်၊ ဒေါက်တာသိန်းစိုး-ဒေါ်ခင်သန်းငွေးတို့၏အစ်ကို၊ ပုသိမ်မြို့၊ အိမ်အမှတ် J140၊ ၁၃ရပ်ကွက်၊ ခေတ္တာ(၃)လမ်း၊ ကင်မလင်းကျွန်းနေ ဒေါ်သန်းသန်း၏ခင်ပွန်းသည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် သရောင်းချောင်းသင်္ဂြိုဟ်စက်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပုသိမ်မြို့၊ အိမ်အမှတ် J140၊ (၁၃)ရပ်ကွက်၊ ခေတ္တာ(၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းဝင်း
**ဦးစီးမှူး(ငြိမ်း)ဆည်မြောင်း**
**အသက်(၆၉)နှစ်**

မြိုင်မြို့နယ်နေ ဦးစိန်ဖေ-(ဒေါ်ခင်ငြိမ်း)တို့၏သား၊ ဒေါ်မြင့်အေး(အထပြ၊ ငြိမ်း)၏ အစ်ကို၊ ရန်ကုန်မြို့နေ ကိုအာကာဟန်-မမေဝင်းသူ၊ ဗိုလ်ကြီးကျော်ခိုင်ဝင်း-မချိုဇင်ကျော် တို့၏ ဖခင်၊ မဆုသဒ္ဒါထက်၊ မောင်သစ်ထူးအောင်တို့၏အဘိုး၊ ဒေါ်အေးအေး(အကြီးတန်း အင်ဂျင်နီယာ၊ ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ ယာဉ်၊
ရေကန် အလှူရှင် ဒါယိကာမကြီး

## ဒေါ်ကြူဆွေ
**လက်ထောက်ဌာနမှူး**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အားကစားဝင်း၊ တိုက် (A)၊ အခန်း ၁၀၁နေ (ဦးဉာဏ်ရှိန်-ဒေါ်ဆယ်)တို့၏ သမီး၊ ဦးမင်းဇော်-ဒေါ်အေးမြသီ၊ ဦးကျော်နိုင်-ဒေါ်သန်းနွဲ့ တို့၏ညီမ၊ ဦးမင်းဇော်(ခ)ကိုမဲ၏ အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏အဒေါ် သည် ၂၂-၆-၂၀၂၀ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးညွန့်သိန်းဝင်း
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်လမ်းသွယ်(၁)၊ ခြံအမှတ် ၄၇နေ (ဗိုလ်မှူးကြီးထွန်းဝင်း)-ဒေါ်သက်သက်သီတို့၏တစ်ဦးတည်းသောသား၊ ဒေါ်ခင်စမ်းထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၆-၂၀၂၀ရက်(အင်္ဂါနေ့) ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetoyich Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် Victory Day of Great Patriotic War (1941–1945) အောင်နိုင်မှု (၇၅) နှစ်မြောက်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန်ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander ၊ V.Fomin ၊ FSMTC မှ ဒုတိယညွှန်ကြားရေးမှူး Vladimir Drozhzhov ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကိုကိုရှိန်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုး နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ယင်းနောက် ခေတ္တတည်းခိုမည့် Crowne Plaza Hotel သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။
ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# အစိုးရနှင့် NCA-S EAO တို့၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၃

**အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA – S EAO) ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။**



အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA – S EAO) ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။
ဓာတ်ပုံ– ဖိုးထောင်

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ)ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ စောကျော်ညွန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြပြီး ကိုဗစ်–၁၉ ကြောင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အဝေးရောက် ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့် တက်ရောက်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ကျင်းပပြီးစီးခဲ့သည့် (၈) ကြိမ်မြောက် JICM အစည်းအဝေးက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် နှစ်ဖက်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့များသည် ညှိနှိုင်းအစည်းအဝေး (၃)ကြိမ်၊ အလွတ်သဘောတွေ့ဆုံမှု (၁) ကြိမ်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

# ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့ မရတော့တဲ့ မန်ယူ

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၃၁) အဖြစ် ဇွန် ၂၄ ရက် ည ၁၁ နာရီခွဲတွင် အိုးထရက်ဖို့ဒ်၌ ရှက်ဖီးအသင်းကို လက်ခံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကစားပြီး ရမှတ် ၄၆ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေကာ ရှက်ဖီးအသင်းက ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၇) နေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် အဆင့် (၄) နေရာတွင် ရပ်တည်နေသော ချယ်လ်ဆီးအသင်းနှင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းနေသည့်အတွက် မန်ယူအသင်းရော ရှက်ဖီးအသင်းပါ မျှော်လင့်ချက်ရှိနေသေးသည်ဟု ဆိုရပေမည်။ ဝုဗ်အသင်းသည် မန်ယူအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့် (၆)နေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည့်အတွက် မန်ယူအသင်းအနေဖြင့် ယခုပွဲမှ စတင်ကာ လက်ကျန်ပွဲစဉ်များကို လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့ မရတော့သလို ညေ့သည်ရှက်ဖီးအသင်းအတွက်လည်း ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်အတွက် အရေးကြီးသည့် ပွဲစဉ်ဖြစ်သည့်အလျောက် သတိကြီးကြီးထား ယှဉ်ပြိုင်ရမည့် ပွဲစဉ်ဖြစ်သည်။

မန်ယူအသင်း၏ လက်ကျန်ပွဲစဉ်များကို ကြည့်လျှင် နော့ဝှစ်ချ်၊ ဘရိုက်တန်၊ ဘုန်းမောက်၊ အက်စ်တွန်ဗီလာ၊ ဆောက်သမ်တန်၊ ခရစ္စတယ်လ်ပဲလေ့စ်၊ ဝက်စ်ဟမ်း၊ လက်စတာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရန် ကျန်ရှိနေသောကြောင့် ပွဲချောင်သည်ဟု ဆိုနိုင်သော်လည်း ပွဲအများစုမှာ အမှတ်ပေးဇယား အောက်ပိုင်းအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည့်အတွက် နိုင်ပွဲရရန် ရုန်းကန်ရနိုင်သည်။ ထို့အပြင် မန်ယူအသင်းသည် အသင်းကြီးများနှင့်တွေ့လျှင် နိုင်ပွဲများရတတ်ပြီး အသင်းငယ်များနှင့်တွေ့လျှင် မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားတတ်ပေသည်။ မည်သို့ပင်ဖြစ်စေ နည်းပြ ဆိုးလ်ရှားအတွက် လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နည်းနည်းမျှ အမှားခံလို့ မရပေ။ တစ်ဖန် ရှက်ဖီးအသင်း၏ လက်ကျန်ပွဲစဉ်များကို ကြည့်လျှင် မန်ယူအသင်းနှင့် ပြီးလျှင် အာဆင်နယ်၊ စပါး၊ ဘန်လေ၊ ဝုဗ်၊ ချယ်လ်ဆီး၊ လက်စတာ၊ အဲဗာတန်၊ ဆောက်သမ်တန်အသင်းတို့နှင့်ကစားရန် ကျန်ရှိနေသေးသည်။ ရှက်ဖီးအသင်းအနေဖြင့်

*စာမျက်နှာ ၂၃ ကော်လံ ၁* ✻


သုံးလနီးပါး ကန့်သတ်ပိတ်ဆို့ခဲ့သည့် နယူးယောက်စီးတီးတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ် စာ – ၁၃

ကိုဗစ် – ၁၉ ကာလမှာ ရေဒီယိုနားထောင်မှု ပြန်လည်သက်ဝင်နိုးထလာတဲ့ ဂျပန်နိုင်ငံ စာ – ၁၄

မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့




**သာကေတ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံအတွက် အသုံးပြုဖို့ သဘာဝ ဓာတ်ငွေ့ရည်တွေ သယ်ဆောင်လာတဲ့ သင်္ဘောကလည်း ရန်ကုန်သီလဝါ ဆိပ်ကမ်းကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီသင်္ဘောဟာ M V. CNTIC V Power Globle ဖြစ်ပြီး အလျား ၁၇၆ ဒသမ ၈ မီတာ၊ ရေစူး ၈ မီတာရှိကာ စုစုပေါင်း တန်ချိန် ၃၆၀၀၀ ခန့်ရှိ**

# ရန်ကုန်မြို့မှာ ထွက်ပေါ်လာမယ့် မြန်မာနိုင်ငံရဲ့ ပထမဆုံးသဘာဝဓာတ်ငွေ့ရည်မှ ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း

ဖင်လင်းမြင့်

ရန်ကုန်မြို့မှာ ပြီးခဲ့တဲ့နွေရာသီရောအခု မိုးရာသီမှာပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေ နည်းပါးတာ သတိပြုမိနေပါတယ်။ အရင်က ရန်ကုန်မြို့မှာ လျှပ်စစ်ဓာတ်အား တစ်ကြိမ်ပျက်ရင် အချိန်ကြာမြင့်တတ်ပေမယ့် အခုအချိန်မှာတော့ အဲဒီအခက်အခဲတွေကို အောင်မြင်အောင် ကျော်လွှားနိုင်ရေး ကြိုးစားနေတဲ့သတင်းတွေ၊ စီမံကိန်းအကောင်အထည်ဖော်နေတာတွေ ကြားသိနေရပါတယ်။ ရန်ကုန်မြို့နေလူထုဟာ အိမ်ထောင်စုတိုင်း လျှပ်စစ်ဓာတ်အားကို အချိန်နဲ့အမျှ အားကိုးအားထား သုံးစွဲနေရတာမို့ လျှပ်စစ်ဓာတ်အား အပြည့်အဝနဲ့ အပြတ်အတောက်မရှိ ရရှိရေးကို လူတိုင်းမျှော်လင့်နေကြတာ ဖြစ်ပါတယ်။ အခုလည်း ရန်ကုန်မြို့ သာကေတမြို့နယ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးအဖြစ် သဘာဝဓာတ်ငွေ့ရည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်နေတာဟာ မကြာခင်မှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှာရှိတဲ့ သာကေတ ဓာတ်အားပေးစက်ရုံဝင်းအတွင်းမှာ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ သာကေတ သဘာဝဓာတ်ငွေ့သုံးစက်ရုံ စီမံကိန်းဟာ သဘာဝဓာတ်ငွေ့ရည်မှ သဘာဝဓာတ်ငွေ့အဖြစ် ပြောင်းလဲပြီး သဘာဝဓာတ်ငွေ့အင်ဂျင်သုံးကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှာ ဖြစ်ပါတယ်။

**စီမံကိန်းအကောင်အထည်ဖော်**

တကယ်တော့ ဒီစီမံကိန်းကို ဆောင်ရွက်ဖို့ ၂၀၁၉ ခုနှစ် ဇွန်လ ၂၈ ရက်ကစတင်ကာ တင်ဒါတွေ ခေါ်ယူခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်မှာ တင်ဒါတွေ အပြီးလက်ခံခဲ့တာ ဖြစ်ပါတယ်။ အဲဒါ တင်ဒါလျှောက်လွှာတွေထဲကမှ ပွင့်လင်းမြင်သာစွာနဲ့ စည်းကမ်းသတ်မှတ်ချက်တွေအတိုင်း ကိုက်ညီတဲ့ Consortium of China National Technical Import and Export Corporation, V Power Group holding ltd and V Power Group holding ltd တို့က တင်ဒါအောင်မြင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်နေတာပဲ ဖြစ်ပါတယ်။

"ဒီစီမံကိန်းကို အကောင်အထည်ဖော်တာဟာ ရန်ကုန်မြို့မှာသာမကဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ဓာတ်အားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အခုလို သဘာဝဓာတ်ငွေ့ရည်မှ ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်" လို့ မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

ဒီလို သာကေတဓာတ်အားထုတ်လုပ်ရေး စီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ကို ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ပြည်ပက သယ်ဆောင်လာတဲ့ သဘာဝဓာတ်ငွေ့ရည်ပမာဏ၊ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်တွေရဲ့ စွမ်းအားကြောင့် ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ခန့်သာ ထုတ်ယူရရှိနိုင်ဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မကြာခင်ကာလမှာ သတ်မှတ်ထားတဲ့ ဓာတ်အားအပြည့်အဝကို ရရှိနိုင်မှာဖြစ်တယ်လို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ဆိုထားပါတယ်။

သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွက် အသုံးပြုဖို့ သဘာဝဓာတ်ငွေ့ရည်တွေ သယ်ဆောင်လာတဲ့ သင်္ဘောကလည်း ရန်ကုန် သီလဝါဆိပ်ကမ်းကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီသင်္ဘောဟာ M V. CNTIC V Power Globle ဖြစ်ပြီး အလျား ၁၇၆ ဒသမ ၈ မီတာ၊ ရေစူး ၈ မီတာရှိကာ စုစုပေါင်းတန်ချိန် ၃၆၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ဒီလို သဘာဝဓာတ်ငွေ့တင်ဆောင်လာတဲ့ သင်္ဘောဆိုက်ကပ်နိုင်ဖို့ ယာယီဆိပ်ခံအဖြစ် အသုံးပြုမယ့် Temporay Jettly ကို စင်ကာပူနိုင်ငံမှာ တည်ဆောက်ခဲ့တာဟာ အခုဆိုရင် သီလဝါဆိပ်ကမ်းမှာ အသင့်အသုံးပြုနိုင်နေပြီ ဖြစ်ပါတယ်။

**သဘာဝဓာတ်ငွေ့ဖြည့်ဆည်း**

ဒီသဘာဝဓာတ်ငွေ့ရည်တွေ တင်ဆောင်လာတဲ့သင်္ဘောဟာ စုစုပေါင်းတန်ချိန် ၃၆၀၀၀ ခန့်ရှိတာမို့ အဲဒီသဘာဝဓာတ်ငွေ့ရည်တွေဟာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကို ၁၄ ရက်ကြာခန့် ဓာတ်အားထုတ်နိုင်မှာ ဖြစ်ပါတယ်။ နောက်ထပ် သဘာဝဓာတ်ငွေ့ရည်တင်ဆောင်လာတဲ့ သင်္ဘောကြီးတစ်စင်းကလည်း မြန်မာနိုင်ငံကို လာရောက်နေပြီဖြစ်တာမို့ ပထမဆိုက်ကပ်ထားတဲ့ သင်္ဘောကို အထိုင်ထားပြီး Small LNG Tanker တွေနဲ့ လိုအပ်တဲ့ သဘာဝဓာတ်ငွေ့ရည်တွေကို

**အချပ်ပို (ဂ) သို့**

# ရန်ကုန်မြို့ရဲ့ ပြည်တော်သစ် အိမ်ရာစီမံကိန်း

ဆွေဦးဝေ

မရောက်တာကြာပြီဖြစ်တဲ့ အောက်ပုဇွန်တောင်လမ်းမတစ်လျှောက် ပလက်ဖောင်းပေါ် လမ်းလျှောက်နေမိပါတယ်။ လမ်းမဘေး ဝဲယာမှာ အထပ်မြင့်တိုက်အသစ်တွေ အစီအရီ ထွက်ပေါ်လာတာကို မြင်ကွင်းသစ်တစ်ခုလို တွေ့မြင်နေရပါတယ်။ ရန်ကုန်မြို့ရဲ့ မြို့နယ် အသီးသီးမှာ အထပ်မြင့်တိုက်အသစ်တွေ တဖြည်းဖြည်း များလာတာဟာ နေရာတိုင်းမှာ တစ်နေ့ မြင်ကွင်းတစ်မျိုးလို ဖြစ်နေပါတယ်။ အခုလည်း အောက်ပုဇွန်တောင်လမ်းမ ရဲ့ ညောင်တန်းမှတ်တိုင်အနီးမှာ အထပ်မြင့် တိုက်အဆောက်အအုံသစ်တစ်ခု တည်ဆောက်ပြီးစီးနေတာ တွေ့မြင်ရလို့ အသေအချာ လေ့လာကြည့်တဲ့အခါ ပြည်တော်သစ်အိမ်ရာ စီမံကိန်းဖြစ်နေပါတယ်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၃) ရပ်ကွက် အောက်ပုဇွန်တောင်လမ်းမ ကပ်လျက်နေရာမှာ အရင်က ပြည်တော်သစ် အိမ်ရာဟောင်းလို သက်တမ်းကြာမြင့်လာတာမို့ အသစ်တည်ဆောက်မယ့် သတင်းတွေတော့ ကြားနေခဲ့ပါတယ်။ ဒီဘက်ကို မရောက်ဖြစ်ခဲ့တာမို့ အခုလို အထပ်မြင့်အိမ်ရာအဆောက်အအုံ တည်ဆောက်ပြီးစီးနေမှုကို မသိရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒီပြည်တော်သစ်အိမ်ရာဟာ လွန်ခဲ့တဲ့ ၁၉၅၆ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်လို့ နှစ်ပေါင်း ၆၀ ကျော် သက်တမ်းရှိနေပြီ ဖြစ်ပါတယ်။ ဒီလို သက်တမ်းရင့်ပြီး အန္တရာယ်ရှိလာတဲ့ အိုးအိမ်အဆောက်အအုံတွေကို ပြန်လည် တည်ဆောက်ရေးအတွက် စီမံကိန်းနဲ့ အကောင်အထည်ဖော်တဲ့အခါ အခုလို ပြည်တော်သစ်အိမ်ရာကို အထပ်မြင့် အဆောက်အအုံအဖြစ် ပြန်လည်အဆင့်မြှင့် တည်ဆောက်ခဲ့တာပဲ ဖြစ်ပါတယ်။

ပြည်တော်သစ်အိမ်ရာစီမံကိန်းဟာ မြေဧက ၄ ဒသမ ၃၄၈ ဧက ပေါ်မှာ အကောင်အထည်ဖော် တည်ဆောက်တာဖြစ်ပြီး လောလောဆယ် ပြည်တော်သစ်အိမ်ရာ အပိုင်း (၁) ကို စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အပိုင်း (၁) အနေနဲ့ အထပ် ၁၂ ထပ်ခွဲ အမြင့် ရှိတဲ့ အဆောက်အအုံ တည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါတယ်။

ပြည်တော်သစ်အိမ်ရာ အပိုင်း (၁) ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှာ ပိုင်ရိုက်မှု စတင်ခဲ့တာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မေလမှာ အဆောက်အအုံပြီးစီးကာ အပ်နှံရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ နှောင့်နှေးခဲ့ရတာ ဖြစ်ပြီး

**အချပ်ပို (ဂ) သို့**

# မျှော်သာမျှော်သည် မပေါ်လာနိုင်သေးသည့် YBS ကတ်

................ တင်ဝင်းလေး(ကြည့်မြင်တိုင်) ................

**“သမီးလေး ဒီကိုပေး”**

ဦးသာအောင် ငွေကျပ်တစ်ထောင်တန် တစ်ရွက်ကိုကိုင်ကာ ၉၈ YBS ယာဉ်မောင်း နောက်နားကျကျမှာရပ်ရင်း တက်လာသူတွေဆီက ငွေအကြွေတွေကို လက်ဖြန့်တောင်းခံနေရပါတယ်။ ကျပ်၂၀၀တန် နှစ်ရွက်ရထားပြီးပါပြီ။

နောက်တက်လာသူ တစ်ယောက်ဆီက လှမ်းတောင်းတော့ ကျပ် ၅၀၀ တန်ဖြစ်နေလို့ ရထားပြီးတဲ့ ကျပ် ၂၀၀ တန်တစ်ရွက်ကို ပြန်အမ်းလိုက်ရပါတယ်။ ငွေကျပ် ၂၀၀ တန် ချည်းမို့ ကျပ် ၅၀၀ ပေးထားတဲ့သူကို ငွေကျပ် ၃၀၀ ပြည့်အောင် ပြန်မအမ်းနိုင်ခဲ့၊ သူကလည်း ငွေကျပ် ၂၀၀ တန်ကိုယူပြီး ယာဉ်နောက်ဘက် ထိုင်ခုံအလွတ်ရှိရာကို တန်းသွားပါတယ်။

ဦးသာအောင် သူ့လက်ထဲ ကျပ် ၅၀၀ တန် တစ်ရွက်၊ ကျပ် ၂၀၀ တန်တစ်ရွက် စုစုပေါင်း ကျပ် ၇၀၀ ရပြီမို့ နောက်ထပ်ငွေကျပ် ၁၀၀ ကို မစောင့်တော့။ လက်ထဲကိုင်ထားတဲ့ ကျပ် ၁၀၀၀ ကို ငွေပုံးထဲကိုထည့်ပြီး ယာဉ်နောက်ဘက်ကို လျှောက်လာခဲ့ပါတယ်။ ယာဉ်ပေါ်တက်ခါစတုန်းက ထိုင်စရာခုံတွေ လွတ်နေသေးပေမယ့် ငွေအကြွေစောင့်ရင်းက ထိုင်ခုံတွေ ပြည့်သွားခြင်းဖြစ်ပါတယ်။ မြို့ထဲအထိ သွားရမှာမို့ တစ်လမ်းလုံးမိုးတိုး မတ်တတ်ရပ်ပြီး လိုက်ပေတော့။ YBS စီးဖို့ အကြွေမဆောင်နိုင်ခဲ့တဲ့ ဦးသာအောင်အဖို့ ဒီအဖြစ်မျိုးက မကြာမကြာဖြစ်နေကျဆိုတော့ မိမိအပြစ်လို့သာ မှတ်ယူထားပါတယ်။

ဆယ်စုနှစ်ငါးစုလောက် မ ထ သ (မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီ) လက်အောက်ကနေ ပြည်သူ့အစိုးရခေတ် အပြောင်းအလဲအစ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) လို့ ပြောင်းလဲဆောင်ရွက်ခဲ့တာပါ။

### ပြန်လည်တာဝန်ပေးအပ်ထား

ဖွဲ့စည်းပုံတွေကအစ ပြောင်းလဲခဲ့ပါတယ်။ အဖွဲ့ရဲ့နာယကက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းပါ။ ဥက္ကဋ္ဌကတော့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ပါ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနဲ့ မန်နေဂျင်းဒါရိုက်တာတွေ စသည်ဖြင့်ပေါ့ ။ဝန်ထမ်းအများစုကတော့ အရင် မထသ က ဝန်ထမ်းဟောင်းတွေကို ဆက်လက်တာဝန်ပေးခဲ့တာကို တွေ့ရပါတယ်။ လုပ်ငန်းခါးဆက်မပြတ်ရအောင် အရင် မထသ အဖွဲ့က ဥက္ကဋ္ဌ ဦးလှအောင်ကို လုပ်ငန်းကျွမ်းကျင်မှုကြောင့် တွဲဖက်အတွင်းရေးမှူးအဖြစ်နဲ့ ပြန်လည်တာဝန်ပေးအပ်ထားတာကို တွေ့ရပါတယ်။ ဦးလှအောင်က တော်ပါတယ်၊ လုပ်ငန်းစက်ယန္တရားကြီး လည်ပတ်ရေးရဲ့ အဓိက ဝင်ရိုးကြီးဖြစ်သလို ပြင်ပဆက်သွယ်မှုအဖြစ် မီဒီယာတွေနဲ့လည်း ဆက်ဆံရေးမှာ အလွန်ညက်ညောသူတစ်ဦးပါ။

### သုံးလိုင်းနဲ့ အဝိုင်းပတ်စနစ်

ပြောင်းလဲချိန်တန်ပြီဆိုတဲ့ စကားကို တကယ့်ကို အကောင်အထည်ဖော်လိုက်တာပဲလို့ အောက်မေ့မိပါတယ်။ တစ်ချိန်တုန်းက မြို့တစ်ပတ်ကြီး ခရီးရှည်သွားနေတဲ့လိုင်းကားတွေအားလုံးကို တစ်ဝက်တစ်ပိုင်းစီ ဖြတ်လိုက်သလိုပါပဲ။ လိုင်းကားကြီးတွေကို တောက်လျှောက်မြို့ထဲအထိ အဝင်မခံတော့။ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာဘက်က လာတဲ့လိုင်းကားတွေဆို သခင်မြပန်းခြံမှာ ဂိတ်ဆုံး၊ ဒဂုံမြို့သစ်၊ သဃ်န်းကျွန်း၊ တာမွေဘက်ကလာတဲ့ လိုင်းကားတွေဆို ဗိုလ်တထောင်ဘုရားအနီးမှာ ဂိတ်ဆုံး၊ မြို့ထဲကိုတော့ လိုင်းနံပါတ် ၅၆၊ ၅၇၊ ၅၈ သုံးလိုင်းနဲ့ အဝိုင်းပတ်စနစ် သယ်ယူပို့ဆောင်မှုကို လုပ်ခဲ့ပါတယ်။

မှတ်မိနေပါသေးတယ်။ အဲဒီ ၁၆ ရက်နေ့ကဆို ခရီးသည်တွေအားလုံး ဖြောင်းကိုဆန်နေတာပဲ။ ဘယ်လိုင်းကားကို ဘယ်နေရာက စောင့်ရမလဲ မသိ၊မောင်းတဲ့သူတွေကလည်း ဘယ်ဟာက မှတ်တိုင်မှန်းမသိ၊ တောင်ပြေးမြောက်ပြေးနဲ့ ပျော်စရာကြီးလို့ပဲ ပြောရမလား၊ စိတ်ညစ်စရာကြီးပဲလို့ ပြောရမလားမသိအောင် ဖြစ်ခဲ့ရတဲ့ ဒုက္ခတွေ၊ ညနေ ရုံးဆင်းပြီး ညမိုးချုပ်တဲ့အထိ လိုင်းကားပေါ် မရောက်သေးတဲ့သူတွေ ရှိခဲ့ပါတယ်။

ဒါတောင် ယာဉ်လိုင်းနံပါတ်တွေနဲ့ ပြေးဆွဲမယ့်လမ်းကြောင်းတွေကို လက်ကမ်းကြော်ငြာတွေ ကြိုတင်ဖြန့်ဝေထားသလို အဲဒီရက်တွေမှာ အစိုးရသစ်ကို ထောက်ခံကြိုဆိုကြသူတွေက မှတ်တိုင်တိုင်းမှာ ခရီးလမ်းညွှန်အကူအညီပေးခဲ့ကြပါတယ်။

### သယ်ယူပို့ဆောင်ရေးကဏ္ဍကို အားဖြည့်

ခရီးသည်တွေ စုပြုံနေတဲ့နေရာတွေမှာဆို ဌာနဆိုင်ရာကားတွေက ဝင်ရောက်သယ်ယူပို့ဆောင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် အငှားယာဉ်လေးတွေကလည်းအလျဉ်းသင့်ရာ လမ်းကြောင်းတွေကနေ အခမဲ့ပို့ဆောင်ပေးနေခဲ့တာဟာ ရန်ကုန်အစိုးရသစ်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကို အားဖြည့်ခဲ့ကြတာပါပဲ။

အခုဆို ရန်ကုန်မြို့ရဲ့ ခရီးသွားကဏ္ဍဟာ ပြောင်းလဲခြင်းနဲ့အတူ တိုးတက်ခြင်းများစွာနဲ့ ဆက်လှမ်းနေပါတယ်။ အများအားဖြင့် လိုင်းကားအသစ်ကြီးတွေပေါ်မှာ လေအေးပေးစက်နဲ့ အဆင့်မြင့်မြင့်သွားလာနေကြပါပြီ။ နွေရာသီဆို အဲဒီတန်ဖိုးကို ပိုသိရပါတယ်။ အရင်က ချွေးသံတလုံးလုံးနဲ့စီးခဲ့ရတာကနေ အခု အေးအေးဆေးဆေးဇိမ်ပါပဲ။

အဲ...ရုံးတက်ရုံးဆင်းချိန်က လွဲလို့ပေါ့။ ဒါ့အပြင် မပြောင်းလဲနိုင်သေးတဲ့ လိုင်းကားအဟောင်းတွေ ရှိနေသေးသလို မပျောက်နိုင်သေးတဲ့ ယာဉ်နောက်လိုက်ပါတဲ့ လိုင်းကားတွေလည်း ရှိနေပါသေးတယ်။ အဲဒါတွေကတော့ တကယ့်ကိုစိတ်ညစ်ညူးစရာပါ။ ဒါကလည်း သူတို့ဘက်က အခက်အခဲတွေရှိလို့နေမှာပေါ့။

အခုဆို ပြောင်းလဲလာမှုက သုံးနှစ်ကျော်ကာလ သက်တမ်းထဲ ရောက်ရှိနေခဲ့ပါပြီ။ စတင်စဉ်က ယာဉ်လိုင်း ၆၁ လိုင်းနဲ့သာ စခဲ့ပေမယ့် ခရီးသွားပြည်သူများပြားမှု လိုအပ်ချက်ကြောင့် အခုအခါ ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်နေပါပြီ။ ယာဉ်အစီးရေဆိုလည်း အသစ်အဟောင်း ၄၃၀၀ ကျော်သွားပြီလို့ သိရပါတယ်။ အောင်မြင်တယ်လို့ ပြောရမှာပေါ့။ ဒါပေမယ့် ငွေအကြွေရှားပါးမှုဟာ YBS ခရီးသည်တွေအတွက် အခက်အခဲအများကြီး ဖြစ်စေခဲ့ပါတယ်။ ပထမပိုင်း ဂိတ်အချို့မှာ ငွေအကြွေလဲပေးမှုတွေ ရှိခဲ့ပါတယ်။ အစိုးရဝန်ထမ်းတွေ လစာထုတ်ပေးတဲ့အခါ ကျပ် ၂၀၀ တန်၊ ၁၀၀ တန်တွေ ထုတ်ပေးခဲ့ဖူးပါတယ်။ အခုတော့ ကောက်ရိုးမီးလိုပါပဲ ငြိမ်းသွားပါပြီ။

ရုံးဝန်ထမ်းတွေနဲ့ YBS အမြဲစီးနေတဲ့သူတွေအဖို့ ကျပ် ၂၀၀ ၊ ကျပ် ၁၀၀ တန်ကို အမြဲဆောင်ထားကြရပါတယ်။ ဒီအတိုင်း ဘယ်သူမှ အကြွေမလဲပေးပါဘူး။ ဈေးသွားရင်းဖြစ်ဖြစ် ဒါမှမဟုတ် တစ်ခုခုဝယ်ရင်း ငွေအကြွေရဖို့အတွက် ကျပ် ၅၀၀ တန်၊ ကျပ် ၁၀၀၀ တန်ကို ပေးရပါတယ်။ ပြန်အမ်းလာတဲ့ ကျပ် ၂၀၀ တန်၊ ကျပ် ၁၀၀ တန်ဆို သိမ်းထားရပါတယ်။ ဈေးသည်ကလည်း ကျပ် ၁၀၀ ဖိုးလောက် ဝယ်ရုံနဲ့ဆို အကြွေမရှိဘူး ပြောတတ်ကြပါတယ်။ YBS စီးဖို့ကို တချို့ကလည်း ကျပ်၂၀၀ တန်၊ ကျပ် ၁၀၀ တန် တစ်အုပ်စီကို ငွေအပိုပေးပြီး လဲထားတတ်ကြပါတယ်။ အဲဒီတော့ မလိုအပ်ဘဲဝယ်ရ၊ အမ်းနိုင်အောင် ပိုဝယ်ရနဲ့ မကုန်သင့်ဘဲ ကုန်ရတဲ့ အပိုကုန်ငွေတွေဖြစ်လာပါတယ်။

### ဦးစားပေးထုတ်ဝေ

အစိုးရသစ်လက်ထက် ဒီ ဇူလိုင် ၁၉ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ကျပ် ၅၀၀ တန် ငွေစက္ကူအသစ်ထုတ်မယ်လို့ ဗဟိုဘဏ်က တရားဝင်ကြေညာထားတာကို တွေ့ရပါပြီ။ နောက်လည်း ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ငွေစက္ကူအသစ်တွေ ဆက်လက်ထုတ်ဝေသွားဦးမယ်လို့ ကြားသိနေရပါတယ်၊ နောက်ဆက်လက်ထုတ်မယ့် အစီအစဉ်မှာ ငွေကျပ်၂၀၀ တန်၊ ကျပ် ၁၀၀ တန်တွေကို ဦးစားပေးထုတ်ဝေပြီး ပြည်သူလူထုလက်ထဲ များများရောက်သွားရင်တော့ YBS ကတ် မထွက်လာခင် ငွေအကြွေကိစ္စက အများကြီး ပြေလည်သွားမယ်လို့ ထင်မိပါတယ်။

YBS ဖြစ်လာပြီးနောက်မှာ တစ်နှစ်အတွင်း အကောင်အထည်ဖော်မယ်လို့ ကြွေးကြော်ခဲ့တဲ့ ကတ်စနစ်ကို ဦးသာအောင်လို YBS နေ့စဉ်စီးနေတဲ့ခရီးသည်တွေက အမျှော်ကြီး မျှော်နေခဲ့ကြပါပြီ။

ကတ်ကိစ္စနဲ့ပတ်သက်လို့ YBS သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားမှာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ YRTA ဥက္ကဋ္ဌ ဒေါ်နီလာကျော်က “အစိုးရအနေနဲ့ အလုပ်လုပ်တဲ့အခါ အစကောင်းမှ အနှောင်းသေချာမယ်ဆိုသလို မျက်စိတစ်ဆုံး ကြည့်ရတာဖြစ်ပါတယ်။ သေသေချာချာ လုပ်ပြီးမှ ပြည်သူကိုချပြမယ်။ အစိုးရအနေနဲ့က တကယ်အလုပ်လုပ်ရင် မျက်စိတစ်ဆုံး ကြည့်ရတယ်။ မျက်တောင်မွေးတစ်ဆုံးလောက်ပဲ ကြည့်လို့မရပါဘူး။ ဒီကတ်စနစ်က တစ်သက်လုံးသွားရမယ့်စနစ် ဖြစ်ပါတယ်” လို့ ဆိုထားပါတယ်။

ဒါပေမယ့် အချို့သော သူများက ဆိုထားတာလေးတွေလည်း ရှိနေပါသေးတယ်။ “စက်ဆိုတာ ပျက်တတ်တဲ့သဘောရှိပါတယ်၊ နောက်ဒါက အများသုံးပါ။ ယာဉ်သွားနေရင်း အကြောင်းတစ်ခုခုကြောင့် ပျက်သွားရင် ဘယ်လိုလုပ်မလဲ” ဆိုတဲ့ စိုးရိမ်ပူပန်မှုမျိုး၊ နောက် “တို့ရန်ကုန်မြို့ရဲ့ ခရီးသွားလာမှု ယာဉ်လိုင်းတွေက ရုံးတက်ရုံးဆင်းချိန်ဆို ကားမဆံ့အောင် ရှိတတ်တာလေ။ တစ်ခါတစ်ခါရှေ့ပေါက်က တက်လို့မရလို့ နောက်တံခါးဖွင့်ပြီး တင်နေရတာတွေ ရှိနေတာ။ အဲဒီလို အချိန်ဆို ဒီကတ်ကို တစ်ယောက်ချင်း ဖြတ်နိုင်ပါ့မလား ”ဆိုတဲ့ စေတနာစကားတွေကိုလည်း YRTA ကလူကြီးမင်းများ နားစွင့်ဖို့ လိုပါလိမ့်မယ်။

ကတ်နဲ့ပတ်သက်လို့ တင်ဒါအောင်မြင်ထားတဲ့ ကုမ္ပဏီကလည်း အချို့လိုင်းကားအသစ်ကြီးတွေမှာ စက်တွေ တပ်ဆင်လာတာကို ကိုဗစ်မတိုင်မီ လပိုင်းလောက်ကတည်းက စတွေ့နေရပါပြီ။ ကားအစီးရေ ၁၆၀၀ ကျော်လောက်အထိ တပ်ဆင်သွားပြီလို့ သိရပါတယ်။ ၈၉ လိုင်းမှာ တပ်ဆင်ထားတာကို တွေ့လိုက်ရတဲ့ ဦးသာအောင်အတွေးက “မကြာမီလာမည် မျှော်လို့ ရုပ်ရှင်ရုံများ ခေတ်ကောင်းစဉ်က ကြော်ငြာလေးတစ်ခုကို သွားမြင်လိုက်ပါတယ်။ ဖြစ်သင့်တာတော့ ကြာပေါ့လေ၊ ဒါပေမယ့် သူတို့မှာလည်း သူတို့အခက်အခဲတွေ ရှိနေမှာပေါ့”လို့ ဖြေတွေးလေး တွေးနေခဲ့ပါတယ်။

### ကြိုတင်စမ်းသပ်မှု

စောစောကပြောသလို ဖြစ်ပျက်လာနိုင်မယ့် အချက်တွေကို သိနိုင်ဖို့၊ ပြင်နိုင်ဖို့အတွက် ကြိုတင်စမ်းသပ်မှုတွေ အတော်များများ လုပ်ထားပြီးပြီလို့ သိထားရပါတယ်။

“စမ်းသပ်မှုအပိုင်းကတော့ ရာခိုင်နှုန်းအတော်တော်များများပေါ့နော်။ အောင်မြင်ထားပြီးပါပြီ။ ကတ်တွေရောင်းချပေးနိုင်မယ့်ရက်ကိုတော့ အတိအကျ မပြောနိုင်သေးပေမယ့် အလွန်တော့ မကြာတော့ပါဘူး” လို့ တင်ဒါရထားတဲ့ ကုမ္ပဏီဘက် ပြောစကားလည်း ရှိနေပါပြီ။

ဒါ့အပြင်ကတ်စနစ်ကို ခရီးသွားပြည်သူတွေကို မိတ်ဆက်တဲ့အနေနဲ့ ငွေဖြည့်ကတ် ၃၅၀၀၀ လောက်ကို အဓိက ကျောင်းဆရာဆရာမတွေ၊ အခြေခံဝန်ထမ်းတွေနဲ့ လူစည်ကားရာ နေရာတွေမှာ အခမဲ့ဝေငှသွားမယ်လို့ သိထားရပါတယ်။

ဒါဆို YBS စပြီး နောက်ပိုင်းစီစဉ်မှုတွေက အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခဲ့ရတဲ့ YBS ကတ်က မျှော်သာမျှော်သည် မပေါ်လာနိုင်သေးပေမယ့် ဦးသာအောင်အတွေးလိုပ “မကြာမီလာမည်မျှော်” လို့တော့ ကေန်မုချ ဆိုနိုင်ပါပြီ။ ။




ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများကို တွေ့ရစဉ်။



YBS ယာဉ်တွင် ကတ်စနစ်တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# အခုဆိုရင် ပြည်တော်သစ်အိမ်ရာစီမံကိန်းရဲ့ အပိုင်း (၁) ပြီးစီးသွားပြီဖြစ်လို့ တည်ဆောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ရင် စီမံကိန်းတစ်ခုလုံး သတ်မှတ်ကာလမှာ ပြီးစီးတဲ့အခါ ရန်ကုန်မြို့မှာရှိတဲ့ သက်တမ်းရင့် အိမ်ရာတွေထဲမှာ ပထမဆုံးထွက်ပေါ်လာမယ့် အိမ်ရာစီမံကိန်းဖြစ်လာမှာဖြစ်

*ရန်ကုန်မြို့ရဲ့ ပြည်တော်သစ် . . . . မှ*

အခုတော့ အဲဒီ အပိုင်း (၁) ဖြစ်တဲ့ ၁၂ ထပ်ခွဲ အမြင့် လူနေအဆောက်အအုံ တည်ဆောက်ပြီးစီးလို့ မကြာခင်မှာ လူနေထိုင်ခွင့် အပ်နှံတော့မှာ ဖြစ်ပါတယ်။

**ရွှေ့ပြောင်းစရိတ်တွေ ပံ့ပိုးပေး**

ယခင် ပြည်တော်သစ်အိမ်ရာမှာ နေထိုင်ခဲ့တဲ့သူတွေအတွက် ၁၄၂ ခန်းကို လွှဲပြောင်းပေးအပ် နေထိုင်ခွင့်ပေးတော့မှာ ဖြစ်ပါတယ်။ အဲဒီ မူလနေထိုင်ခဲ့တဲ့လူတွေကို ဒီလို အထပ်မြင့်တိုက်အဆောက်အအုံ တည်ဆောက်နေဆဲ ကာလတွေမှာ ရွှေ့ပြောင်းနေထိုင်နိုင်ဖို့ စီမံကိန်းကာလ နှစ်နှစ်အတွင်းမှာ ယာယီနေထိုင်ခွင့်နဲ့ ရွှေ့ပြောင်းစရိတ်တွေ ပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။

အခု တည်ဆောက်ပြီးစီးသွားတဲ့ ၁၂ ထပ်ခွဲ အမြင့် အဆောက်အအုံမှာ တစ်လွှာကို ၁၈ ခန်း ပါဝင်ပြီး စုစုပေါင်း ၁၇၈ ခန်း ဖွဲ့စည်းတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီ ၁၂ ထပ်ခွဲအမြင့် အဆောက်အအုံဟာ အလျား ၁၉၈ ပေရှိပြီး အနံ ၁၇၂ ပေဖြစ်ကာ အမြင့်က ၁၅၅ ပေရှိကြောင်း သိရပါတယ်။ ဒီအထပ်မြင့်အဆောက်အအုံမှာ မူလပြည်တော်သစ်အိမ်ရာမှာ နေထိုင်ခဲ့သူတွေကို ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းမှာ အပြီးသတ် နေရာချထားပေးနိုင်ရေး ရည်ရွယ်ပြီး လုပ်ငန်းတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အခု တည်ဆောက်ပြီးစီးသွားတဲ့ ၁၂ ထပ်ခွဲ အမြင့် အဆောက်အအုံနဲ့ ကပ်ရက်မှာ အမြင့် ခြောက်ထပ်ရှိတဲ့ ကားပါကင်တစ်ခု၊ ဓာတ်လှေကားလေးစင်းလည်း တည်ဆောက်ပါဝင်ပါတယ်။ အဲဒီ ခြောက်ထပ်ကားပါကင်ဟာ ကားအစီးရေ ၃၇၈ စီး ရပ်နားနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

**အစိုးရအိမ်ရာစီမံကိန်းတစ်ခု**

ဆက်လက်ပြီးတော့ ဈေးဆိုင်ခန်းတွေ၊ ရုံးခန်းတွေ၊ ကားပါကင်ပါ အဆောက်အအုံတွေ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ပြည်တော်သစ်အိမ်ရာစီမံကိန်းတစ်ခုလုံး ပြီးစီးသွားရင်တော့ ခေတ်သစ်ဒီဇိုင်းနဲ့ ပေါ်ထွက်လာမယ့် အစိုးရအိမ်ရာစီမံကိန်းတစ်ခုအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

တကယ်တော့ အခုလို အစိုးရရဲ့ အိမ်ရာစီမံကိန်းတွေကို အသစ်ပြန်လည်တည်ဆောက်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ထားတဲ့ Yangon Metropolition Development ကုမ္ပဏီရဲ့ ပထမဆုံးစီမံကိန်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရက အကောင်အထည်ဖော်မယ်လို့ လွှတ်တော်ကို တင်ပြထားတဲ့ အစိုးရအိမ်ရာတွေကတော့ ဒဂုံဆိပ်ကမ်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်မှာရှိတဲ့ ယခု တည်ဆောက်နေတဲ့ ပြည်တော်သစ်အိမ်ရာ၊ အင်းစိန်မြို့နယ်မှာရှိတဲ့ ကြို့ကုန်းအိမ်ရာ၊ ရန်ကင်းမြို့နယ်မှာရှိတဲ့ ရန်ကင်းအိမ်ရာနဲ့ စမ်းချောင်းမြို့နယ်မှာရှိတဲ့ ဝေဠုဝန်အိမ်ရာတို့ ဖြစ်ပါတယ်။

**အဆင့်မြှင့်တင် တည်ဆောက်**

အဲဒီအိမ်ရာတွေဟာ သက်တမ်းရင့်လာတာမို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပြန်လည်ပြီး အဆင့်မြှင့်တင် တည်ဆောက်ဖို့ ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ အဲဒီအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့အတွက် Yangon Metropolition Development ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၅၁ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက အိမ်ရာစီမံကိန်းခြောက်ခုကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

တကယ်တော့ ဒီပြည်တော်သစ်အိမ်ရာစီမံကိန်းဟာ ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာ (၂၀၄၀) မှာ ပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှု ငွေကျပ်ဘီလီယံများစွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ ဒီပြည်တော်သစ်အိမ်ရာစီမံကိန်းအားလုံးကို လာမယ့် ၂၀၂၂ ခုနှစ်မှာ ပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။ အခုစီမံကိန်းရဲ့ အပိုင်း (၁) ဖြစ်တဲ့ ၁၂ ထပ်ခွဲအမြင့်ရှိတဲ့ အိမ်ရာတိုက်ခန်းတွေ ပါရှိတဲ့ အဆောက်အအုံက ပြီးစီးနေတာ ဖြစ်ပါတယ်။



ရန်ကုန်မြို့ရဲ့ ပြည်တော်သစ် အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

**ပြန်လည်နေရာချထားပေးတော့မှာဖြစ်**

စီမံကိန်း အပိုင်း (၁) မှာပါရှိတဲ့ ယခင်တိုက်အမှတ် (၁) ကို ၂၀၁၈ ခုနှစ် ဇွန်လမှာ စတင်ဖျက်သိမ်းခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှာ တင်ဒါခေါ်ယူခဲ့ရာမှာ MKT ကုမ္ပဏီက တင်ဒါအောင်ကာ ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီဇွန်လအတွင်းမှာ မူလနေထိုင်ခဲ့တဲ့ အိမ်ထောင်စု တိုက်ခန်းတွေကို ပြန်လည်နေရာချထားပေးတော့မှာ ဖြစ်ပါတယ်။

အခုဆိုရင် ပြည်တော်သစ်အိမ်ရာစီမံကိန်းရဲ့ အပိုင်း (၁) ပြီးစီးသွားပြီဖြစ်လို့ တည်ဆောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ရင် စီမံကိန်းတစ်ခုလုံး သတ်မှတ်ကာလမှာ ပြီးစီးတဲ့အခါ ရန်ကုန်မြို့မှာရှိတဲ့ သက်တမ်းရင့်အိမ်ရာတွေထဲမှာ ပထမဆုံးထွက်ပေါ်လာမယ့် အိမ်ရာစီမံကိန်းဖြစ်လာမှာ ဖြစ်ပါတယ်။

ဒီလို ထွက်ပေါ်လာခဲ့ရင် ရန်ကုန်မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှု အထပ်မြင့်အဆောက်အအုံတွေ၊ အဆောက်အဦတွေများစွာထဲ ခေတ်မီလှပတဲ့ဒီဇိုင်းနဲ့အတူ ရန်ကုန်မြို့အလှကို ပိုမိုတောက်ပအောင် ဖြည့်ဆည်းပေးနေဦးမှာ ဖြစ်ပါတယ်။ ။

---

*ရန်ကုန်မြို့မှာ ထွက်ပေါ်လာမယ့် . . . မှ*

သယ်ယူဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။

သာကေတ သဘာဝဓာတ်ငွေ့ရည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမယ့် စီမံကိန်းဟာ အခုဆိုရင် ပိုက်လိုင်းတွေ အကုန်ပြီးသွားပြီ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ သာကေတစက်ရုံမှာ သဘာဝဓာတ်ငွေ့ရည်မှ သဘာဝဓာတ်ငွေ့သို့ ပြောင်းပေးမယ့်စက်တွေဟာလည်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် မကြာမီမှာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ် ဓာတ်အားတွေ ပို့လွှတ်ပေးနိုင်တော့မှာ ဖြစ်ပါ တယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါမှာလည်း သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မယ့် စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းကို ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံပြီး ဓာတ်အားထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို သီလဝါမှာရှိတဲ့ အကွက်အမှတ် (၂၇)၊ (၂၈)၊ (၂၉) တို့မှာရှိတဲ့ မြေဧရိယာတွေပေါ်မှာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ရန်ကုန်မြို့ အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းမှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကိုလည်း အကောင်အထည်ဖော်နေပါတယ်။ အလုံသဘာဝဓာတ်အားပေးစက်ရုံကနေပြီး လျှပ်စစ်ဓာတ်အား ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ်ကို ထုတ်လုပ်ဖို့အတွက် သဘာဝဓာတ်ငွေ့ရည်ကို Floating Storage Regasitcation United နဲ့ ရန်ကုန်မြစ်ဝ သန်လျင်မှ ဆိုက်ကပ်ပြီး ပိုက်လိုင်းနဲ့ သွယ်တန်းရယူဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။

အခု သာကေတ သဘာဝဓာတ်ငွေ့ရည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရေး စက်ရုံစီမံကိန်းအတွက်ကတော့ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ ရက်မှာတော့ သဘာဝဓာတ်ငွေ့ရည်မှ သဘာဝဓာတ်ငွေ့ပြောင်းပေးနိုင်တဲ့ စက်တွေလည်း ရာနှုန်းပြည့် ပြီးသွားပြီဖြစ်ပါတယ်။ ဒ့ါအပြင် သဘာဝဓာတ်ငွေ့ရည်တွေကို သာကေတစက်ရုံအထိ သယ်ယူဖို့ ပိုက်လိုင်းတွေလည်း ပြီးစီးသွားပြီဖြစ်ပါတယ်။ မကြာခင်မှာ ရာနှုန်းပြည့် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်လို့ ရန်ကုန်အတွက်ရော မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက်ပါ လိုအပ်နေတဲ့ ဓာတ်အားသုံးစွဲမှုကို အထောက်အကူပြုဖြည့်ဆည်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။

သာကေတ သဘာဝဓာတ်ငွေ့ရည်မှ ဓာတ်အားထုတ်လုပ်မှုစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ပထမဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံအဖြစ် ထွက်ပေါ်လာတာဖြစ်ပြီး ရန်ကုန်မြို့သာမက မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍသစ်တစ်ခုကို စတင်ဖွင့်လှစ်လိုက်တဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြည့်ဆည်းမှုဟာ နိုင်ငံတော်အတွက်ရော ပြည်သူတွေအတွက်ပါ စီးပွားရေး၊ လူမှုရေး၊ နေ့စဉ်လူမှုဘဝ နေထိုင်မှုအဆင့်အတန်းတွေကိုလည်း မြှင့်တင်ပေးနိုင်တာမို့ ကြိုဆိုရမှာ ဖြစ်ပါတယ်။ ။

*ရန်ကုန်မြို့နှင့် သွားလာမှု ကန့်သတ်စောင့်ကြည့်စင်တာ. . . မှ*

သူ့ကို အိပ်ဆေးတွေ၊ ဘာတွေတိုက်ပြီး ပြန်အိပ်အောင်လုပ်၊ လုပ်ပြီးတော့မှ သူသွားခဲ့တဲ့ လမ်း၊ တစ်ဆောင်လုံးကို ညတွင်းချင်းအပြီး ဆေးဖျန်းရတယ်။ ဆေးဖျန်းပေမယ့်လည်း စိတ်ပူရတာပေါ့။ ဒီလူကို ဆေးစစ်ပြီးသွားလို့ Negative ဖြစ်ပြီ ဆိုတော့မှ စိတ်ချမ်းသာရတယ်။ အဲဒီလို စိုးရိမ်စရာမျိုးတွေ ရှိပါတယ်။ အခု မှတ်တမ်းအရဆိုရင် လေးယောက်ရှိသွားပြီ။ စိတ်မနှံ့လို့ စိတ်ရောဂါအထူးကုဆေးရုံကို ပို့ပြီး ကုသထားရတာပေါ့လေ”။

“ကိုဗစ်-၁၉ တိုက်ဖျက်တဲ့အခါမှာ ပြည်သူတွေ တလေးတစား ညီညီညွတ်ညွတ်နဲ့ တိုက်ဖျက်ရင် ကျွန်တော်တို့ အောင်မြင်မယ်။ ကမ္ဘာမှာလည်း ပူးပေါင်းဆောင်ရွက်လို့ မျက်နှာရနေပြီ။ အခုချိန်ခါမှာ လူတွေက ပေါ့ဆလာတယ်။ အဲဒီတော့ ကျွန်တော်တို့ ကိုယ်တိုင်ပဲ ပါးစပ်နှာခေါင်းစည်း တပ်ဖို့ သတိပေးမှုတွေ လုပ်တဲ့အခါမှာ ရန်တွေ့ခံရတယ်။ မင်းက ဘာကောင်မို့လို့လဲဆိုပြီး ရန်မူတဲ့သူတွေ ရှိလာပါတယ်။ တစ်ယောက်စ နှစ်ယောက်စပေမယ့် ဒီလိုလူတွေ အသိမရှိတဲ့ဟာကို ရှက်သွားအောင် ပြည်သူလူထုအနေနဲ့လည်း ပူးပေါင်းပြီး လုပ်စေချင်ပါတယ်။ လူတွေက ပါးစပ်နှာခေါင်းစည်းကို အတော်များများက မတပ်ကြတော့ဘူး။ ရောဂါပိုးဟာ ဒီမှာ ရှိနေပါသေးတယ်။ အလျှဉ်းမသင့်ရင် အချိန်မရွေးကူးစက်နိုင်ပါတယ်။ ထိန်းချုပ်ထားနိုင်တဲ့နေရာမျိုးမှာ ကူးစက်တာက ပြဿနာမရှိပေမယ့် ဈေးလိုဟာမျိုး၊ လူအများ သွားလာနေတဲ့ နေရာမျိုးမှာ ကူးစက်သွားရင် အဲဒီ တစ်ယောက်ဖြစ်ပြီဆိုရင် ကုသရတာခက်ပါတယ်။ မလိုအပ်ဘဲ၊ အကြောင်းကိစ္စမရှိဘဲ အပြင်မထွက်ကြပါနဲ့၊ ဝိုင်းဝန်းထိန်းသိမ်းကြပါ၊ အိမ်ကနေ အပြင်ထွက်ပြီဆိုရင် ပါးစပ်နှာခေါင်းစည်း တပ်ဖို့ မမေ့ကြပါနဲ့။ အိမ်ကနေ ဖိနပ်မပါဘဲ အပြင်မထွက်ကြသလို နှာခေါင်းစည်းမပါဘဲ အပြင်မထွက်တတ်အောင် လေ့ကျင့်ထားပါလို့ ပြောချင်ပါတယ်”။ ။

# ရန်ကုန်မြို့နှင့် သွားလာမှုကန့်သတ်စောင့်ကြည့်သည့် စင်တာများ



ကမာရွတ်မြို့နယ် ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းအောင်အား မေးမြန်းစဉ်။

## ရှင်နော်၊ ခတ်ပုံ - လင်းညွန့်

၂၀၂၀ ပြည့်နှစ်၏ မတ်လအတွင်းမှစ၍ ကိုဗစ်ဟူသော အရိပ်မည်းကြီးက ရန်ကုန်မြို့ကို စိုးမိုးထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် ရန်ကုန်မဟာသင်္ကြန်သည် တိတ်ဆိတ်ခြောက်သွေ့ခဲ့ပြီဖြစ်သည်။ ရန်ကုန်မြို့ လမ်းမများသည် လူသွားလူလာ ကင်းမဲ့ဖူးခဲ့ပြီဖြစ်သည်။ ခြောက်ကပ်သော နေ့ရက်များကို ရင်ဝယ်ပိုက်ရင်း မြို့တော်ရန်ကုန်သည် ကိုဗစ်ပထမလှိုင်းကို ဖြတ်သန်းဖူးခဲ့ပြီဖြစ်သည်။

နိုင်ငံတကာသတင်းများ၊ ပြည်တွင်းထုတ် နေ့စဉ်သတင်းများအရ ကိုဗစ်ဒုတိယလှိုင်းက ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့သို့ ထပ်မံဖြတ်သန်းရန် တာစူနေချိန်ဖြစ်သည်။ လူဦးရေ သန်းနှင့်ချီနေထိုင်သော ရန်ကုန်မြို့တော်သည် ကိုဗစ်၏ ဒုတိယလှိုင်းဒဏ်ကို မည်မျှအထိ ကြံ့ကြံ့ခံနိုင်မည်နည်းဟူသည်မှာ မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ရန်ကုန်မြို့တွင်း သွားလာမှုတွင် ပါးစပ် နှာခေါင်းစည်းတပ်ဆင်မှုကို လူတိုင်းနီးပါး တွေ့မြင်ရသော်လည်း မြို့လယ်နှင့် ဝေးကွာလာလေလေ ပါးစပ် နှာခေါင်းစည်းတပ်ဆင်မှုက လျော့နည်းလာလေလေဖြစ်သည်။ ဒါက ကိုဗစ်နှင့် ပတ်သက်၍ နေ့စဉ်လို မြင်တွေ့နေရမှုဖြစ်သည်။

ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာထက်တွင် ရန်ကုန်သူ ရန်ကုန်သားများ နေ့စဉ်မြင်တွေ့နေရလေ့မရှိသည့် သွားလာမှုကန့်သတ်စောင့်ကြည့်စင်တာ (Quarantine Center) အကြောင်း တင်ပြလိုပါသည်။ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သွားလာမှုကန့်သတ်စောင့်ကြည့်စင်တာများအနက် စာရေးသူနှင့် အနီးဆုံးနေရာတွင် ရှိနေသည့် ကမာရွတ်မြို့နယ် သွားလာမှုကန့်သတ်စောင့်ကြည့်စင်တာသို့ သွားရောက်တွေ့ဆုံမေးမြန်းကာ စာဖတ်ရှုသူများ ဗဟုသုတမျှဝေနိုင်ရန်အတွက် ပြန်လည်ဝေမျှလိုက်ခြင်း ဖြစ်ပါသည်။

### လေးကြိမ်မြောက် လက်ခံ

ကမာရွတ်မြို့နယ်အတွင်း၌ အမရာဆောင်၊ သံဗျင်ဆောင်၊ အဓိပတိဆောင်တို့တွင် သွားလာမှု ကန့်သတ်စောင့်ကြည့်စင်တာများ ဖွင့်လှစ်ထားပြီး အမရာဆောင်တွင် နေရပ်ပြန် ၁၅၃ ဦး၊ သံဗျင်ဆောင်တွင် ၁၃၀ နှင့် အဓိပတိဆောင်တွင် ၉၂ ဦး လက်ရှိကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့်ခံသူများကို ဧပြီလတွင် စတင်ထားရှိခဲ့ပြီး ယခုအခါ လေးကြိမ်မြောက် လက်ခံစောင့်ကြည့်နေခြင်း ဖြစ်သည်။ သွားလာမှုကန့်သတ်စောင့်ကြည့်စင်တာတစ်ခုတွင် တွေ့ဆုံကြုံတွေ့ရသော အတွေ့အကြုံများနှင့် ပတ်သက်၍ ကမာရွတ်မြို့နယ် ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းအောင်က "နေရပ်ပြန်တွေကို သူ့အလွှာနဲ့သူ ထားရပါတယ်။ ကိုရီးယားပြန်ဆို ကိုရီးယားပြန် သပ်သပ်ထားရတယ်။ တခြားသူနဲ့ သွားရောထားလို့ မရပါဘူး။ ပထမအကြိမ် ပိုးစစ်ပြီးသွားလို့ Negative ထွက်ပြီးသားကို နောက်ရောက်လာတဲ့ အသစ်နဲ့ သွားရောထားလို့ မရပါဘူး။ ဒါဟာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရဲ့ စီမံချက်အတိုင်း ကျွန်တော်တို့လုပ်တာပါ"

### လိုအပ်တာတွေ လာမေးကြ

"စားဝတ်နေရေးအတွက်ကတော့ စင်တာတွေစဖွင့်ကတည်းက ကိုယ့်စရိတ်နဲ့ကိုယ် ကန့်သတ်စောင့်ကြည့်မှု ခံရမယ်လို့ နိုင်ငံတော်က ကြေညာထားတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံသားပီသစွာနဲ့ အခက်အခဲတွေရှိမယ်ဆိုတာ သိတဲ့အခါကျတော့ အလှူရှင်တွေ၊ စေတနာ့ဝန်ထမ်းတွေ၊ စေတနာရှင်တွေကနေ ဆက်သွယ်ချိတ်ဆက်ပြီးတော့ လိုအပ်တာတွေ လာမေးကြတယ်။ အဓိကဖြစ်တဲ့ မနက်စာ၊ နေ့လယ်စာ၊ ညစာတွေကို လိုက်လံချိတ်ဆက်ပြီး အလှူခံတယ်။ အလှူရှင်တွေကလည်း ဆက်သွယ်ပြီး ချိတ်ဆက်လှူဒါန်းမှုတွေ လုပ်ပါတယ်"

### သတိပေးဆောင်ရွက်နေ

"ကျန်းမာရေးအပိုင်း အနေနဲ့ကတော့ စေတနာ့ဝန်ထမ်းတွေမှာ အပြင်က လုပ်ပေးတဲ့သူတွေ ရှိတယ်။ အတွင်းပိုင်းမှာ တာဝန်ယူနေတဲ့သူတွေ ရှိပါတယ်။ အပြင်က အစားအသောက်တွေ၊ ပစ္စည်းပို့တာတွေ စိစစ်ရတာရှိသလို၊ အထဲထဲက လိုအပ်ချက်တွေကို ပံ့ပိုးပေးဖို့အတွက်လည်း အပြင်ပရဟိတအဖွဲ့တွေက လုပ်ပေးရတယ်။ အတွင်းပိုင်း တာဝန်ကျသူတွေကတော့ ကန့်သတ်စောင့်ကြည့်မှု ခံယူနေသူတွေ အဆင်ပြေဖို့ စီမံဆောင်ရွက်ပေးရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ညွှန်ကြားထားတဲ့အတိုင်း စီမံဆောင်ရွက်တယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင်လုပ်ဖို့၊ စိစစ်ဖို့ အမြဲတမ်းကြပ်မတ်ပြီး သတိပေးဆောင်ရွက်နေပါတယ်"

"ပရဟိတအဖွဲ့တွေအနေနဲ့ ပျမ်းမျှအားဖြင့် တစ်ဆောင်ကို ၁၀ ယောက်ကနေ ၁၅ ယောက်ဝန်းကျင်လောက်အထိ ရှိပါတယ်။ အပြင်လုပ်အားပေးတွေကတော့ ငါးယောက်၊ ခြောက်ယောက်လောက်ရှိပေမယ့် တစ်ခါတလေကျရင်တော့ နှစ်ယောက်ကတော့ အနည်းဆုံး အဆင်သင့်ရှိတယ်။ ဒီနေရာ အရေးပေါ် ပေါ်တယ်ဆို ဒီနေရာ လာစုလိုက်ကြ၊ ဟိုနေရာမှာပေါ်တယ်ဆို ဟိုနေရာပြေးလိုက်ကြပေါ့။ အဓိက "Q" ဝင်မယ်ဆိုရင် အင်အားသုံးပြီး လာစိစစ်ရတယ်။ ဝိုင်းဝန်းပံ့ပိုးရတယ်။ "Q" ထွက်မယ်ဆိုရင် ပံ့ပိုးရတဲ့အပိုင်းတွေ ရှိပါတယ်"

### လာရောက်ကြီးကြပ်ပေးနေ

"အရင်ကဆိုရင် အရေးပေါ်အခြေအနေတွေအရ ပိုးတွေ့သူတွေ၊ သူနဲ့ထိတွေ့တဲ့ မိသားစုဝင်တွေ၊ ထိတွေ့တဲ့သူတွေ အကုန်လုံးကို လိုက်ကောက်ပြီး "Q" သွင်းရတယ်။ လိုအပ်တဲ့ကားတွေလိုဟာမျိုး၊ အခြားပရဟိတအဖွဲ့တွေနဲ့လည်း ဆက်သွယ်ပြီး အကူအညီတောင်းရတာမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ လက်ရှိတော့ ကားအားလုံးပေါင်း ငါးစီးရှိပါတယ်။ "Q" ဝင်ဖို့၊ "Q" ပြန်ပို့ဖို့၊ ပိုးသတ်ဆေးဖျန်းဖို့ဆိုပြီး လုပ်ထားရတာ ရှိပါတယ်။ အဆောင်တွေဆိုလည်း ကျန်းမာရေးက ချပေးတဲ့ MO တင်မကဘဲ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် တက္ကသိုလ်များဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလင်းကိုယ်တိုင် ဦးဆောင်ပြီး နေ့တိုင်း စက်နဲ့ပဲဖြစ်ဖြစ်၊ လူကိုယ်တိုင်ပဲဖြစ်ဖြစ် လာရောက်ကြီးကြပ်ပေးနေပါတယ်"

"ပရဟိတအဖွဲ့တွေ ပူးပေါင်းတဲ့အနေအထားတော့ အရေးကြီးတဲ့နေရာမှာ လာပြီးပူးပေါင်းဖို့တော့ စိတ်အားထက်သန်ကြတယ်။ တိုင်းဒေသကြီးကချပေးတဲ့ စေတနာ့ဝန်ထမ်းတွေ ရှိတယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းက လာပြီးကူညီပေးနေတဲ့ ပရဟိတအဖွဲ့တွေ အများကြီးရှိပါတယ်။ ကမာရွတ်မြို့နယ်အတွင်းမှာရှိတဲ့ ပရဟိတအဖွဲ့တွေ အကုန်ပါပဲ။ အဖွဲ့ပေါင်း ခုနစ်ဖွဲ့၊ ရှစ်ဖွဲ့လောက် စုပေါင်းပြီး လုပ်နေကြတာပါ။ ဒ့ါအပြင် ရန်ကုန်မှာရှိတဲ့ ပရဟိတအသင်းကြီးတွေကနေ လိုအပ်တာတွေ ဝိုင်းဝန်းကူညီနေကြတာပါ။ ဒီစီမံချက်နေရာမှာ ပိုက်ဆံမကုန်ဘဲနဲ့ အလုပ်ဖြစ်သွားအောင် ဝိုင်းဝန်းကူညီကြတယ်။ လိုအပ်တာအကုန်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနေကြတော့ မဖြစ်ဘူးဆိုတာတော့ မရှိပါဘူး"

### စနစ်တကျနဲ့ စီမံကွပ်ကဲရ

"ကျွန်တော်တို့ ကြီးကြပ်ရတာ အလှူရှင်လှူထားတဲ့ပစ္စည်းတွေ၊ အစားအသောက်တွေကို အပိုအလျှံ အမှိုက်ပုံးတွေထဲ မရောက်အောင် စီမံကြီးကြပ်ရတယ်။ အဓိက အဲဒါလည်း အရေးကြီးပါတယ်။ လှူကြပါဆို လိုတာကိုလှူရင် အဆင်ပြေပါတယ်။ ပိုတဲ့အခါကျတော့ အမှိုက်ပုံးထဲရောက်သွားရင် အဆင်မပြေပါဘူး။ အဲဒါကိုလည်း အပိုအလိုမရှိအောင် စနစ်တကျနဲ့ စီမံကွပ်ကဲရပါတယ်"

"ကျွန်တော်တို့အနေနဲ့ ဘာအခက်အခဲပဲလာလာ ကြိုးစားပြီး ဖြေရှင်းပါတယ်။ အဓိကကတော့ စိတ်မနှံ့တဲ့သူတွေ "Q" ဝင်တဲ့အခါမှာ စိတ်ညစ်ရတာပေါ့။ ဒါမျိုးတွေ အများကြီးပါပါတယ်။ "Q" ဝင်နေတယ်၊ စိတ်မနှံ့တဲ့သူဆိုရင် "Q" ဝင်နေပြီးတော့ ဆေးလည်း မစစ်ရသေးဘူး၊ သူက ညဘက်မှာ ခိုးပြီး စေတနာ့ဝန်ထမ်းတွေ သွားပို့တဲ့အပေါက်ကနေ ဆင်းတယ်။ ဆင်းပြီးတော့ အောက်မှာရှိတဲ့ဟာတွေကို လူတွေနားနေတဲ့အချိန်၊ ညအချိန်မတော်လောက် ၁ နာရီ၊ ၂ နာရီလောက်မှာ ပစ္စည်းတွေရှာတာတွေ၊ ဘာတွေလုပ်ပေါ့၊ မေးတဲ့အခါကျ စိတ်မနှံ့မှုန်း ရိပ်မိတယ်။

အချပ်ပို (ဂ) သို့



ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ သွားလာမှုကန့်သတ်စောင့်ကြည့်သည့်စင်တာအဖြစ် ထားရှိသော အဓိပတိဆောင်။

**"ကိုဗစ်-၁၉ တိုက်ဖျက်တဲ့အခါမှာ ပြည်သူတွေ တလေးတစား ညီညီညွတ်ညွတ်နဲ့ တိုက်ဖျက်ရင် ကျွန်တော်တို့ အောင်မြင်မယ်။ ကမ္ဘာမှာလည်း ပူးပေါင်းဆောင်ရွက်လို့ မျက်နှာရနေပြီ။ အခုချိန်ခါမှာ လူတွေက ပေါ့ဆလာတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်တိုင်ပဲ ပါးစပ် နှာခေါင်းစည်း တပ်ဖို့ သတိပေးမှုတွေ လုပ်တဲ့အခါမှာ ရန်တွေ့ခံရ"**